

# လူမှုစီးပွားကျဆင်းမှုကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ရပ်ရွာလူထုအား ကူညီခြင်း

## မြို့ပြပြည်သူများ၏ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ပေးခြင်း

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ

ဤအစီရင်ခံစာ ရေးသားမှုနှင့် စစ်တမ်းကောက်ယူမှုတို့ကို မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုဆိုင်ရာအချက်အလက်များ စောင့်ကြည့်လေ့လာမှုဌာန (Myanmar Development Observatory) အောက်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စောင့်ကြည့်လေ့လာမှုဌာနသည် လက်ရှိပြောင်းလဲဖြစ်ပေါ်နေသည့်အခြေအနေတွင် မြန်မာနိုင်ငံ၏ လူမှုစီးပွားဆိုင်ရာ လားရာနှင့်စပ်လျဉ်း၍ နောက်ဆုံးရအချက်အလက်များ၊ စိစစ်လေ့လာသိရှိမှုများအား နိုင်ငံတကာ အသိုင်းအဝန်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်းတို့ထံ မျှဝေပေးလျက် ရှိပါသည်။ အချက်အလက်များအတွက် အဓိကထား ဆောင်ရွက်နေသည့် စောင့်ကြည့်လေ့လာမှုဌာနသည် အောက်ပါမဏ္ဍိုင်သုံးခုပေါ်တွင် အခြေခံ၍ အချက်အလက်များအား စုဆောင်းလေ့လာဆန်းစစ်ပါသည် –

(၁) **စီးပွားရေးဆိုင်ရာ** – ဆင်းရဲနွမ်းပါးမှုအပါအဝင် စစ်အာဏာသိမ်းမှုနှင့် ကမ္ဘာ့ကပ်ရောဂါတို့၏ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုကို စောင့်ကြည့်လေ့လာခြင်း၊
(၂) **စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs)** – အဓိကကျသည့် ဖွံ့ဖြိုးမှုညွှန်ကိန်းများတွင် ဆုတ်ယုတ်လာမှုများကို ဆန်းစစ်အကဲဖြတ်ခြင်း (အထူးသဖြင့် ထိခိုက်လွယ်သော၊ ဖယ်ကြဉ်ခံရသော လူအုပ်စုများ)၊
(၃) **ပဋိပက္ခ** – ပဋိပက္ခ၊ ဆင်းရဲနွမ်းပါးမှု၊ အသက်မွေးမှုလုပ်ငန်းများနှင့် SDG ပန်းတိုင်များကြား အပြန်အလှန်ချိတ်ဆက်နေမှုကို အဓိကထား၍ ဖြစ်ပေါ်ပြောင်းလဲနေမှုများအား စောင့်ကြည့်လေ့လာခြင်း

# မာတိကာ


အတိုကောက်ဝေါဟာရစကားလုံးများ ........ ၄
အစီရင်ခံစာအနှစ်ချုပ် ........ ၅
၁ နိဒါန်း ........ ၁၀
၁.၁။ ပုံကျရပ်ကွက်များတွင် အခြေချ နေထိုင်မှုများနှင့် စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ထားသော အခြေအနေများတွင် မြို့ပြပြည်သူများအား ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်ပေးရေး စီမံကိန်း ........ ၁၃
၁.၂။ ကနဦးစစ်တမ်းအတွက် အသုံးပြုခဲ့သည့် နည်းစနစ်များ ........ ၁၇
၂ ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု ........ ၁၈
၂.၁။ ဝင်ငွေများ ကျဆင်းခြင်း ........ ၁၈
၂.၂။ ဝင်ငွေလျော့နည်းလာမှုအား ရင်ဆိုင်ဖြေရှင်းခြင်း – အာဟာရပြည့်ဝသော အစားအစာများ လုံလောက်စွာ စားသုံးနိုင်ရန် ရုန်းကန်ကြိုးစားရခြင်း ........ ၂၀
၂.၃။ ဝင်ငွေလျော့နည်းလာမှုအား ရင်ဆိုင်ဖြေရှင်းခြင်း – အကြွေးတင်ခြင်းနှင့် ပိုင်ဆိုင်ပစ္စည်းများရောင်းချရခြင်း ........ ၂၁
၂.၄။ ဝင်ငွေနှင့်ထွက်ငွေ မမျှမှုအား ကာမိစေရန် အလွတ်သဘော ငွေချေးခြင်းများသည် ခေါင်းပုံဖြတ်ခံရနိုင်သည့် အန္တရာယ်ရှိသည် ........ ၂၃
၃ အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ........ ၂၅
၃.၁။ အလုပ်အကိုင်များ – အလွန်အရေးပါသော လိုအပ်ချက် ........ ၂၅
၃.၂။ ဆင်းရဲခြင်းမှ လွတ်မြောက်ရန် နည်းလမ်းတစ်ခု – အိမ်ထောင်စုပိုင် စီးပွားရေးလုပ်ငန်းများ ........ ၂၇
၃.၃။ မိသားစုအား ပြုစုစောင့်ရှောက်ရသည့်တာဝန် – အလုပ်မလုပ်နိုင်အောင် ဟန့်တားထားသော အဆီးအတားတစ်ခု ........ ၂၉
၄ မြို့နယ်များရှိ ကျားမအခြေပြု အကြမ်းဖက်မှု ........ ၃၁
၅ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု ........ ၃၄
၅.၁။ ကျန်းမာရေး – အခြေခံဝန်ဆောင်မှုများ အားကောင်းအောင် လုပ်ဆောင်ခြင်း ........ ၃၄
၅.၂။ ပညာရေး – အခြေခံဝန်ဆောင်မှုများ အားကောင်းအောင် ဆောင်ရွက်ပေးခြင်း ........ ၃၈
၅.၃။ သောက်သုံးရေ ........ ၄၀
၅.၄။ မီးအလင်းရောင်နှင့် ချက်ပြုတ်ရန်အတွက် အသုံးပြုသော စွမ်းအင် ........ ၄၂
၅.၅။ အင်တာနက် အသုံးပြုနိုင်မှု ........ ၄၂
၆ နိဂုံးချုပ် သုံးသပ်မှု ........ ၄၄
နောက်ဆက်တွဲ (၁) – နမူနာအုပ်စု ဒီဇိုင်း ........ ၄၇
နောက်ဆက်တွဲ (၂) – အစီရင်ခံစာတွင် ကိုးကားဖော်ပြထားသည့် အခြားစစ်တမ်းများ ........ ၄၈
နောက်ဆက်တွဲ (၃) – VCI အညွှန်းကိန်း တည်ဆောက်မှုနည်းစနစ် ........ ၄၈
နောက်ဆက်တွဲ (၄) – Logit model တစ်ခုမှ အလေးသာမှုအချိုးများ (Odds ratios) ........ ၄၉
နောက်ဆက်တွဲ (၅) – စစ်တမ်းမေးခွန်းလွှာ ........ ၅၀
ရည်ညွှန်းကိုးကားချက်များ ........ ၅၇
မှတ်စုများ ........ ၅၈

# အတိုကောက်ဝေါဟာရစကားလုံးများ

| | |
|---|---|
| CATI | ကွန်ပြူတာအကူအညီဖြင့် ဖုန်းမှတစ်ဆင့် ဆက်သွယ်မေးမြန်းစစ်တမ်းကောက်ခြင်း |
| COVID–19 | ကိုရိုနာဗိုင်းရပ်စ်ရောဂါ၊ ၂၀၁၉ |
| CSO | ဗဟိုစာရင်းအင်းအဖွဲ့ |
| GBV | ကျားမအခြေပြုအကြမ်းဖက်မှု |
| HFHS | ကြိမ်နှုန်းမြင့် အိမ်ထောင်စုစစ်တမ်းများ၊ ကမ္ဘာ့ဘဏ်၊ |
| HVS 2020 | ထိခိုက်လွယ်အိမ်ထောင်စုများအား လေ့လာမှုစစ်တမ်း၊ ၂၀၂၀ |
| ILO | အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ |
| MLCS 2017 | မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း၊ ၂၀၁၇ |
| PPSoGS | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ပြည်သူလူထု၏ သဘောထားအမြင်စစ်တမ်း၊ ၂၀၁၉ |
| SDG | စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် |
| UN | ကုလသမဂ္ဂအဖွဲ့ |
| UNDP | ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် |
| URP | မြို့ပြပြည်သူများ၏ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ပေးရေးစီမံကိန်း |
| WFP | ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် |



# အစီရင်ခံစာအနှစ်ချုပ်

၂၀၂၀ ပြည့်နှစ်အစောပိုင်းကာလ ကိုဗစ်–၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားပြီးနောက်တွင် ပြည်သူများအတွက် လော့ဒေါင်းများ၊ ရောဂါလျင်မြန်စွာ ကူးစက်ပြန့်ပွားနေမှုများကြား နေ့စဉ်ရှင်သန်နေထိုင်နိုင်ရေး မရှိမဖြစ် လက်ငင်းလိုအပ်သည့် အကူအညီများအား UN အပါအဝင် ဖွံ့ဖြိုးမှုအဖွဲ့အစည်းများက ပံ့ပိုးပေးခဲ့ကြသည်။ ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားနေဆဲကာလ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် လူများ၏ ဘဝနေထိုင်မှုများကို ယာယီပျက်ယွင်းရပ်ဆိုင်းသွားစေသည့် လက္ခဏာဆောင်သော စစ်အာဏာသိမ်းမှု ထပ်မံဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ ဆောလျင်စွာ တုံ့ပြန်ဆောင်ရွက်မှုမူဘောင်အောက်တွင် ပံ့ပိုးကူညီပေးနေသည့် လူများ၏အခြေအနေသည် စစ်အာဏာသိမ်းပြီးသည့်နောက် ပိုမိုဆိုးရွားလာခဲ့ပြန်ပါသည်။ ထိုအခြေအနေတွင် အလုပ်အကိုင်များနှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ပြန်လည်ရရှိလာအောင် ပံ့ပိုးပေးရန်၊ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများအား လက်လှမ်းမီမှု တိုးတက်လာအောင် လုပ်ဆောင်ပေးရန်၊ စွန့်ဦးတီထွင်စီးပွားရှာနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးရန် (အထူးသဖြင့် အမျိုးသမီးများအတွက်) လိုအပ်လာပါသည်။ UNDP၊ UN Women နှင့် UNHABITAT တို့ ပူးပေါင်း အကောင်အထည်ဖော်သည့် မြို့ပြပြည်သူများ၏ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ပေးရေးစီမံကိန်း (the Urban Resilience Project – URP) ၏ အဓိက ဦးတည်ချက်သည် အဆိုးရွားဆုံး ထိခိုက်ခံစားကြရသည့် မြို့ပြဒေသ မြို့နယ်များတွင် ကြံ့ကြံ့ခံနိုင်စွမ်း မြင့်မားလာအောင် တည်ဆောက်ပေးရန် ဖြစ်ပါသည်။


ရန်ကုန်မြို့သည် လျှင်မြန်စွာ ဖြစ်ပေါ်လျက်ရှိသည့် မြို့ပြတိုးချဲ့မှုနှင့် ဒွန်တွဲပါလာသော စိန်ခေါ်မှုများကို အစဉ်အမြဲ ရင်ဆိုင်လာခဲ့ရပါသည်။ ကိုဗစ်–၁၉ နှင့် စစ်အာဏာသိမ်းမှု အကျပ်အတည်းနှစ်ခု တစ်ပြိုင်တည်း ရင်ဆိုင်ရသောအခါ ရန်ကုန်မြို့နေလူထုသည် ယခင်က တစ်ခါမျှ မကြုံဖူးသည့် ဖိအားအသစ်များကို ထပ်မံကြုံတွေ့ခံစားကြရပါသည်။ ရန်ကုန်မြို့သည် ဆင်းရဲနွမ်းပါးသူဦးရေ အများဆုံးနေထိုင်လျက်ရှိသည့် မြို့တစ်မြို့ဖြစ်ပြီး လူများအား ဆင်းရဲတွင်းမှ လွတ်မြောက်အောင် ဆွဲတင်ပေးရန်အတွက် အရင်းအမြစ်လိုအပ်ချက် အမြင့်မားဆုံး ရှိနေသည့်မြို့လည်းဖြစ်သည်။[၁] ထိုသို့သော မြို့ကြီးတစ်မြို့ဖြစ်သည့် ရန်ကုန်မြို့၏ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂၀၁၇ ခုနှစ်တွင် (၁၃.၇) ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် (၄၁.၉) ရာခိုင်နှုန်းအထိ သုံးဆမြင့်တက်သွားသည်ဟု ခန့်မှန်းပါသည်။ ထို့အပြင် ရန်ကုန်မြို့ရှိ

အမျိုးသားများနှင့် အမျိုးသမီးများသည် ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှု ကောင်းစွာမရရှိခြင်း၊ စီးပွားရေးအခွင့်အလမ်းများ အကန့်အသတ်ရှိခြင်း၊ လူနေမှုစရိတ်များ မြင့်တက်ခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်မှု မရှိသော ပတ်ဝန်းကျင်တို့ကို လက်ခံရင်ဆိုင်၍ နေထိုင်နေရပါသည်။

ရန်ကုန်မြို့နေ အိမ်ထောင်စုများ၏ အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့် အသစ်ပေါ်ထွက်လာသော လိုအပ်ချက်များကို ပိုမိုနားလည်သိရှိနိုင်ရန်အတွက် UNDP နှင့် UN Women တို့ ပူးပေါင်း၍ ရန်ကုန်မြို့ရှိ မြို့နယ် (၈) မြို့နယ်မှ အိမ်ထောင်စုများအား ကျန်မြို့နယ်များနှင့် နှိုင်းယှဉ်လေ့လာသည့် ကနဦးစစ်တမ်းတစ်ခု[၂] ကို ဆောင်ရွက်ခဲ့ပါသည်။ ဤစစ်တမ်းကို ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ URP စီမံကိန်းတွင် ဆောင်ရွက်ရန် မျှော်မှန်းထားသည့် လုပ်ငန်းများ၏ သင့်မြတ်လျော် ကန်မှုကို အတည်ပြုနိုင်မည့် အထောက်အထားများ စုဆောင်းရန်နှင့် အနာဂတ်တွင် ဆောင်ရွက်ရမည့်အစီအစဉ် စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်သုံးသပ်မှုတို့အတွက် နှိုင်းယှဉ်တိုင်းတာရမည့် အခြေခံအချက်အလက်များ စုဆောင်းရန် ဖြစ်ပါသည်။

စစ်တမ်းအား ဖုန်းဖြင့် ကောက်ယူခဲ့ခြင်းဖြစ်ပြီး ဖုန်းဆက်မေးမြန်းမှုသည် မိနစ် (၂၀) ခန့်ကြာမြင့်ပါသည်။ စစ်တမ်းဖြေဆိုပေးသူပေါင်း ၃,၀၀၀ ဦး ရှိပြီး ထိုသူများအား UNDP နှင့် UN Women တို့မှ အထူးပင် ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။ စစ်တမ်းတွင် အိမ်ထောင်စု၏ ငွေရေးကြေးရေး၊ အလုပ်အကိုင်နှင့် သက်မွေးမှုလုပ်ငန်းများ၊

## မြေပုံ (၁) ကနဦးစစ်တမ်း၏ လွှမ်းခြုံမှု – ရန်ကုန်တိုင်းဒေသကြီး



ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် လုံခြုံမှု၊ ကျန်းမာရေးနှင့် ပညာရေးအပါအဝင် အခြေခံဝန်ဆောင်မှုများအား လက်လှမ်းမီမှုတို့နှင့် စပ်လျဉ်းသည့် မေးခွန်းများ ပါဝင်ပါသည်။ ကနဦးစစ်တမ်းအစီရင်ခံစာတွင် မြို့နယ် (၈) မြို့နယ်အတွက်သာမက နမူနာအုပ်စုတစ်ခုလုံးအတွက် ရာခိုင်နှုန်းများကိုပါ ဖော်ပြပေးထားပါသည်။ ရန်ကုန်မြို့တစ်မြို့လုံး၏ လက်ရှိလူမှုစီးပွားအဆင့်အတန်း ခန့်မှန်းချက်များအား သိရှိလိုပါက စစ်တမ်းရလဒ်အပြည့်အစုံကို တောင်းခံနိုင်ပါသည်။


စစ်တမ်းရလဒ်များအား ၂၀၁၇ ခုနှစ် မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း (MLCS) အချက်အလက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် URP မြို့နယ် (၈) မြို့နယ်သည် လွန်ခဲ့သော ငါးနှစ်ကထက် အခြေအနေ ပိုမိုဆိုးရွားလျက်ရှိကြောင်း တွေ့ရှိရပါသည် –

- အိမ်ထောင်စုများ၏ (၁၈) ရာခိုင်နှုန်းတွင် လွန်ခဲ့သော ရက်ပေါင်း (၃၀) အတွင်း ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ခု ရှိသူတစ်ဦး ရှိခဲ့သည်။
- URP မြို့နယ်များမှ အိမ်ထောင်စုများသည် လွန်ခဲ့သော (၁၂) လအတွင်း ဆေးကုသမှုစရိတ်ကာမိစေရန် ပိုင်ဆိုင်သည့် ပစ္စည်းများကို ရောင်းချရနိုင်ခြေ (၆) ဆ ပိုများလာခဲ့သည်။
- URP မြို့နယ်များမှ အိမ်ထောင်စုများသည် လွန်ခဲ့သော (၁၂) လအတွင်း မီးသွေးအသုံးပြု၍ ချက်ပြုတ်နိုင်ခြေ (၅) ရာခိုင်နှုန်း ပိုများလာသည်။
- URP အိမ်ထောင်စုများသည် လွန်ခဲ့သော (၂) ပတ်အတွင်း သောက်သုံးရေပြတ်လပ်သည့်ရက်ပေါင်း နှစ်ရက်ကြုံတွေ့ရနိုင်ခြေ နှစ်ဆ ပိုများလာသည်။
- ဖြေဆိုသူများ၏ ၁၄.၇ ရာခိုင်နှုန်းက ၎င်းတို့၏ ရပ်ကွက်အတွင်း၌ အမျိုးသမီးများအပေါ် ၎င်းတို့၏ မိသားစုဝင်များက အကြမ်းဖက်ခြင်းအား သိရှိသတိပြုမိကြပြီး ရန်ကုန်မြို့ရှိ ကျန်မြို့နယ်များတွင်မူ ယင်းသည် ၁၁.၄ ရာခိုင်နှုန်းသာ ရှိသည်။

ကိုဗစ်–၁၉ ကပ်ရောဂါ၏ ပထမလှိုင်းမတိုင်မီ ၂၀၂၀ ခုနှစ် မတ်လတွင် ရန်ကုန်မြို့သည် ကမ္ဘာ့တန်ဖိုးများစစ်တမ်း (World Values Survey) အရ လူမှုစီးပွားဆိုင်ရာ ညွှန်ကိန်းအများအပြားတွင် ထိပ်ဆုံးအဆင့်၌ ရပ်တည်နေခဲ့ပါသည်။ သို့သော် URP ကနဦးစစ်တမ်း ဖြေဆိုပေးခဲ့သူများ၏ အဆိုအရ ယခုအခါ ရန်ကုန်မြို့ရှိ အိမ်ထောင်စုများသည် ဘေးကင်းလုံခြုံသည့် နေစရာ၊ ငွေသား/ ဝင်ငွေ သို့မဟုတ် လိုအပ်သည့် ဆေးဝါး သို့မဟုတ် ကုသမှုများ မရှိဘဲ နေထိုင်ရမှုသည် ကမ္ဘာ့တန်ဖိုးများစစ်တမ်းရလဒ်နှင့် နှိုင်းယှဉ်လျှင် နှစ်ဆပိုများနေပြီဖြစ်ကြောင်း သိရပါသည်။ ထိခိုက်လွယ်မှုနှင့် လုံခြုံရေးဆိုင်ရာ ရှုထောင့်များမှ တိုင်းတာသည့် အညွှန်းကိန်းများက ရန်ကုန်မြို့၏ အစိတ်အပိုင်းအများအပြားတွင် ရင်ဆိုင်နေကြရသည့် ဆိုးရွားသည့် ကံကြမ္မာအလှည့်အပြောင်းအား ညွှန်ပြလျက်ရှိပါသည်။ ပုံ (၁) တွင် ပြသထားသည့်အတိုင်း လှိုင်သာယာနှင့် အင်းစိန်မြို့နယ်များသည် ၂၀၁၈ MIMU လူမှုရေးနှင့် စီးပွားရေး ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းကိန်းတွင် (မြို့နယ်ပေါင်း ၃၃၀ အနက်) အဆင့် (၃၀၄) နှင့် (၃၀၅) တွင် အသီးသီး ရှိနေပါသည်။ ထိုမြို့နယ်များသည် UNDP ၏ ပဋိပက္ခအား ထိခိုက်လွယ်မှု အညွှန်းကိန်း (VCI) တွင် အဆင့် (၃၉) နှင့် (၅၁) ၌ ရှိနေသဖြင့် ပဋိပက္ခနှင့် ထိတွေ့နိုင်ခြေမြင့်မားသော မြို့နယ်များဖြစ်ကြောင်း ပြသနေပါသည် (ထို အညွှန်းကိန်းအား တည်ဆောက်ထားပုံနှင့်စပ်လျဉ်းသည့် နည်းပညာဆိုင်ရာ အချက်အလက်များအား နောက်ဆက်တွဲ–၃ တွင် လေ့လာနိုင်ပါသည်)။ MIMU အညွှန်းကိန်း (အဆင့် ၁ မှ ၃၃၀ အထိရှိ) တွင် အဆင့်သတ်မှတ်ချက် မြင့်မားလျှင် ရန်ကုန်ရှိ မြို့နယ်ပေါင်း ၃၃၀ အနက် ထိခိုက်လွယ်မှုနည်းပါးသည့် မြို့နယ်များအဖြစ် ညွှန်ပြခြင်းဖြစ်ကြောင်း သတိပြုသင့်ပါသည်။ ဆန့်ကျင့်ဘက်အနေဖြင့် VCI အညွှန်းကိန်း (ဤအညွှန်းကိန်းသည်လည်း အဆင့် ၁ မှ ၃၃၀ အထိရှိ) တွင် အဆင့်သတ်မှတ်ချက် ပိုနိမ့်လျှင် မကြာမီက ဖြစ်ပွားပေါ်ပေါက်လာခဲ့သည့် ပဋိပက္ခနှင့် ထိတွေ့နိုင်ခြေပိုမိုမြင့်မားပြီး နောက်ဆက်တွဲအဖြစ် အလုပ်အကိုင်၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများအား လက်လှမ်းမီရရှိနိုင်မှုနှင့် အခြားသော အခြေခံလိုအပ်ချက်အများအပြားအပေါ် ရိုက်ခတ်မှုရှိကြောင်း ပြသပါသည်။

VCI နှင့် MIMU အညွှန်းကိန်းများသည် တိုင်းတာသည့်အရာများ မတူညီကြသော်လည်း အဆင့်သတ်မှတ်ချက်နှစ်ခုအကြား ကြီးမားသည့် ကွာဟချက်များ ရှိနေသဖြင့် မကြာမီက ဖြစ်ပွားပေါ်ပေါက်လာခဲ့သည့် လုံခြုံရေးနှင့် စပ်လျဉ်းသောကိစ္စများသည် လူများ၏ဘဝအပေါ် မည်ကဲ့သို့သော လူမှုစီးပွားဆိုင်ရာ အကျိုးသက်ရောက်မှုများ ရှိနေကြောင်း စူးစမ်းလေ့လာစုံစမ်းသင့်သည့်အကြောင်းများ ရှိလာခဲ့ပါသည်။

## ပုံ (၁) ရန်ကုန်ရှိ URP မြို့နယ် ရှစ်မြို့နယ်၏ ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွက် အဆင့်သတ်မှတ်ချက်များ




၂၀၁၈ MIMU အညွှန်းကိန်း၊ ၁ = လူမှုရေးနှင့် စီးပွားရေးအရ ထိခိုက်လွယ်မှုအရှိဆုံး၊ ၃၃၀ = လူမှုရေးနှင့် စီးပွားရေးအရ ထိခိုက်လွယ်မှု အနည်းဆုံး၊
၂၀၂၂ VCI အညွှန်းကိန်း၊ ၁ = လုံခြုံရေးအရ အန္တရာယ်အများဆုံး အခြေအနေ၊ ၃၃၀ = လုံခြုံရေးအရ အန္တရာယ်အနည်းဆုံး အခြေအနေ၊

ကိုဗစ်-၁၉ နှင့် ပဋိပက္ခအခြေအနေသည် URP မြို့နယ် (၈) မြို့နယ်အပေါ် ဆိုးကျိုးသက်ရောက်မှု ကြီးမားကြောင်း တွေ့ရှိရပါသည်။ ထိုမြို့နယ်များသည် ရန်ကုန်ရှိ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်လျှင် လူမှုစီးပွားဆိုင်ရာ ညွှန်ကိန်းများ အားလုံး၌ အခြေအနေ ပိုမိုဆိုးရွားနေပါသည်။ URP မြို့နယ် (၈) ခုတွင် အကူအညီလိုအပ်ချက် မြင့်မားနေသည့် အထောက်အထားများကို ထင်ရှားစွာ တွေ့မြင်ရပါသည်။ ရန်ကုန်ရှိ ကျန်မြို့နယ်များနှင့် နှိုင်းယှဉ်လျှင် ထို URP မြို့နယ် (၈) ခုမှ အိမ်ထောင်စုများသည် –

- ပျံကျရပ်ကွက်တစ်ခုတွင်နေထိုင်နိုင်ခြေပိုများသည် (URPအိမ်ထောင်စုများ၏၁၄.၂%၊ကျန်မြို့နယ်များတွင်မှ အိမ်ထောင်စုများ၏ ၁.၂%သာ)၊
- ခြောက်သွေ့ရာသီတွင် သောက်သုံးရေ လက်လှမ်းမီရရှိနိုင်မှု ပိုမိုနည်းပါးသည် (အိမ်ထောင်စုများ၏ ၈၈.၉%၊ ကျန်မြို့နယ်များတွင်မှ အိမ်ထောင်စုများ၏ ၉၇.၃% ရှိ)
- ပျမ်းမျှဝင်ငွေသည် ၃၀ ရာခိုင်နှုန်း ပိုနည်းသည် (တစ်လလျှင် ၃၆၉,၀၀၀ ကျပ်၊ ကျန်မြို့နယ်များတွင် ၄၉၉,၀၀၀ ကျပ်)၊
- အာဟာရပြည့်ဝသော အစားအစာများကို မစားနိုင်သည့် အခြေအနေနှင့် ရင်ဆိုင်ရနိုင်ခြေ ပိုများသည် (အိမ်ထောင်စုများ၏ ၂၇.၅%၊ ကျန်မြို့နယ်များတွင်မှ အိမ်ထောင်စုများ၏ ၂၃% သာ)၊
- အိမ်ထောင်စုတွင် နာတာရှည်ရောဂါ ခံစားနေရသော အိမ်ထောင်စုဝင်တစ်ဦး ရှိနိုင်ခြေ ပိုများသည် (အိမ်ထောင်စုများ၏ ၂၄%၊ ကျန်မြို့နယ်များတွင်မှ အိမ်ထောင်စုများ၏ ၂၀.၆% သာ)၊
- ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီရရှိနိုင်ရန် ပိုမိုခက်ခဲနိုင်သည် (အိမ်ထောင်စုများ၏ ၅၀.၄%၊ ကျန်မြို့နယ်များတွင်မှ အိမ်ထောင်စုများ၏ ၄၆.၁ %သာ)၊
- သားသမီးများအား အလုပ်လုပ်ခိုင်းရန်အတွက် ကျောင်းထုတ်နိုင်ခြေ (၁.၈) ဆ ပိုများသည်။
- အရပ်ထဲရှိ ဈေးဆိုင်များတွင် အကြွေးဝယ်နိုင်ခြေ သို့မဟုတ် ဆေးကုသမှုစရိတ်များအတွက် ငွေချေးနိုင်ခြေ (၁.၃) ဆ ပိုများသည်။
- ပိုက်ဆံမရှိ၍ အစားလျှော့စားရနိုင်ခြေ (၁.၂) ဆ ပိုများသည်။

## အမျိုးသမီးဦးစီးသော အိမ်ထောင်စုများနှင့် အမျိုးသားဦးစီးသော အိမ်ထောင်စုများကြား ကျားမရေးရာ ကွာခြားချက်များ၊

ကနဦးစစ်တမ်းအား အိမ်ထောင်စုအဆင့်ရှိ ကွာခြားမှုများကို ဆန်းစစ်ရန်အတွက် ဒီဇိုင်းပုံစံ ရေးဆွဲထားသည်ဖြစ်ရာ အောက်ပါတို့အပါအဝင် စစ်တမ်းဖြေဆိုသူ အမျိုးသားများနှင့် အမျိုးသမီးများကြား ကွာခြားမှုများကို တွေ့ရှိရပါသည်–

- အမျိုးသားများသည် လွန်ခဲ့သည့် (၁၂) လအတွင်းတွင် လုပ်ခလစာရသော အလုပ်များကို လုပ်ကိုင်နိုင်ခြေ များစွာ သာလွန်များပြားသည်။
- အမျိုးသားများက ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိရန် ပိုမိုခက်ခဲလာကြောင်း၊ ၎င်းတို့၏ ရပ်ကွက်အတွင်းနှင့် ပြင်ပတွင် ဘေးကင်းလုံခြုံသည်ဟု မခံစားရကြောင်းနှင့် ၎င်းတို့၏ ဘဝသည် ဆိုးရွားကြောင်း သို့မဟုတ် အလွန်ဆိုးရွားကြောင်း ဖြေဆိုမှု အနည်းငယ်ပိုများသည်။
- လွန်ခဲ့သော (၁၂) လအတွင်း မိသားစုဝင်များကို ပြုစုစောင့်ရှောက်ရသည့် တာဝန်များ ပိုမို များပြားလာကြောင်းနှင့် ထိုသို့ ပြုစုစောင့်ရှောက်နေရသဖြင့် ဝင်ငွေရသော အလုပ်များကို မလုပ်နိုင်တော့ကြောင်း အမျိုးသမီးများက ပြောကြားမှု ပိုများသည်။

အလုပ်မလုပ်သော သို့မဟုတ် အလုပ်ရလျှင် လုပ်လိုသော စစ်တမ်းဖြေဆိုသူများအား ၎င်းတို့အနေဖြင့် အလုပ်တစ်ခု ရရှိနိုင်ရေးတွင် မည်သည်က အထောက်အကူဖြစ်သနည်းဟူသော မေးခွန်းကို မေးမြန်းခဲ့ပါသည်။ URP မြို့နယ်များတွင် အမျိုးသမီးများက အမျိုးသားများထက် သက်သေခံကတ်၊ စာရွက်စာတမ်းများရှိခြင်းက အလုပ်ရရေးအတွက် အထောက်အကူဖြစ်သည်ဟု ဖြေဆိုမှု ပိုမိုများပြားပါသည် (အမျိုးသမီးများ၏ ၂၁.၃ ရာခိုင်နှုန်း နှင့် အမျိုးသားများကြားတွင် ၉.၅ ရာခိုင်နှုန်း သာရှိ)။ UN Women မှ URP မြို့နယ် (၈) မြို့နယ်အနက် (၄) မြို့နယ် (လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပနှင့် ဒလ) တွင် ဆောင်ရွက်ခဲ့သည့် စစ်တမ်းတစ်ခုမှ တွေ့ရှိချက်များက အထက်ပါ တွေ့ရှိချက်များအား အားဖြည့်ထောက်ခံပေးနေပါသည်။ ထိုစစ်တမ်းသည် ၂၀၂၂ ခုနှစ် အစောပိုင်း က အမျိုးသမီး ၁,၇၅၀ ဦးအား မေးမြန်းကောက်ယူခဲ့သည့် စစ်တမ်းဖြစ်ပြီး အဓိကဦးစားပေးကိစ္စ နှစ်ခုမှာ ပညာရေးနှင့် သက်မွေးမှုပညာများ လက်လှမ်းမီသင်ယူနိုင်ရေးဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။

URP မြို့နယ် (၈) ခုတွင် လွန်ခဲ့သော (၁၂) လအတွင်းက အိမ်တွင်းအကြမ်းဖက်မှု ခံရ၍ အကူအညီ ရှာဖွေတောင်းခံသော မိန်းကလေး သို့မဟုတ် အမျိုးသမီးတစ်ဦးကို သိရှိသည့် အိမ်ထောင်စုသည် အိမ်ထောင်စု (၂၀) တွင် တစ်စု ရှိပါသည်။ ရန်ကုန်ရှိ ကျန်မြို့နယ်များတွင်လည်း ဤရာခိုင်နှုန်းသည် ထပ်တူနီးပါး (၃.၇ ရာခိုင်နှုန်း) တူညီပါသည်။

URP မြို့နယ်များရှိ အိမ်ထောင်စုများထဲမှ (၁၀.၄) ရာခိုင်နှုန်းတွင် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေးဆိုင်ရာ အသိပညာမြှင့်တင်ပေးသည့်သင်တန်း ရရှိခဲ့သူ သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သူတစ်ဦး ရှိပါသည်။ ရန်ကုန်ရှိ ကျန်မြို့နယ်များတွင် ဤရာခိုင်နှုန်း (၇.၃ ရာခိုင်နှုန်း) သည် ပိုနည်းပါသည်။

ဤကနဦးစစ်တမ်းသည် URP စီမံကိန်း၏ အကျိုးထိရောက်မှုကို တိုင်းတာရာတွင် အထောက်အကူဖြစ်စေမည့် စံအမှတ်တစ်ခု ဖြစ်ပါသည်။ စစ်တမ်းတွင် လက်ရှိ ဖြစ်ပေါ်နေသည့် အခြေအနေကို လေ့လာမှတ်တမ်းတင်ခဲ့ပြီး မြို့ပြဒေသရှိ အိမ်ထောင်စုများ၏ ကြီးထွားလာသော လိုအပ်ချက်များနှင့် မြင့်မားလာသော ထိခိုက်လွယ်မှုများကို ဦးတည်စူးစိုက်ဆောင်ရွက်ပေးသည့် လုပ်ငန်းများအား ဦးစားပေးဆောင်ရွက်သင့်ကြောင်း အတည်ပြုပေးပါသည်။ ရှေ့လာမည့်နှစ်များတွင် ဤစစ်တမ်း၏ နောက်ဆက်တွဲအနေဖြင့် မြို့နယ် (၈) မြို့နယ်ရှိ လူမှုစီးပွားအခြေအနေအား ရန်ကုန်ရှိ ကျန်မြို့နယ်များနှင့် နှိုင်းယှဉ်၍ ပြန်လည်အကဲဖြတ်သုံးသပ်သည့် စစ်တမ်းတစ်ခုကို ဆောင်ရွက်ကောင်း ဆောင်ရွက်နိုင်ပါသည်။ နောက်ဆက်တွဲစစ်တမ်းကို ထပ်မံဆောင်ရွက်မည်ဆိုလျှင် မြို့နယ်များအတွင်းရှိ အိမ်ထောင်စု များကို ပံ့ပိုးကူညီသည့် ဆောင်ရွက်ချက်များ၏ အကျိုးထိရောက်မှုကို လေ့လာဆန်းစစ်နိုင်မည်ဖြစ်ပါသည်။



# ၁ နိဒါန်း


မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့တော်ဖြစ်ပြီး မှီတင်းနေထိုင်သူပေါင်း (၇) သန်းခန့် ရှိသည့် ရန်ကုန်မြို့သည် နိုင်ငံ၏ စီးပွားရေးအချက်အချာမြို့ ဖြစ်ပါသည်။ ရန်ကုန်မြို့၏ လူမှုအဖွဲ့အစည်းသည် အပြီးအပိုင် လာရောက်အခြေချနေထိုင်ကြသူ အများအပြားနှင့်အတူ အင်နှင့်အားနှင့် လှုပ်ရှားတက်ကြွနေသော မြို့တော်တစ်ခု ဖြစ်ခဲ့ပါသည်။ လစာကောင်းသော အလုပ်အကိုင်၊ ပညာရေးအခွင့်အလမ်း၊ စီးပွားရေးလုပ်ကိုင်ခြင်းဖြင့် ကြီးပွားချမ်းသာလာနိုင်သည့်အခွင့်အလမ်း၊ ပညာတတ်လူတန်းစား၊ အဖွဲ့အစည်းစနစ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရန် ဆန္ဒရှိသည့် စည်ပင်သာယာရေးကော်မတီနှင့် ဒေသန္တရအစိုးရများက လာရောက်အခြေချသူများအတွက် ပြောင်းရွှေ့အခြေချရကျိုးနပ်စေခဲ့သည့် ရန်ကုန်မြို့တော်ကြီး၏ ဝိသေသလက္ခဏာရပ်များပင် ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း (MLCS) တွင် ညွှန်ကိန်းအများအပြားအတွက် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ခန့်မှန်းချက်ကိန်းဂဏန်း များပေါ် အခြေခံကာ ပြည်နယ်/တိုင်းဒေသကြီးများအား အဆင့်များသတ်မှတ်ပေးခဲ့သည်။ အဆင့်သတ်မှတ်ချက် အများအပြားတွင် ရန်ကုန်သည် ထိပ်ဆုံးမှ ရပ်တည်ခဲ့သည်။ အထူး သဖြင့် စီးပွားရေးဆိုင်ရာ ညွှန်ကိန်းများတွင် ထိပ်ဆုံးအဆင့်များ၌ ရပ်တည်ခဲ့ပြီး (ပုံ–၂) နိုင်ငံတွင်းတွင် ဆင်းရဲနွမ်းပါးမှုနှုန်း တတိယအနိမ့်ဆုံးဖြစ်ပါသည် (ပုံ–၃)။

## ပုံ (၂) ရန်ကုန်သည် အဆင့်သတ်မှတ်ချက် (၁) (၁၅ အနက်) တွင် ရပ်တည်ခဲ့သည့် ညွှန်ကိန်းများ၊ MLCS ၂၀၁၇




## ပုံ (၃) ၂၀၁၇၊ MLCS မှ ဆင်းရဲနွမ်းပါးမှုနှုန်းများ





အချက်အလက်ရင်းမြစ် – MLCS 2017

ရန်ကုန်သည် ဂီနီမြှောက်ဖော်ကိန်း (Gini coefficient) 0.45 ဖြင့် ပြည်နယ်/တိုင်းဒေသကြီးများထဲတွင် ဝင်ငွေတန်းတူညီမျှမရှိမှု အနည်းဆုံးဒေသအဖြစ် ရပ်တည်ခဲ့ပါသည် (MLCS 2017)။ ရန်ကုန်၏ ဝပြောစည်ပင်ကြွယ်ဝမှုသည် လူများအား ရန်ကုန်သို့ ပြောင်းရွှေ့အခြေချင်အောင် ဆွဲဆောင်နိုင်ခဲ့ပြီး ရောက်ရှိလာသူများကို ရန်ကုန်၏ နေရာဒေသအနှံ့ ကျယ်ပြန့်စွာ၊ ညီမျှစွာ ခွဲဖြန့်နေထိုင်စေခဲ့ဟန် တူပါသည်။ အိမ်ထောင်စု အများအပြားကိုလည်း ဆင်းရဲတွင်းမှ လွတ်မြောက်အောင် ဆွဲတင်ပေးနိုင်ခဲ့ပုံရပါသည်။

သို့သော် ရန်ကုန်တွင် အောက်ခြေလူတန်းစားအလွှာတစ်ခု အမြဲရှိနေခဲ့သည်။ ပိုမိုကောင်းမွန်သော အနာဂတ်ကို ပုံဖော်နိုင်မည်ဟူသော မျှော်လင့်ချက်ဖြင့် ရန်ကုန်သို့ ပြောင်းရွှေ့လာသော ဆင်းရဲနွမ်းပါးသူအချို့သည် ပျံ့ကျရပ်ကွက်များနှင့် စနစ်တကျ အကွက်ဖော်ဆောက်လုပ်ထားခြင်းမရှိသည့် အိမ်ရာများတွင် နေထိုင်ရသည့်ဘဝသို့ ရောက်ရှိခဲ့ကြပါသည်။ ယနေ့တွေ့မြင်နေရသည့် မြို့ပြဒေသ ဆင်းရဲသားလူတန်းစားတစ်ရပ်သည် လွန်ခဲ့သည့် နှစ်ပေါင်း (၂၀) က မြို့ပြစီမံကိန်းများကို လုံလောက်စွာ ရေးဆွဲဆောင်ရွက်မှု မရှိခဲ့ခြင်း၏ နောက်ဆက်တွဲအကျိုးဆက်ပင်ဖြစ်ပါသည်။

စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ နိုင်ငံတွင်းမှ ထွက်ခွာသွားကြရာ ကုန်ထုတ်လုပ်နေသည့် စက်ရုံများပိတ်သိမ်းသွားခြင်းနှင့်အတူ အလုပ်လက်မဲ့နှုန်းများ မြင့်တက်လာခဲ့ပါသည်။

## ပုံ (၄) မြို့နယ်များအတွင်းရှိ အဓိကပြဿနာများ (ရာခိုင်နှုန်း)




ဆောက်လုပ်ရေး၊ အထည်ချုပ်၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ခံကျွေးမွေးဝန်ဆောင်မှု လုပ်ငန်းကဏ္ဍများသည် အထိအနာဆုံးဖြစ်သည်။ အလုပ်ချိန် လျှော့ချခြင်းနှင့် အလုပ်အကိုင်ဆုံးရှုံးခြင်း နှစ်မျိုးစလုံးသည် အမျိုးသမီးများအပေါ် တစ်ဖက်စောင်းနင်း သက်ရောက်မှုရှိပါသည်။ အထည်ချုပ်၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ခံကျွေးမွေးဝန်ဆောင်မှုကဏ္ဍများရှိ အလုပ်အကိုင်ဆုံးရှုံးရသူ အများစုသည် အမျိုးသမီးများဖြစ်ပါသည်။ လောင်စာဆီဈေးနှုန်းများနှင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများမှာ အဆမတန်မြင့်တက်သွားသည်။ ဤအခြေအနေသည် မြို့ပြနေဆင်းရဲနွမ်းပါးသူများအပေါ် ဆိုးကျိုးသက်ရောက်မှုများ မလွဲမသွေကျရောက်ကာ ထိုသူများအတွက် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ အားလုံးနီးပါး ပျောက်ကွယ်သွားခဲ့ရပါသည်။ ရန်ကုန်သည် မြင့်တက်လာသော ဆင်းရဲနွမ်းပါးမှုနှုန်း၊ တိုးပွားလာသော မြို့ပြအကြမ်းဖက်မှုများနှင့်အတူ တဖြည်းဖြည်း ဆုတ်ယုတ်လာသည်ကို မြင်တွေ့နေရပါသည်။

စစ်တမ်းဖြေဆိုသူများအား ၎င်းတို့ နေထိုင်ရာ မြို့နယ်အတွင်း လတ်တလော ကြုံတွေ့နေရသည့် အဓိကပြဿနာများအကြောင်းကို မေးမြန်းခဲ့ပါသည် (ပုံ-၄)။ အလုပ်အကိုင်အခွင့်အလမ်းများ မရှိခြင်းနှင့် ကုန်ဈေးနှုန်းများ မြင့်တက်နေခြင်းကို အဓိကပြဿနာများအဖြစ် အများဆုံး ဖြေဆိုကြပါသည်။ URP မြို့နယ် (၈) ခုရှိ အိမ်ထောင် စုများတွင် ထက်ဝက်နီးပါးက အလုပ်အကိုင်အခွင့်အလမ်း မရှိခြင်းအား အဓိကပြဿနာအဖြစ် ဖြေဆိုခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တွင် နေထိုင်သူများအား ၎င်းတို့၏ လက်ရှိဘဝနှင့်ပတ်သက်၍ မည်သို့ ရှုမြင်ကြောင်းလည်း မေးမြန်းခဲ့သည်။ URP မြို့နယ် (၈) ခုရှိ အိမ်ထောင်စုများ၏ အမြင်များကို ဖော်ပြထားသော အောက်ပါဇယားတွင် တွေ့ရှိရသည့်အတိုင်း လူအများစုက ၎င်းတို့၏ လက်ရှိဘဝအခြေအနေအား သင့်တင့်သည်ဟု ရှုမြင်ကြပါသည်။ သို့သော် ဝင်ငွေနည်းအိမ်ထောင်စုများတွင်မူ လူသုံးဦးလျှင် တစ်ဦး (၃၃.၄ ရာခိုင်နှုန်း) က ၎င်းတို့၏ လက်ရှိဘဝအား ဆိုးရွားသည် သို့မဟုတ် အလွန်ဆိုးရွားသည်ဟု ဖြေဆိုကြပါသည်။

## ဇယား (၁) သင်၏ လက်ရှိဘဝကို ခြုံငုံကြည့်လျှင် မည်သို့ အဆင့်သတ်မှတ်မည်နည်း (ရာခိုင်နှုန်း)

| | ကောင်း/အလွန်ကောင်း | သင့်တင့် | ဆိုး/အလွန်ဆိုး | စုစုပေါင်း |
|---|---|---|---|---|
| URP မြို့နယ် (၈) ခု | ၁၃.၂ | ၆၂.၅ | ၂၄.၄ | ၁၀၀% |
| | | | | |
| အမျိုးသား | ၁၁.၇ | ၆၂.၂ | ၂၆.၁ | ၁၀၀% |
| အမျိုးသမီး | ၁၄.၃ | ၆၂.၇ | ၂၃.၀ | ၁၀၀% |
| | | | | |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၁၁.၁ | ၅၅.၅ | ၃၃.၄ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်-၃၉၉,၀၀၀ ကျပ်ကြား | ၁၂.၀ | ၆၄.၀ | ၂၄.၀ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၁၆.၁ | ၆၅.၅ | ၁၈.၄ | ၁၀၀% |
| | | | | |
| စနစ်တကျအကွက်ဖော်ထားသော အိမ်ရာများတွင် နေထိုင် | ၁၄.၀ | ၆၃.၇ | ၂၂.၃ | ၁၀၀% |
| စီမံကိန်းချထားခြင်း မရှိသော အိမ်ရာများတွင် နေထိုင် | ၁၃.၂ | ၆၃.၁ | ၂၃.၇ | ၁၀၀% |
| ပျံ့ကျရပ်ကွက်များတွင် နေထိုင် | ၁၂.၄ | ၅၈.၃ | ၂၉.၃ | ၁၀၀% |
| | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၁၅.၆ | ၆၃.၅ | ၂၀.၉ | ၁၀၀% |
| ကလေး (၀-၁၇နှစ်) ရှိသော အိမ်ထောင်စု | ၁၁.၇ | ၆၁.၈ | ၂၆.၅ | ၁၀၀% |

အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် သဘောထားခံယူချက်များ၊ ၂၀၂၂ ဩဂုတ်လ

## ၁.၁။ ပျံ့ကျဲရပ်ကွက်များတွင် အခြေချ နေထိုင်မှုများနှင့် စစ်အုပ်ချုပ်ရေး အမိန့် ထုတ်ပြန်ထားသော အခြေအနေများတွင် မြို့ပြပြည်သူများအား ကြံ့ကြံ့ခံနိုင်စွမ်းတည် ဆောက်ပေးရေး စီမံကိန်း

မြို့ပြပြည်သူများ၏ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ပေးရေး စီမံကိန်းသည် ရန်ကုန်မြို့ မြို့နယ် (၈) မြို့နယ်ရှိ ပျံ့ကျဲရပ်ကွက်များအတွင်းနှင့် အနီးဝန်းကျင်တွင် နေထိုင်ကြသူများ၏ ကြံ့ကြံ့ခံနိုင်စွမ်းကို တည်ဆောက်ပေးသွားမည်ဖြစ်သည်။ မြို့နယ် (၈) မြို့နယ်တွင် ရပ်ရွာလူထု အခြေပြုအဖွဲ့များအား အောက်ပါတို့ကို လုပ်ဆောင်နိုင်ရန်အတွက် ပံ့ပိုးကူညီပေးမည်ဖြစ်သည် –


- အခြေခံဝန်ဆောင်မှုများနှင့် ထောက်ပံ့ပစ္စည်းအဆောက်အအုံများ တိုးတက်ကောင်းမွန်လာ အောင် လုပ်ဆောင်ခြင်း၊
- ပျံ့ကျဲရပ်ကွက်များ၏ ဝန်းကျင်အနေအထားကို အဆင့်မြှင့်တင်ပေးခြင်း၊
- သက်မွေးမှုအလုပ်အကိုင်များ၊ ကျွမ်းကျင်မှုများနှင့် အလုပ်အကိုင်ဖန်တီးမှုများကို အားပေးမြှင့်တင်ခြင်း၊

URP စီမံကိန်းသည် “ရပ်ရွာလူထုအတွက်၊ ရပ်ရွာလူထုကိုယ်တိုင်ဆောင်ရွက်ခြင်း” နည်းလမ်းကို အသုံးပြုသွားမည်ဖြစ်ပြီး ရပ်ကွက်များအတွင်းရှိ စေတနာလုပ်အားရှင်များကြား ကွန်ရက်ချိတ်ဆက်နိုင်အောင် ရပ်ကွက်တွင်းနေထိုင်သူများကို ကူညီပေးမည် ဖြစ်သည်။ ရေရှည်လုပ်ကိုင်စားသောက်နိုင်သော သက်မွေးမှုလုပ်ငန်းများကို ပံ့ပိုးပေးနိုင်သည်အထိ စီမံကိန်းမှ ဦးတည်ဆောင်ရွက်သွားပါမည်။ စီမံကိန်းဆောင်ရွက်ရန်အတွက် ရန်ကုန်ရှိ မြို့နယ် (၈) မြို့နယ်ကို ရွေးချယ်ထားပါသည်။ ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ မြို့နယ် (၈) မြို့နယ်တွင် URP စီမံကိန်းမှ ပံ့ပိုးပေးရမည့် စုစုပေါင်း လူဦးရေသည် ၂,၆၄၉,၉၈၃ ဦး (မြေပုံ–၂) ဖြစ်ပါသည်။ ပျမ်းမျှ အိမ်ထောင်စုအရွယ်အစားသည် ၄.၁ ဟု ယူဆချက်အရ (ဤစစ်တမ်း အချက်အလက်များပေါ်တွင် အခြေခံ၍) အိမ်ထောင်စုပေါင်းမှာ ၆၄၆,၃၃၇ စု ဖြစ်ပါသည်။


URP စီမံကိန်းသည် အရေးတကြီး ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး အခွင့်အလမ်းများကို ပေးအပ်သွားမည်ဖြစ်ကာ ရန်ကုန်ရှိ မြို့နယ် (၈) မြို့နယ်အတွင်း ထိခိုက်လွယ်သော လူပေါင်း (၅) သိန်းအထိအား ကူညီပေးနိုင်အောင် တစ်ဆင့်ချင်းစီ တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည် (ပုံ–၅)။

URP စီမံကိန်းမှ ကူညီပံ့ပိုးပေးရန် ရည်ရွယ်သည့် အကျိုးခံစားခွင့်ရှိ သူများထဲတွင် ရန်ကုန်မြို့ရှိ ပျံ့ကျဲရပ်ကွက်များအတွင်း နေထိုင်

### မြေပုံ (၂) URP မြို့နယ် (၈) မြို့နယ်



## ပုံ (၅) URP – မြို့နယ်အလိုက် ကူညီပံ့ပိုးရန် လျာထားသည့် အကျိုးခံစားခွင့်ရှိသူများ အရေအတွက်





ကြသူ အများအပြား ပါဝင်မည်ဖြစ်သည်။ URP မြို့နယ် (၈) မြို့နယ်မှ အိမ်ထောင်စုများ၏ (၁၄.၂) ရာခိုင်နှုန်းသည် ပျံ့ကျဲရပ်ကွက်များတွင် နေထိုင်ကြခြင်း ဖြစ်သည်။ ရန်ကုန်မြို့၏ ကျန်အစိတ်အပိုင်းများတွင် ပျံ့ကျဲရပ်ကွက် နေထိုင်သူ အိမ်ထောင်စုသည် (၁.၂) ရာခိုင်နှုန်းသာ ရှိသဖြင့် ကွာဟမှုကို နှိုင်းယှဉ်ကြည့်နိုင်ပါသည် (ပုံ-၆)။ စစ်တမ်းအချက် အလက်များကို စိစစ်လေ့လာရာတွင် စီမံကိန်းချ အိမ်ရာများ၊ စီမံကိန်း ချထားခြင်း မဟုတ်သော အိမ်ရာများနှင့် ပျံ့ကျဲအိမ်ရာများကြား ကွာခြားချက်များကို စိစစ်လေ့လာခဲ့ပါသည်။ စီမံကိန်းချထားခြင်း မဟုတ်သော အိမ်ရာများဟုဆိုရာတွင် ဥပဒေများကို လိုက်နာခြင်း မရှိဘဲ အာဏာပိုင်များ၏ တရားဝင် ကြီးကြပ်မှုမှ ကင်းလွတ်စွာ ဆောက်လုပ်ထားသော ပုဂ္ဂလိကအိမ်ရာစီမံကိန်းများ ပါဝင်ပါသည်။ ပျံ့ကျဲအိမ်ရာများဆိုသည်မှာ အိမ်ထောင်စုများမှ ၎င်းတို့ဘာသာ ဆောက်လုပ်နေထိုင်သည့် အိမ်များဖြစ်ပြီး ၎င်းတို့သည်လည်း သက်ဆိုင်ရာ အာဏာပိုင်များ၏ တစ်နည်းနည်းဖြင့် စည်းကမ်းထိန်းသိမ်းကြပ်မတ်ပေးမှုအောက်တွင် ရှိမနေကြပါ။

URP မြို့နယ်များရှိ အိမ်ထောင်စု (၁၀) စုတွင် (၂) စု နီးပါး (၁၇.၄ ရာခိုင်နှုန်း) က ၎င်းတို့သည် မကြာခဏဆိုသလို (သို့) တစ်ခါတစ်ရံ လွန်ခဲ့သည့် (၁၂) လအတွင်းက လုံခြုံစိတ်ချရသည့် အမိုးအကာ နေစရာမရှိဘဲ နေကြရသည်ဟု ဆိုပါသည် (ဇယား-၂)။ ယင်းသည် ၂၀၂၀ ခုနှစ်က မြန်မာတစ်နိုင်ငံလုံးအတွက် ဆောင်ရွက်ခဲ့သော ကမ္ဘာ့တန်ဖိုးများစစ်တမ်း[၃] မှ ကိန်းဂဏန်း (၉.၀) ရာခိုင်နှုန်းထက် နှစ်ဆနီးပါး တိုးသွားခြင်းဖြစ်သည်။ URP မြို့နယ် (၈) မြို့နယ်တွင် ပျံ့ကျဲရပ်ကွက်များတွင် နေထိုင်သော အိမ်ထောင်စုများ၊ ဝင်ငွေနည်းအိမ်ထောင်စုများ၊ ကလေးရှိသော အိမ်ထောင်စုများအားလုံးအတွက် လုံခြုံစိတ်ချရသည့် အမိုးအကာနေစရာမရှိဘဲ နေရနိုင်ခြေအန္တရာယ်သည် ပိုမိုကြီးမားပါသည် (ဇယား-၂)။

လက်ရှိတွင် မြို့နယ် (၈) ခုအနက် (၆) ခု၌ (ဒလနှင့် သန်လျင်မှလွဲ၍) စစ်အုပ်ချုပ်ရေးအမိန့် (မာရှယ်လော) ထုတ်ပြန်ထားပါသည်။ ဒလနှင့် သန်လျင်မြို့နယ်များသည် ၂၀၁၈ ခုနှစ်က ထိခိုက်လွယ်မှုအဆင့်

## ပုံ (၆) စစ်တမ်းဖြေဆိုသူများ နေထိုင်သည့် အိမ်အမျိုးအစားများ (ရာခိုင်နှုန်း)




အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

## ဇယား (၂) လွန်ခဲ့သည့် (၁၂) လအတွင်း လုံခြုံစိတ်ချရသည့် အမိုးအကာနေစရာ မရှိဘဲ နေထိုင်ကြရသည့် ကြိမ်နှုန်း (ရာခိုင်နှုန်းဖြင့်)

| | မကြာခဏ | တစ်ခါတစ်ရံ | ဖြစ်ခဲ | မည်သည့်အခါမျှ | စုစုပေါင်း |
|---|---|---|---|---|---|
| နမူနာအုပ်စုတစ်စုလုံး | ၇.၆ | ၇.၁ | ၁.၈ | ၈၃.၄ | ၁၀၀% |
| URP မြို့နယ် (၈) မြို့နယ် | ၉.၂ | ၈.၂ | ၁.၆ | ၈၁.၀ | ၁၀၀% |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၄.၆ | ၄.၉ | ၂.၃ | ၈၈.၂ | ၁၀၀% |
| | | | | | |
| URP မြို့နယ် (၈) မြို့နယ် | | | | | |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၁၅.၂ | ၁၁.၇ | ၁.၆ | ၇၁.၅ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်–၃၉၉,၀၀၀ ကျပ်ကြား | ၉.၃ | ၈.၉ | ၂.၀ | ၇၉.၉ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၄.၈ | ၄.၉ | ၁.၂ | ၈၉.၁ | ၁၀၀% |
| | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၂.၅ | ၃.၂ | ၁.၃ | ၉၃.၀ | ၁၀၀% |
| စီမံကိန်းချထားခြင်း မရှိသော အိမ်ရာများတွင် နေထိုင် | ၈.၁ | ၈.၈ | ၁.၇ | ၈၁.၄ | ၁၀၀% |
| ပျံကျရပ်ကွက်များတွင် နေထိုင် | ၁၈.၇ | ၇.၄ | ၁.၄ | ၇၂.၄ | ၁၀၀% |
| | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၅.၅ | ၆.၈ | ၀.၉ | ၈၆.၈ | ၁၀၀% |
| ကလေး (၀–၁၇နှစ်) ရှိသော အိမ်ထောင်စု | ၁၁.၄ | ၉.၀ | ၂.၀ | ၇၇.၆ | ၁၀၀% |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

အတန်အသင့် နည်းပါးခဲ့သော်လည်း ကိုဗစ်–၁၉ ကပ်ရောဂါအတွင်းနှင့် ၂၀၂၁ ခုနှစ် အစောပိုင်းမှစ၍ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်မှုများ ဆက်လက်ဖြစ်ပွားလာမှုကြောင့် အလုပ်အကိုင်ဆုံးရှုံးမှုများ ရှိလာသောအခါ ထိုမြို့နယ်နှစ်ခုအပါအဝင် မြို့နယ် (၈) မြို့နယ်စလုံးရှိ ရပ်ရွာလူမှုအသိုင်းအဝိုင်းများ၏ ထိခိုက်လွယ်မှု အခြေအနေများသည် ပိုမိုဆိုးရွားလာခဲ့ပါသည်။

စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီးချိန်မှစ၍ လှိုင်သာယာ၊ ရွှေပြည်သာနှင့် တောင်ဒဂုံမြို့နယ်များရှိ စက်မှုဇုန်များ တည်ရှိရာ ဆင်ခြေဖုံးရပ်ကွက်များသည် အကြမ်းဖက်မှုများကို ကြုံတွေ့ခံစားကြရပါသည်။ ဆန္ဒပြသူများ သေဆုံးကြပြီး စက်ရုံတစ်ဒါဇင်ကျော် မီးရှို့ဖျက်ဆီးခံရပါသည်။ လုပ်ငန်းလည်ပတ်မှုများနှင့် နိုင်ငံတကာမှ ကုန်ပစ္စည်းအမှာများ ရပ်ဆိုင်းသွားပြီး စက်ရုံအချို့ အပြီးတိုင်ပိတ်သိမ်းသွားကြပါသည်။ လှိုင်သာယာမှ စက်ရုံအလုပ်သမား အများအပြားသည်လည်း ၎င်းတို့၏ နေရပ်များသို့ ပြန်သွားကြပါသည်။ မပြန်ဘဲ ကျန်ရစ်ကြသူများမှာလည်း ရှင်သန်ရပ်တည်နိုင်ရန် ခက်ခက်ခဲခဲ ရုန်းကန်နေကြရပါသည်။

အထက်ဖော်ပြပါ ပုံ (၅) တွင် တွေ့မြင်ရသည့်အတိုင်း အိမ်ထောင်စုဆယ်စုတွင် တစ်စုက ၎င်းတို့၏ မြို့နယ်အတွင်း အကြီးမားဆုံး ပြဿနာများထဲမှ တစ်ခုမှာ လုံခြုံရေးအခြေအနေဟုဆိုကြပြီး နောက်ထပ် အိမ်ထောင်စုဆယ်စုတွင် တစ်စုက ရာဇဝတ်မှုများ ထူပြောလာသည်ဟု ပြောပြပါသည်။ အမျိုးသား၊ အမျိုးသမီးဆယ်ဦးတွင် လေးဦးက ၎င်းတို့ နေထိုင်သည့် ရပ်ကွက်အတွင်း နေ့ဘက်တွင်ပင်လျှင် လုံခြုံမှုမရှိဟု ခံစားရကြောင်း ပြောဆိုကြသည့်အတွက် လူများခံစားနေရသည့် ဘေးကင်းလုံခြုံမှုမရှိသည့် ခံစားမှုကို ဤကနဦးစစ်တမ်းတွင် အထင် အရှားမှတ်တမ်းတင်နိုင်ခဲ့ပါသည် (ပုံ–၇)။

## ပုံ (၇) နေ့ဘက်တွင်ပင် ၎င်းတို့နေထိုင်ရာရပ်ကွက်အတွင်း လုံခြုံမှုမရှိဟု ခံစားရသည့် မြို့နယ်(၈)မြို့နယ်မှ ပြည်သူများ



လုံခြုံမှုမရှိဟု ခံစားနေရမှုသည် ပိုမိုချမ်းသာကြွယ်ဝသော အိမ်ထောင်စုများနှင့် စနစ်တကျအကွက် ဖော်ထားသော အိမ်ရာများတွင် နေထိုင်ကြသော အိမ်ထောင်စုများကြား ပိုမိုမြင့်မားနေပါသည် (ဇယား-၃)။


နေထိုင်သောရပ်ကွက်အတွင်း ဘေးကင်းလုံခြုံမှုနှင့်စပ်လျဉ်းသည့် ခံစားချက်များကို ကြည့်လျှင် ကျား၊မ ကွာခြားမှုသည် သိသာထင်ရှားမှု အရှိဆုံးဖြစ်သည် (ပုံ-၈)။

## ဇယား (၃) နေ့ဘက်တွင် နေထိုင်ရာရပ်ကွက်အတွင်း ဘေးကင်းလုံခြုံသည်ဟု ခံစားရမှု (ရာခိုင်နှုန်း)

| | ခံစားရ | မခံစားရ | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၅၈.၆ | ၄၁.၄ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၅၉.၂ | ၄၀.၈ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၅၇.၃ | ၄၂.၇ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | ခံစားရ | မခံစားရ | စုစုပေါင်း | ခံစားရ | မခံစားရ | စုစုပေါင်း |
| အမျိုးသား | ၅၅.၄ | ၄၄.၆ | ၁၀၀% | ၅၅.၄ | ၄၄.၆ | ၁၀၀% |
| အမျိုးသမီး | ၆၁.၀ | ၃၉.၀ | ၁၀၀% | ၆၂.၁ | ၃၇.၉ | ၁၀၀% |
| | | | | | | |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၆၁.၇ | ၃၈.၃ | ၁၀၀% | ၆၁.၉ | ၃၈.၁ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်-၃၉၉,၀၀၀ ကျပ်ကြား | ၅၈.၂ | ၄၁.၈ | ၁၀၀% | ၅၉.၀ | ၄၁.၀ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၅၇.၀ | ၄၃.၀ | ၁၀၀% | ၅၇.၄ | ၄၂.၆ | ၁၀၀% |
| | | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၅၄.၉ | ၄၅.၁ | ၁၀၀% | ၅၁.၆ | ၄၈.၄ | ၁၀၀% |
| စီမံကိန်းချထားခြင်း မရှိသော အိမ်ရာများတွင် နေထိုင် | ၅၈.၆ | ၄၁.၄ | ၁၀၀% | ၅၉.၅ | ၄၀.၅ | ၁၀၀% |
| ပျံ့ကျရပ်ကွက်များတွင် နေထိုင် | ၆၁.၄ | ၃၈.၆ | ၁၀၀% | ၆၁.၈ | ၃၈.၂ | ၁၀၀% |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

## ပုံ (၈) နေထိုင်ရာရပ်ကွက်အတွင်းနှင့်အပြင်တွင် ဘေးကင်းလုံခြုံသည်ဟု ခံစားရမှု၊ နေ့ဘက်နှင့် ညအခါ၊ ကျား/မအလိုက် (ရာခိုင်နှုန်း)




အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

ဤကဲ့သို့ ခက်ခဲသည့် အခြေအနေတွင် URP စီမံကိန်းသည် အောက်ပါ အစီအစဉ်များတွင် မကြာသေးမီ အချိန်ကာလများက ကျင့်သုံးခဲ့သော အကောင်းဆုံး အလေ့အကျင့်များ (best practices) အပေါ် အားပြု၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည် –

- UNDP ဆောလျင်စွာ တုံ့ပြန်ဆောင်ရွက်ပေးရေးအစီအစဉ် (UNDP–RR)
- UN Women မှ ရန်ကုန်မြို့အနီးဝန်းကျင်ရှိ မြို့နယ် (၄) မြို့နယ်တွင် ရှေ့ပြေးစမ်းသပ် ဆောင်ရွက်ခဲ့သော စီမံကိန်း၊
- UN–Habitat ၏ မြို့ပြပုံကျရပ်ကွက်များအတွင်း WASH နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ ကူညီပံ့ပိုးမှုများမှတစ်ဆင့် ကိုဗစ်–၁၉ ကပ်ရောဂါ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ပေးရေး စီမံကိန်း (BRISC)၊

UNDP ၏ ဆောလျင်စွာတုံ့ပြန်ဆောင်ရွက်ပေးရေး အစီအစဉ်သည် လှိုင်သာယာမြို့နယ်တွင် ရပ်ရွာထဲရှိ စေတနာ့ဝန်ထမ်းများ၊ ပြည်သူများနှင့် ပူးပေါင်းကာ ထိခိုက်လွယ်မှုမြင့်မားသော လူအုပ်စုများ အတွက် အခြေခံကူညီထောက်ပံ့မှုများကို ပေးအပ်ခဲ့ပါသည်။ စားနပ်ရိက္ခာနှင့် သန့်ရှင်းသော သောက်ရေအတွက် ထောက်ပံ့ကူညီပေးမှုများ ပါဝင်ပါသည်။

UN Women သည် စီမံကိန်းမြို့နယ်များထဲမှ လေးမြို့နယ်တွင် ကြံ့ကြံ့ခံနိုင်စွမ်းကို လေ့လာသည့် စစ်တမ်းတစ်ခုအား ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ကောက်ယူခဲ့ပါသည်။ ထိုစစ်တမ်းတွင် ကျားမရေးရာ ရှုထောင့်များကိုပါ ထည့်သွင်းစဉ်းစားခဲ့ပြီး အရေးတကြီး ဖြည့်ဆည်းပေးရန် အလိုအပ်ဆုံး အရာများနှင့် URP စီမံကိန်းအတွက် အလားအလာရှိသည့် ဝင်ပေါက်များကို ကောင်းစွာနားလည်သိရှိစေရန်နှင့် အထောက်အထားအချက်အလက်များ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

UN Women သည် စီမံကိန်းအတွက် ရွေးချယ်ထားသော မြို့နယ်များထဲမှ လေးမြို့နယ်တွင် နေထိုင်အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းလုပ်သားအမျိုးသမီးငယ်များအတွက် ကာယဆယ်ရေးအကူအညီများ လက်ငင်းပေးအပ်ခြင်းနှင့် စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဆိုင်ရာ စီမံချက်တစ်ခုကိုလည်း ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါရှေ့ပြေးစီမံချက်တွင် အလုပ်ဖြစ်နိုင်သည့် နည်းစနစ်များကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ ဖယ်ကြဉ်ခံအမျိုးသမီးများထံ ရောက်ရှိကူညီပေးနိုင်မည့် ဒစ်ဂျစ်တယ်၊ လူကိုယ်တိုင်နှင့် အဖွဲ့လိုက်နည်းပြသင်ကြားပေးမှုများ၊ ထိုအမျိုးသမီးများကို ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေးသို့မဟုတ် လူမှုစိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များကဲ့သို့ အထူးကျွမ်းကျင်သူများမှ ဆောင်ရွက်ပေးသည့် အခြေခံဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးခြင်းတို့အား ရောနှောပေါင်းစပ်၍ ဆောင်ရွက်ပေးသည့် နည်းစနစ်များသည် ထိရောက်မှုရှိကြောင်း တွေ့ရှိခဲ့ပါသည်။ ထို့အပြင် စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ပေးရေး ဝန်ဆောင်မှုများနှင့် (GBV၊ ဥပဒေ ရေးရာဝန်ဆောင်မှုများကဲ့သို့) အမျိုးသမီးများအတွက် ဆောင်ရွက်ပေးသည့် အခြေခံဝန်ဆောင်မှုများကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် လွှဲပြောင်းညွှန်းပို့မှုလမ်းကြောင်းများ အားကောင်းလာအောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။

UN–Habitat သည် BRISC စီမံကိန်းကို မြို့နယ် (၈) မြို့နယ်တွင် ဆောင်ရွက်နေပြီး အောက်ပါတို့ တိုးတက်လာစေရေး ပံ့ပိုးကူညီပေးလျက် ရှိပါသည် –

- ရေဖြန့်ဖြူးမှုစနစ်များတွင် အရည်အသွေးရှိမှုနှင့် လုံလောက်သော ပမာဏ ရရှိနိုင်မှု၊
- ရေအရင်းအမြစ်များ ရှိရာသို့ သွားရောက်နိုင်သော လမ်းများ၊
- ရေနုတ်မြောင်းများ၊ ရေဆိုးမြောင်းများနှင့် မြေအောက်ပိုက်လိုင်းများ၊
- အစိုင်အခဲ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပိုမိုသန့်ရှင်းသော နေထိုင်မှုဝန်းကျင်၊

URP စီမံကိန်းတွင် လူသားချင်းစာနာထောက်ထားမှုအဆင့်အတွင်း ဆောင်ရွက်ခဲ့သည့် အစီအစဉ်အမျိုးမျိုးကို ပေါင်းစပ်၍ ကာလလတ်အတွက် ဆောင်ရွက်ချက်များအဖြစ် အသွင်ကူးပြောင်း ဆောင်ရွက်မည့် နည်းလမ်း ('nexus approach') တစ်ခုကို အသုံးပြုသွားမည်ဖြစ်သည်။

## ၁.၂။ ကနဦးစစ်တမ်းအတွက် အသုံးပြုခဲ့သည့် နည်းစနစ်များ

စစ်တမ်းအား ဖုန်းဖြင့် ကောက်ယူခဲ့ပြီး အိမ်ထောင်စုတစ်စုလျှင် မိနစ်(၂၀)ခန့် ကြာအောင် မေးမြန်းခဲ့ပါသည်။ ဖုန်းဖြင့် မေးမြန်းရန် အတွက် ဖုန်းနံပါတ်များစာရင်းမှ အသက် (၁၈) နှစ်ပြည့်ပြီး ဖြစ်သော အရွယ်ရောက်သူ အမျိုးသားများနှင့် အမျိုးသမီးများကို ကျပန်းရွေးချယ်ခဲ့ပါသည်။ ဖုန်းဖြင့် ကောက်ယူသည့် စစ်တမ်းများတွင် ဖုန်းအသုံးမပြုနိုင်သောသူများ၊ ဖုန်းလိုင်းချိတ်ဆက်မှု အားနည်းသော နေရာဒေသများတွင် နေထိုင်သူများအား ဖယ်ထုတ်ထားမိနိုင်သည့် အန္တရာယ်ရှိပြီး များသောအားဖြင့် ထိုသို့သောသူများသည် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများမှ ဖြစ်ပါသည်။

မြို့ပြပြည်သူများ၏ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ပေးရေး စီမံကိန်း မြို့နယ် (၈) မြို့နယ်မှ တစ်မြို့နယ်လျှင် ဖုန်းဖြင့် မေးမြန်းမှုပေါင်း (၂၅၀) စီ ပြုလုပ်ခဲ့ပြီး ရန်ကုန်ရှိ ကျန်မြို့နယ်များတွင် မေးမြန်းမှုပေါင်း ၁,၀၀၀ ထပ်မံ ပြုလုပ်ခဲ့ပါသည်။ နမူနာအုပ်စု ရွေးချယ်မှုအကြောင်း အသေးစိတ်အား နောက်ဆက်တွဲ (၁) တွင် ဖတ်ရှုနိုင်ပါသည်။ စစ်တမ်းတွင် ပါဝင်သည့် မြို့နယ်များအားလုံး၏ စာရင်းကိုလည်း ဖော်ပြပေးထားပါသည်။ မေးခွန်းလွှာကိုမူ နောက်ဆက်တွဲ (၅) တွင် ဖော်ပြပေးထားပါသည်။

ဤအစီရင်ခံစာတွင် ယခုစစ်တမ်းမှ ရလဒ်များအား ၂၀၁၇ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့သည့် အခြားစစ်တမ်းရလဒ်များနှင့် နှိုင်းယှဉ်တင်ပြထားပါသည် (နောက်ဆက်တွဲ–၂)။ စစ်တမ်းများအားလုံးသည် ကွဲပြားသော နည်းစနစ်အမျိုးမျိုးကို အသုံးပြုထားကြသဖြင့် နှိုင်းယှဉ်တင်ပြပေးရန် ကြိုးပမ်းသောအခါ အကန့်အသတ်များ ကြုံတွေ့ရပြီး စစ်တမ်းရလဒ်ဖော်ပြချက်များတွင် ထိုအကန့်အသတ်များကို ထင်ရှားစွာ တွေ့မြင်ရပါသည်။ အစီရင်ခံစာပါ ဇယားများတွင် တင်ပြထားသည့် ရလဒ်များအား စာရင်းအင်းပညာအရ ခိုင်မာမှု (significance)အတွက် စမ်းသပ်စစ်ဆေးထားခြင်း မရှိပါ။ စိစစ်လေ့လာမှုတွင် လက်ရှိနှင့် ယခင်က အချက်အလက်များကို အသုံးပြု၍ ဖြစ်ပေါ်ပြောင်းလဲနေမှုများ၏ အနာဂတ်လားရာများနှင့် ဆက်နွှယ်မှုများကို ပုံဖော်တင်ပြသည့် နည်းစနစ် (descriptive analysis) အား အသုံးပြုထားပါသည်။ ထို့ကြောင့် အမျိုးအစားအုပ်စုအလိုက် ခွဲခြားတင်ပြထားသော ကိန်းရှင်များကြား ဆက်စပ်မှုများ၏ ခိုင်မာမှုအား အဓိပ္ပါယ် ကောက်ယူရာတွင် သတိထား၍ လုပ်ဆောင်ရန် လိုအပ်မည် ဖြစ်ပါသည်။




# ၂ ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

## ၂.၁။ ဝင်ငွေများ ကျဆင်းခြင်း

ကနဦးစစ်တမ်းတွင် နမူနာအုပ်စုတစ်ခုလုံးမှ အိမ်ထောင်စုများ၏ ငါးပုံတစ်ပုံကျော် (၂၁.၇) ရာခိုင်နှုန်းသည် လွန်ခဲ့သော (၁၂) လအတွင်း ဝင်ငွေမရှိဘဲ နေရသည့်အခြေအနေကို မကြာခဏ ကြုံတွေ့ခဲ့ရသည် (ပုံ-၉)။ ၂၀၂၀ ခုနှစ် မတ်လက မြန်မာတစ်နိုင်ငံလုံးအတွက် ဆောင်ရွက်ခဲ့သည့် ကမ္ဘာ့တန်ဖိုးများစစ်တမ်းတွင် ဤရာခိုင်နှုန်းသည် များစွာပို၍ နည်းပါးပါသည် (၁၁.၇ ရာခိုင်နှုန်း)။

**ပုံ (၉)** လွန်ခဲ့သော (၁၂) လအတွင်း ဝင်ငွေမရှိဘဲ နေရသည့် ကြိမ်နှုန်း၊ ၂၀၂၀ နှင့် ၂၀၂၂ (ရာခိုင်နှုန်း)




အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊ အချက်အလက်ရင်းမြစ် ၂၀၂၀ – ကမ္ဘာ့တန်ဖိုးများစစ်တမ်း၊ ၂၀၂၀ မတ်၊ စာမျက်နှာ (၁၆)

URP မြို့နယ်ရှစ်ခုရှိ အခြေအနေသည် ရန်ကုန်၏ အခြားနေရာများထက် သိသိသာသာ ပိုဆိုးပါသည်။ ထိုမြို့နယ်များတွင် မကြာခဏ ဝင်ငွေမရှိဘဲ နေရနိုင်ခြေရှိသည့် အိမ်ထောင်စုသည် လေးပုံ တစ်ပုံနီးပါး ရှိပါသည် (၂၄.၁ ရာခိုင်နှုန်း၊ အခြားနေရာများတွင် ၁၆.၈ ရာခိုင်နှုန်း) (ဇယား-၄)။ ဝင်ငွေနည်းအိမ်ထောင်စုများ၊ ပျံကျရပ်ကွက်များတွင် နေထိုင်သော အိမ်ထောင်စုများနှင့် ကလေးရှိသော အိမ်ထောင်စုများသည် မကြာခဏ ဝင်ငွေမရှိဘဲ နေရနိုင်ခြေ ပိုများပါသည်။


စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများသည် ဝင်ငွေရင်းမြစ် နှစ်ခု သို့မဟုတ် ထို့ထက်ပို၍ ရှိကြသော်လည်း နမူနာအုပ်စုတစ်ခုလုံးတွင် ပါဝင်သည့် ဝင်ငွေနည်းအိမ်ထောင်စုများ၏ သုံးပုံနှစ်ပုံ (၆၆.၁ ရာခိုင်နှုန်း) သည် ဝင်ငွေရင်းမြစ်တစ်ခုတည်းပေါ်တွင် မှီခိုအားထားနေရပါသည်။ ထိုသို့ ဝင်ငွေရင်းမြစ်တစ်ခုတည်းပေါ်တွင် မှီခိုအားထားနေရမှုသည် အာမခံချက်မရှိသည့် မရေမရာအခြေအနေကို ဖြစ်စေပါသည်။ URP မြို့နယ် (၈) ခုအနက် မြို့နယ် (၂) ခု (လှိုင်သာယာနှင့် ရွှေပြည်သာ) မှ အထည်ချုပ်လုပ်သားများအား ကောက်ယူခဲ့သည့် စစ်တမ်း[၆] တွင် အလုပ်အကိုင်ဆုံးရှုံးခဲ့သည့် အထည်ချုပ်လုပ်သားများသည် တိုင်းတာ သည့်ညွှန်ကိန်းများအားလုံးနီးပါးတွင် အခြေအနေ ပို၍ဆိုးရွားကြောင်း တွေ့ရှိရပါသည် (ပုံ-၁၀)။ အလုပ်အကိုင်ဆုံးရှုံးခြင်းသည် မိသားစုများ၏ ကျန်းမာပျော်ရွှင်မှုဘဝအပေါ် အလွန်တရာကြီးမားသည့် သက်ရောက်မှုဖြစ်ပြီး အထူးသဖြင့် အခြားဝင်ငွေရင်းမြစ် မရှိသော အိမ်ထောင်စုများသည် ပို၍ထိခိုက်ခံစားရနိုင်

## ဇယား (၄) လွန်ခဲ့သော (၁၂) လအတွင်း ဝင်ငွေမရှိဘဲ နေရသည့် ကြိမ်နှုန်း (ရာခိုင်နှုန်းဖြင့်)

| | မကြာခဏ | တစ်ခါတစ်ရံ | ကြုံတွေ့ခဲ | မည်သည့်အခါမျှ | စုစုပေါင်း |
|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၂၁.၇ | ၂၂.၉ | ၇.၁ | ၄၈.၃ | ၁၀၀% |
| URP မြို့နယ် (၈) မြို့နယ် | ၂၄.၁ | ၂၃.၅ | ၇.၄ | ၄၅.၀ | ၁၀၀% |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၁၆.၈ | ၂၁.၆ | ၆.၃ | ၅၅.၃ | ၁၀၀% |
| | | | | | |
| URP မြို့နယ် (၈) မြို့နယ် | | | | | |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၄၁.၆ | ၂၅.၂ | ၅.၇ | ၂၇.၅ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်-၃၉၉,၀၀၀ ကျပ်ကြား | ၂၅.၀ | ၂၇.၁ | ၇.၀ | ၄၁.၀ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၁၀.၇ | ၁၈.၀ | ၉.၃ | ၆၂.၀ | ၁၀၀% |
| | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၁၄.၀ | ၁၄.၆ | ၈.၉ | ၆၂.၄ | ၁၀၀% |
| စီမံကိန်းချထားခြင်း မရှိသော အိမ်ရာများတွင် နေထိုင် | ၂၂.၄ | ၂၄.၆ | ၇.၅ | ၄၅.၅ | ၁၀၀% |
| ပျံကျရပ်ကွက်များတွင် နေထိုင် | ၃၉.၂ | ၂၂.၃ | ၆.၄ | ၃၂.၂ | ၁၀၀% |
| | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၁၆.၀ | ၂၁.၉ | ၈.၀ | ၅၄.၁ | ၁၀၀% |
| ကလေး (၀-၁၇) ရှိသော အိမ်ထောင်စု | ၂၉.၀ | ၂၄.၅ | ၇.၁ | ၃၉.၄ | ၁၀၀% |

အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

## ပုံ (၁၀) ယခင်ကနှင့် လက်ရှိ အထည်ချုပ်လုပ်သားများ၊ ကျန်းမာပျော်ရွှင်မှုအတွက် အခြေခံ လိုအပ်ချက်များ ပြည့်စုံမှုနှင့် ကျန်းမာပျော်ရွှင်ခြင်းနှင့်စပ်လျဉ်းသည့် ပုဂ္ဂလိကခံစားမှုအား တိုင်းတာခြင်း (ရာခိုင်နှုန်း)




အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

ပါသည်။ အိမ်ထောင်စု အချို့အတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီ လိုအပ် ချက်များကိုလည်း မြင့်တက်လာစေနိုင်ပါသည်။

အိမ်ထောင်စုများသည် ဝင်ငွေလျော့နည်းကျဆင်းမှုကို ကြုံတွေ့နေရပြီး အစားလျှော့စားခြင်းအပါအဝင်ဆိုးကျိုးဖြစ်နိုင်သည့်ရင်ဆိုင်ကျော်လွှားမှုနည်းလမ်းများကို အသုံးပြုနေရကြောင်း ထင်ရှားစွာတွေ့မြင်ရသည်။ မြို့ပြပြည်သူများ၏ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ပေးရေး စီမံကိန်းသည် ရန်ကုန်ရှိ စီမံကိန်း ဆောင်ရွက်ရန် ရွေးချယ်ထားသော မြို့နယ်များအတွင်း ဖြစ်ပွားမှု အများဆုံး ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ကိစ္စများထဲမှ အချို့အား ကိုင်တွယ်ဖြေရှင်းပေးရန် ရည်ရွယ်ပါသည်။ ဆောင်ရွက်မည့်လုပ်ငန်းများတွင် တစ်နိုင်တစ်ပိုင်နှင့် အသေးစားစီးပွားရေး လုပ်ငန်းများ တည်ထောင်နိုင်ရန် ပံ့ပိုးခြင်း၊ ဝင်ငွေဖန်တီးမှု အခွင့်အလမ်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ ပါဝင်ပါသည်။

## ၂.၂။ ဝင်ငွေလျော့နည်းလာမှုအား ရင်ဆိုင်ဖြေရှင်းခြင်း – အာဟာရပြည့်ဝသော အစားအစာများ လုံလောက်စွာ စားသုံးနိုင်ရန် ရုန်းကန်ကြိုးစားရခြင်း

စစ်တမ်းဖြေဆိုသူများက အလုပ်အကိုင်မရှိခြင်းနှင့် ကုန်ဈေးနှုန်းများ မြင့်တက်ခြင်းတို့အား အဓိက ပြဿနာကြီးနှစ်ခုအဖြစ် ဖော်ပြပြောဆိုကြပါသည် (ပုံ–၅)။ အဆိုပါပြဿနာနှစ်ခုကြောင့် ဝင်ငွေ လျော့နည်းသွားမှုကို ရင်ဆိုင်ဖြေရှင်းသည့် နည်းလမ်းများထဲတွင် အစားအစာလျှော့ဝယ်ခြင်းနှင့် ပို၍ ဈေးသက်သာသော အစားအစာများကို ဝယ်ယူခြင်းတို့ ပါဝင်ပါသည်။

စစ်အာဏာသိမ်းပြီးသည့်နောက်တွင် ရန်ကုန်မြို့အနီးဝန်းကျင်ရှိ ထောင်သောင်းချီသော ဆင်းရဲနွမ်းပါးသူများ၏ စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံမှုအခြေအနေသည် လျှင်မြန်စွာ ယိုယွင်းဆိုးရွားလာနေသည်ဟု UNOPSမှစီမံခန့်ခွဲဆောင်ရွက်သည့်အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများနှင့် စားနပ်ရိက္ခာရန်ပုံငွေ (LIFT)[၅] က သတိပေးခဲ့ပါသည်။ ဤစစ်တမ်းမှ ရရှိသော အချက်အလက်များကလည်း ထိုအခြေအနေကို မှန်ကန်ကြောင်း အတည်ပြုပေးခဲ့သည်။ နမူနာအုပ်စုတစ်ခုလုံးတွင် ပါဝင်သည့် အိမ်ထောင်စု (၄) စုတွင် တစ်စုက လွန်ခဲ့သော (၁၂) လအတွင်း ၎င်းတို့အိမ်ထောင်စုမှ လူများသည် ငွေမရှိသဖြင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝသော အစားအစာများကို စားသုံးနိုင်ခြင်းမရှိသည့် အချိန်တစ်ချိန် ရှိခဲ့သည်ဟု ဖြေဆိုပါသည် (ဇယား–၅)။

URP မြို့နယ် (၈) ခုရှိ အိမ်ထောင်စုများ၏ သုံးပုံတစ်ပုံ (၃၅.၇ ရာခိုင်နှုန်း)၊ အရေအတွက်အားဖြင့် အိမ်ထောင်စု ၂၁၅,၀၀၀ စုသည် လွန်ခဲ့သော (၁၂) လအတွင်း အစားလျှော့စားခဲ့ရကြောင်း ပြောပြပါသည် (ဇယား–၆)။ ကလေးရှိသော အိမ်ထောင်စုနမူနာအုပ်စုတစ်စုလုံး၏ သုံးပုံတစ်ပုံ (၃၀.၁ ရာခိုင်နှုန်း) သည် ငွေမရှိသောကြောင့် ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရပြည့်ဝသည့် အစားအစာများကို စားသုံးနိုင်ခြင်း မရှိကြောင်း၊ ငါးပုံနှစ်ပုံသည် အရင်းအမြစ်များ မရှိသောကြောင့် အစားလျှော့စားခဲ့ရကြောင်း ဖြေဆိုကြသည်မှာလည်း စိုးရိမ်ဖွယ်ရာကိစ္စဖြစ်ပါသည်။ URP မြို့နယ် (၈) ခု ၏ အခြေအနေသည် ရန်ကုန်မြို့၏ အခြားမြို့နယ်များထက် ပို၍ ဆိုးပါသည်။

### ဇယား (၅) လွန်ခဲ့သော (၁၂) လအတွင်း ငွေမရှိသောကြောင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝသည့် အစားအစာများကို စားသုံးနိုင်ခြင်းမရှိသည့် အိမ်ထောင်စုများ (ရာခိုင်နှုန်း)

| | ရှိ | မရှိ | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၂၆.၀ | ၇၄.၀ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၂၇.၅ | ၇၂.၅ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၂၃.၀ | ၇၇.၀ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | ရှိ | မရှိ | စုစုပေါင်း | ရှိ | မရှိ | စုစုပေါင်း |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၃၈.၂ | ၆၁.၈ | ၁၀၀% | ၃၈.၅ | ၆၁.၅ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်–၃၉၉,၀၀၀ ကျပ်ကြား | ၂၉.၂ | ၇၀.၈ | ၁၀၀% | ၂၉.၉ | ၇၀.၁ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၁၅.၇ | ၈၄.၃ | ၁၀၀% | ၁၆.၇ | ၈၃.၃ | ၁၀၀% |
| | | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၂၀.၀ | ၈၀.၀ | ၁၀၀% | ၂၁.၇ | ၇၈.၃ | ၁၀၀% |
| စီမံကိန်းချထားခြင်း မရှိသော အိမ်ရာများတွင် နေထိုင် | ၂၄.၉ | ၇၅.၁ | ၁၀၀% | ၂၆.၀ | ၇၄.၀ | ၁၀၀% |
| ပျံ့ကျရပ်ကွက်များတွင် နေထိုင် | ၃၉.၇ | ၆၀.၃ | ၁၀၀% | ၃၈.၉ | ၆၁.၁ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၁၉.၄ | ၈၀.၆ | ၁၀၀% | ၂၀.၈ | ၇၉.၂ | ၁၀၀% |
| ကလေး (၀–၁၇) ရှိသော အိမ်ထောင်စု | ၃၀.၁ | ၆၉.၉ | ၁၀၀% | ၃၁.၄ | ၆၈.၆ | ၁၀၀% |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

## ဇယား (၆) လွန်ခဲ့သော (၁၂) လအတွင်း အရင်းအမြစ်များ မရှိခြင်းကြောင့် အစာလျှော့စားခဲ့ရသည့် အိမ်ထောင်စုများ

| | ရှိ | မရှိ | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၃၃.၂ | ၆၆.၈ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၃၅.၇ | ၆၄.၃ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၂၈.၁ | ၇၁.၉ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | ရှိ | မရှိ | စုစုပေါင်း | ရှိ | မရှိ | စုစုပေါင်း |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၄၈.၉ | ၅၁.၁ | ၁၀၀% | ၅၀.၆ | ၄၉.၄ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်–၃၉၉,၀၀၀ ကျပ်ကြား | ၃၇.၇ | ၆၂.၃ | ၁၀၀% | ၃၉.၈ | ၆၀.၂ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၁၉.၆ | ၈၀.၄ | ၁၀၀% | ၂၀.၁ | ၇၉.၉ | ၁၀၀% |
| | | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၃၁.၁ | ၆၈.၉ | ၁၀၀% | ၃၃.၁ | ၆၆.၉ | ၁၀၀% |
| စီမံကိန်းချထားခြင်း မရှိသော အိမ်ရာများတွင် နေထိုင် | ၃၁.၇ | ၆၈.၃ | ၁၀၀% | ၃၄.၀ | ၆၆.၀ | ၁၀၀% |
| ပျံ့ကျဲရပ်ကွက်များတွင် နေထိုင် | ၄၆.၈ | ၅၃.၂ | ၁၀၀% | ၄၆.၃ | ၅၃.၇ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၂၄.၉ | ၇၅.၁ | ၁၀၀% | ၂၇.၇ | ၇၂.၃ | ၁၀၀% |
| ကလေး (၀–၁၇) ရှိသော အိမ်ထောင်စု | ၃၈.၄ | ၆၁.၆ | ၁၀၀% | ၄၀.၅ | ၅၉.၅ | ၁၀၀% |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

## ၂.၃။ ဝင်ငွေလျော့နည်းလာမှုအား ရင်ဆိုင်ဖြေရှင်းခြင်း – အကြွေးတင်ခြင်းနှင့် ပိုင်ဆိုင်ပစ္စည်းများ ရောင်းချရခြင်း

ဆန်နှင့် အခြားနေ့စဉ်လိုအပ်ချက်များအတွက် ကုန်စျေးနှုန်းများ မြင့်တက်လာမှုက စစ်တမ်းတွင် ပါဝင်ဖြေဆိုပေးခဲ့သည့် အိမ်ထောင်စုများအပေါ် ကြီးမားသော သက်ရောက်မှု ရှိပါသည်။ အိမ်ထောင်စု ငါးပုံတစ်ပုံနီးပါး (၁၉.၉ ရာခိုင်နှုန်း) သည် လက်ရှိတွင် ၎င်းတို့ရပ်ရွာတွင်းမှ ကုန်စုံဆိုင်များ သို့မဟုတ် အခြားစျေးဆိုင်များထံတွင် အကြွေးတင်နေကြပါသည်။ ထို့ကြောင့် (နမူနာ အုပ်စု တစ်စုလုံးကို လေ့လာသောအခါ) ပျံ့ကျဲရပ်ကွက်များတွင် နေထိုင်သည့် အိမ်ထောင်စုများထဲတွင် အကြွေးတင်နေသည့် အိမ်ထောင်စုမှာ ငါးပုံနှစ်ပုံနီးပါး ဖြစ်သွားပါသည် (ဇယား–၇)။ ဤသည်မှာ အဆိုပါနေရာများရှိ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ရေရှည်တည်တံ့မှုကို ရရှိနိုင်သော အခြေအနေ မဟုတ်ပါ။



ပျံ့ကျဲရပ်ကွက်များတွင် နေထိုင်နေသည့် နမူနာအိမ်ထောင်စုများ အားလုံး၏ ထက်ဝက်ကျော် (၅၁.၉ ရာခိုင်နှုန်း) သည် လွန်ခဲ့သောနှစ်အတွင်း ပိုင်ဆိုင်ပစ္စည်းများကို ရောင်းချခဲ့ရပါသည် (ဇယား–၈)။ ရောင်းချခဲ့ရသည့် ပစ္စည်းများသည် လုပ်ကိုင်စားသောက်ရာတွင် လိုအပ်သည့်ပစ္စည်း (ဥပမာ မော်တော်ဆိုင်ကယ်) ဖြစ်နေလျှင် ထို အိမ်ထောင်စုများသည် ပြန်လည်ထူထောင်နိုင်ရန် အလွန်ခက်ခဲသွားပါလိမ့်မည်။

## ဇယား (၇) ရပ်ရွာထဲရှိ ဈေးဆိုင်များတွင် အကြွေးတင်နေသော အိမ်ထောင်စုများ (ရာခိုင်နှုန်း)

| | ရှိ | မရှိ | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၁၉.၉ | ၈၀.၁ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၂၂.၅ | ၇၇.၅ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၁၄.၈ | ၈၅.၂ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | ရှိ | မရှိ | စုစုပေါင်း | ရှိ | မရှိ | စုစုပေါင်း |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၃၀.၄ | ၆၉.၆ | ၁၀၀% | ၃၂.၀ | ၆၈.၀ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်-၃၉၉,၀၀၀ ကျပ်ကြား | ၂၃.၈ | ၇၆.၂ | ၁၀၀% | ၂၆.၂ | ၇၃.၈ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၉.၈ | ၉၀.၂ | ၁၀၀% | ၁၁.၃ | ၈၈.၇ | ၁၀၀% |
| | | | | | | |
| စီးပွားရေးလုပ်ငန်းအိမ်ရာတွင် နေထိုင် | ၁၇.၀ | ၈၃.၀ | ၁၀၀% | ၁၄.၀ | ၈၆.၀ | ၁၀၀% |
| စီးပွားရေးလုပ်ငန်းမရှိသော အိမ်ရာများတွင် နေထိုင် | ၁၈.၂ | ၈၁.၈ | ၁၀၀% | ၂၀.၇ | ၇၉.၃ | ၁၀၀% |
| ပုံမှန်လုပ်ကွက်များတွင် နေထိုင် | ၃၆.၉ | ၆၃.၁ | ၁၀၀% | ၃၇.၁ | ၆၂.၉ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၁၃.၅ | ၈၆.၅ | ၁၀၀% | ၁၅.၁ | ၈၄.၉ | ၁၀၀% |
| ကလေး (၀-၁၇) ရှိသော အိမ်ထောင်စု | ၂၄.၀ | ၇၆.၀ | ၁၀၀% | ၂၇.၀ | ၇၃.၀ | ၁၀၀% |

အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

## ဇယား (၈) လွန်ခဲ့သော (၁၂) လအတွင်း ဝင်ငွေနှင့် ထွက်ငွေ မျှစေရန် ကြိုးစားရင်း ပိုင်ဆိုင်ပစ္စည်းများကို ရောင်းချခဲ့ရသည့် အိမ်ထောင်စုများ (ရာခိုင်နှုန်း)

| | ရှိ | မရှိ | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၄၂.၁ | ၅၇.၉ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၄၃.၄ | ၅၆.၆ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၃၉.၆ | ၆၀.၄ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စု တစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | ရှိ | မရှိ | စုစုပေါင်း | ရှိ | မရှိ | စုစုပေါင်း |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၄၇.၅ | ၅၂.၅ | ၁၀၀% | ၄၉.၂ | ၅၀.၈ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်-၃၉၉,၀၀၀ ကျပ်ကြား | ၄၅.၂ | ၅၄.၈ | ၁၀၀% | ၄၅.၁ | ၅၄.၉ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၃၅.၈ | ၆၄.၂ | ၁၀၀% | ၃၇.၁ | ၆၂.၉ | ၁၀၀% |
| | | | | | | |
| စီးပွားရေးလုပ်ငန်းအိမ်ရာတွင် နေထိုင် | ၃၆.၂ | ၆၃.၈ | ၁၀၀% | ၃၃.၁ | ၆၆.၉ | ၁၀၀% |
| စီးပွားရေးလုပ်ငန်းမရှိသော အိမ်ရာများတွင် နေထိုင် | ၄၁.၅ | ၅၈.၅ | ၁၀၀% | ၄၂.၈ | ၅၇.၂ | ၁၀၀% |
| ပုံမှန်လုပ်ကွက်များတွင် နေထိုင် | ၅၁.၉ | ၄၈.၁ | ၁၀၀% | ၅၁.၉ | ၄၈.၁ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၃၃.၉ | ၆၆.၁ | ၁၀၀% | ၃၄.၀ | ၆၆.၀ | ၁၀၀% |
| ကလေး (၀-၁၇) ရှိသော အိမ်ထောင်စု | ၄၇.၃ | ၅၂.၇ | ၁၀၀% | ၄၉.၀ | ၅၁.၀ | ၁၀၀% |

အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

## ၂.၄။ ဝင်ငွေနှင့်ထွက်ငွေ မမျှမှုအား ကာမိစေရန် အလွတ်သဘော ငွေချေးခြင်းများသည် ခေါင်းပုံဖြတ်ခံရနိုင်သည့် အန္တရာယ်ရှိသည်


ယခင်က ဆောင်ရွက်ခဲ့သော စစ်တမ်းများမှ အချက်အလက်များအရ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းတွင် အိမ်ထောင်စု၏ လိုငွေပြမှုများကို ကာမိထေမိစေရန်အတွက် ငွေချေး ယူကြသည့် အိမ်ထောင်စုအများအပြား ရှိပါသည်။ သို့သော် နိုင်ငံရေးအခြေအနေ မတည်မငြိမ်ဖြစ်လာပြီး နောက်ပိုင်းတွင် ငွေချေးသည့် အိမ်ထောင်စုအရေအတွက် ကျဆင်းသွားပါသည် (ပုံ-၁၁)။ ငွေချေးမှုများ လျော့နည်းသွားရခြင်းအကြောင်းရင်း တစ်ခုမှာ ငွေထုတ်ချေးခြင်းနှင့်စပ်လျဉ်း၍ ပိတ်ပင်ကန့်သတ် ချက်များ ချမှတ်ထားမှုကြောင့်ဖြစ်ပြီး ယေဘုယျအားဖြင့် အိမ် ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ဘဏ်များမှ ချေးငွေများအသစ်များ ရရှိနိုင်ခြင်း မရှိတော့ဘဲ မြန်မာနိုင်ငံရှိ ချေးငွေလက်လှမ်းမီရရှိနိုင်မှုသည် မရှိသလောက် ဖြစ်သွားခဲ့ ပါသည်။[၆]

လွန်ခဲ့သော (၁၂) လအတွင်း နမူနာအိမ်ထောင်စုများအားလုံး၏ (၃၁.၇) ရာခိုင်နှုန်းသည် ငွေတိုးချေးသူကဲ့သို့ အလွတ်သဘော ငွေထုတ်ချေးသည့်နေရာတစ်ခုခုမှ ငွေချေးယူခဲ့ကြပါသည်။ အစိုးရ သို့မဟုတ် ပုဂ္ဂလိကဘဏ်တစ်ခုမှ ချေးငွေယူခဲ့သော အိမ်ထောင်စုမှာ အလွန်နည်းပါးသဖြင့် (၂.၅ ရာခိုင်နှုန်း) မရှိဟုပင် ဆိုနိုင်ပါသည် (ပုံ-၁၂)။ URP မြို့နယ်များတွင် နေထိုင်သူများသည် အလွတ်သဘော ငွေချေးပေးသူထံမှ ငွေချေး ယူနိုင်ခြေ အများဆုံး ဖြစ်ပါသည် (၃၃.၅ ရာခိုင်နှုန်း)။


ပျံကျရပ်ကွက်များတွင် နေထိုင်သော အိမ်ထောင်စုများ (နမူနာအုပ်စုတစ်စုလုံး) ၏ (၄၀.၇) ရာခိုင်နှုန်းသည် အလွတ်သဘော ငွေချေးယူခဲ့ကြသဖြင့် ရေရှည်တွင် အကြွေးတင်ကာ အတိုးများကို မတန်တဆ ပေးဆပ်ရနိုင်သည့် အန္တရာယ် ပို၍ကြီးမားပါသည် (ဇယား-၉)။

URP မြို့နယ် (၈) ခုရှိ အိမ်ထောင်စုများ၏ (၁၆.၀) ရာခိုင်နှုန်းသည်

ပုံ (၁၁) ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ငွေတိုးချေးသူထံမှ ချေးငွေရယူခဲ့မှု၊ ၂၀၂၀ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ (ရာခိုင်နှုန်း)




ပုံ (၁၂) လွန်ခဲ့သော (၁၂) လအတွင်း ချေးငွေရယူခဲ့မှုများ၊ ချေးငွေထုတ်ပေးသည့်နေရာအလိုက် ဖော်ပြခြင်း (ရာခိုင်နှုန်း)




အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

## ဇယား (၉) လွန်ခဲ့သော (၁၂) အတွင်း ချေးငွေ အလွတ်သဘော ရယူခဲ့မှု (ရာခိုင်နှုန်း)

| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) ခု | | |
|---|---|---|---|---|---|---|
| | ရှိ | မရှိ | စုစုပေါင်း | ရှိ | မရှိ | စုစုပေါင်း |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၄၀.၅ | ၅၉.၅ | ၁၀၀% | ၄၁.၂ | ၅၈.၈ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်-၃၉၉,၀၀၀ ကျပ်ကြား | ၃၄.၆ | ၆၅.၄ | ၁၀၀% | ၃၆.၀ | ၆၄.၀ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၂၃.၇ | ၇၆.၃ | ၁၀၀% | ၂၅.၁ | ၇၄.၉ | ၁၀၀% |
| | | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၂၈.၅ | ၇၁.၅ | ၁၀၀% | ၂၇.၄ | ၇၂.၆ | ၁၀၀% |
| စီမံကိန်းချထားခြင်း မရှိသော အိမ်ရာများတွင် နေထိုင် | ၃၀.၉ | ၆၉.၁ | ၁၀၀% | ၃၃.၀ | ၆၇.၀ | ၁၀၀% |
| ပျံကျရပ်ကွက်များတွင် နေထိုင် | ၄၀.၇ | ၅၉.၃ | ၁၀၀% | ၃၉.၉ | ၆၀.၁ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၂၃.၈ | ၇၆.၂ | ၁၀၀% | ၂၄.၃ | ၇၅.၇ | ၁၀၀% |
| ကလေး (၀-၁၇) ရှိသော အိမ်ထောင်စု | ၃၆.၇ | ၆၃.၃ | ၁၀၀% | ၃၉.၁ | ၆၀.၉ | ၁၀၀% |

အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ

ငွေအချို့ စုဆောင်းနိုင်ကြပြီး ပျမ်းမျှအားဖြင့် အိမ်ထောင်စုဝင်ငွေ၏ ငါးပုံတစ်ပုံကို စုဆောင်းပါသည်။ သို့သော် ပျံကျရပ်ကွက်များတွင် နေထိုင်သည့် နမူနာအိမ်ထောင်စုများအားလုံးတွင် (၇.၅) ရာခိုင်နှုန်းကသာ လွန်ခဲ့သည့် (၁၂) လအတွင်း ငွေစုနိုင်ခဲ့ကြပါသည်။ URP မြို့နယ် (၈) မြို့နယ်မှ အိမ်ထောင်စုများသည် ထိုမြို့နယ်များ ပြင်ပတွင် နေထိုင်သူများထက် ငွေစုဆောင်းနိုင်ခြေ ပိုမိုနည်းပါးပါသည် (ဇယား-၁၀)။

URP စီမံကိန်းသည် အမျိုးသမီးအများစု ပါဝင်သည့် ငွေစုငွေချေးအဖွဲ့များ ဖွဲ့ပေးရန် အစီအစဉ်ရှိပါသည်။ ရပ်ရွာလူထုတွင် ငွေချေးယူနိုင်သည့် နေရာတစ်ခု ရှိနေလျှင် ကြံ့ကြံ့ခံနိုင်စွမ်း ပိုမိုမြင့်မားလာမည်ဖြစ်သည်။ ထို့အပြင် မတည်ရင်းနှီးရန် အရင်းအမြစ်များ လက်လှမ်းမီမှု မြင့်မားလာစေရန်အတွက် ထိုငွေစုငွေချေးအဖွဲ့များ တိုးတက်ကြီးထွားလာအောင် ကူညီပံ့ပိုးပေးသွားမည် ဖြစ်သည်။ ငွေစုငွေချေးအဖွဲ့များသည် ထိခိုက်လွယ်သောသူများအတွက် လက်ငင်းလိုအပ်နေသော ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သလို တစ်နိုင်တစ်ပိုင်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အရေးကြီးသည့် ချေးငွေရင်းမြစ်တစ်ခုလည်း ဖြစ်လာပါလိမ့်မည်။

## ဇယား (၁၀) လွန်ခဲ့သော (၁၂) အတွင်း ချေးငွေ အလွတ်သဘော ရယူခဲ့မှု (ရာခိုင်နှုန်း)

| | ရှိ | မရှိ | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၁၇.၇ | ၈၂.၃ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၁၆.၀ | ၈၄.၀ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၂၁.၀ | ၇၉.၀ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | ရှိ | မရှိ | စုစုပေါင်း | ရှိ | မရှိ | စုစုပေါင်း |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၈.၉ | ၉၁.၁ | ၁၀၀% | ၈.၄ | ၉၁.၆ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်-၃၉၉,၀၀၀ ကျပ်ကြား | ၁၁.၈ | ၈၈.၂ | ၁၀၀% | ၁၀.၆ | ၈၉.၄ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၂၈.၆ | ၇၁.၄ | ၁၀၀% | ၂၈.၀ | ၇၂.၀ | ၁၀၀% |
| | | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၂၀.၄ | ၇၉.၆ | ၁၀၀% | ၂၀.၄ | ၇၉.၆ | ၁၀၀% |
| စီမံကိန်းချထားခြင်းမရှိသော အိမ်ရာများတွင် နေထိုင် | ၁၈.၇ | ၈၁.၃ | ၁၀၀% | ၁၇.၂ | ၈၂.၈ | ၁၀၀% |
| ပျံကျရပ်ကွက်များတွင် နေထိုင် | ၇.၅ | ၉၂.၅ | ၁၀၀% | ၇.၁ | ၉၂.၉ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၂၁.၇ | ၇၈.၃ | ၁၀၀% | ၂၀.၉ | ၇၉.၁ | ၁၀၀% |
| ကလေး (၀-၁၇) ရှိသော အိမ်ထောင်စု | ၁၅.၁ | ၈၄.၉ | ၁၀၀% | ၁၃.၁ | ၈၆.၉ | ၁၀၀% |

အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ



# ၃ အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ

## ၃.၁။ အလုပ်အကိုင်များ – အလွန်အရေးပါသော လိုအပ်ချက်

URP မြို့နယ် (၈) ခုမှ ဖြေဆိုသူများအား ၎င်းတို့မြို့နယ်များရှိ အကြီးမားဆုံးသော ပြဿနာများအကြောင်း မေးမြန်းသောအခါ ထက်ဝက်နီးပါး (၄၅.၂) ရာခိုင်နှုန်းက အလုပ်အကိုင်မရှိခြင်းဟု ဖြေဆိုကြပါသည်။ ဤရာခိုင်နှုန်းသည် ဝင်ငွေနည်း အိမ်ထောင်စုများတွင်မူ ထက်ဝက်ကျော် (၅၁.၈ ရာခိုင်နှုန်း) အထိ မြင့်တက်သွားပါသည် (ဇယား–၁၁)။

## ဇယား (၁၁) မြို့နယ်ရှိ အဓိကပြဿနာများထဲမှ တစ်ခုအဖြစ် ဖော်ပြပြောဆိုခဲ့ကြသည့် အလုပ်အကိုင်မရှိမှု ပြဿနာ (ရာခိုင်နှုန်း)

| | မရှိ | ရှိ | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၅၈.၂ | ၄၁.၈ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၅၄.၈ | ၄၅.၂ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၆၅.၁ | ၃၄.၉ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | မရှိ | ရှိ | စုစုပေါင်း | မရှိ | ရှိ | စုစုပေါင်း |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၅၁.၈ | ၄၈.၂ | ၁၀၀% | ၄၈.၂ | ၅၁.၈ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်-၃၉၉,၀၀၀ ကျပ်ကြား | ၅၄.၃ | ၄၅.၇ | ၁၀၀% | ၅၀.၇ | ၄၉.၃ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၆၅.၇ | ၃၄.၃ | ၁၀၀% | ၆၄.၂ | ၃၅.၈ | ၁၀၀% |
| | | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၆၆.၈ | ၃၃.၂ | ၁၀၀% | ၆၃.၁ | ၃၆.၉ | ၁၀၀% |
| စီမံကိန်းချထားခြင်း မရှိသော အိမ်ရာများတွင် နေထိုင် | ၅၈.၄ | ၄၁.၆ | ၁၀၀% | ၅၅.၀ | ၄၅.၀ | ၁၀၀% |
| ပျံ့ကျဲရပ်ကွက်များတွင် နေထိုင် | ၄၉.၅ | ၅၀.၅ | ၁၀၀% | ၄၈.၈ | ၅၁.၂ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၆၃.၄ | ၃၆.၆ | ၁၀၀% | ၅၉.၇ | ၄၀.၃ | ၁၀၀% |
| ကလေး (၀-၁၇) ရှိသော အိမ်ထောင်စု | ၅၄.၉ | ၄၅.၁ | ၁၀၀% | ၅၁.၈ | ၄၈.၂ | ၁၀၀% |

အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ

URP မြို့နယ်များရှိ ဖြေဆိုသူများ၏ လေးပုံသုံးပုံ (၇၆.၈) ရာခိုင်နှုန်းသည် လွန်ခဲ့သော (၁၂) လ အတွင်းက လုပ်ခ၊ လစာ၊ ပွဲခ၊ သဒ္ဒါကြေး သို့မဟုတ် အခြားပုံမှန်လုပ်ခတစ်စုံတစ်ရာဖြင့် အလုပ်လုပ်ခဲ့ကြပါသည်။ ဤရာခိုင်နှုန်းသည် ရန်ကုန်၏ အခြားမြို့နယ်များထက် အနည်းငယ် ပိုနည်းပါသည်။ ဖြေဆိုသူများ၏ (၁၅.၇) ရာခိုင်နှုန်းက ၎င်းတို့သည် အလုပ်ရှာမရသဖြင့် အလုပ်လက်မဲ့များ ဖြစ်နေရကြောင်း ဖြေဆိုကြပါသည်။

အလုပ်မရှိသော်လည်း (အလုပ်ရှာ၍ရလျှင်) အလုပ်လုပ်လိုသူများအား အလုပ်တစ်ခုခု ရရှိနိုင်စေရန် မည်သည့်အရာက အထောက်အကူဖြစ်မည်နည်းဟူသည့် မေးခွန်းကို မေးမြန်းခဲ့ပါသည်။ ဖြေဆိုမှု အများဆုံး အဖြေသုံးခုမှာ သင့်လျော်သည့် ပညာအရည်အချင်း၊ လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် ငွေကြေးနှင့် မှတ်ပုံတင်ကဲ့သို့ သက်သေခံအထောက်အထားစာရွက်စာတမ်းများ ဖြစ်ပါသည် (ဇယား-၁၂)။ URP မြို့နယ် (၈) မြို့နယ်တွင် အမျိုးသမီးများသည် အမျိုးသားများထက် မှတ်ပုံတင် ရှိရန် လိုအပ်ကြောင်း ဖြေဆိုမှု များစွာ ပိုမိုမြင့်မားပါသည် (အမျိုးသမီးများ၏ ၂၁.၃ ရာခိုင်နှုန်းနှင့် အမျိုးသားများ၏ ၉.၅ ရာခိုင်နှုန်း)။

## ဇယား (၁၂) လွန်ခဲ့သော (၁၂) အတွင်း ချေးငွေ အလွတ်သဘော ရယူခဲ့မှု (ရာခိုင်နှုန်း)

| | သင့်လျော်သည့် ပညာအရည်အချင်း | လုပ်ငန်းတည်ထောင်ရန် ငွေကြေး | ID ကတ် | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၂၃.၀ | ၁၈.၁ | ၁၅.၇ | | | |
| URP မြို့နယ် (၈) မြို့နယ် | ၂၁.၁ | ၁၈.၅ | ၁၈.၅ | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၂၇.၇ | ၁၇.၀ | ၈.၉ | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | သင့်လျော်သည့် ပညာအရည်အချင်း | လုပ်ငန်းတည်ထောင်ရန် ငွေကြေး | ID ကတ် | သင့်လျော်သည့် ပညာအရည်အချင်း | လုပ်ငန်းတည်ထောင်ရန် ငွေကြေး | ID ကတ် |
| အမျိုးသား | ၂၁.၃ | ၁၇.၀ | ၉.၆ | ၁၉.၅ | ၁၉.၀ | ၉.၅ |
| အမျိုးသမီး | ၂၃.၆ | ၁၈.၄ | ၁၇.၇ | ၂၁.၇ | ၁၈.၄ | ၂၁.၃ |

အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ

ID ဟုဆိုရာတွင် အမျိုးသားမှတ်ပုံတင်ကတ်၊ ရပ်ကွက်တွင်နေထိုင်ကြောင်းထောက်ခံစာ၊ ယာဉ်မောင်းလိုင်စင်နှင့် သန်းခေါင်စာရင်းတို့ ပါဝင်ပါသည်။ အဖြေတစ်ခုထက်မက ရွေးချယ်ဖြေဆိုနိုင်သည်။

URP သည် အိမ်ထောင်စုများ၏ ဝင်ငွေတည်ငြိမ်စေရန်၊ လူမှုဖူလုံရေး ထောက်ပံ့မှုများကို အားပေးရန်နှင့် ဖြစ်ပေါ်လျက်ရှိသည့် အခက် အခဲများ သက်သာလျော့ပါးစေရန်အတွက် ငွေကြေးထောက်ပံ့မှုအား အလုပ်လုပ်စေခြင်းဖြင့် ပေးအပ်သည့် (cash-for-work) အစီအစဉ် များကို အကောင်အထည်ဖော်သွားရန် ရည်ရွယ်ထားပါသည်။ ထိုအစီ အစဉ်များအား ထိခိုက်လွယ်မှုအရှိဆုံးသူများနှင့် မကြာသေးမီအချိန် များအတွင်းက အလုပ်လုပ်ရန် အခွင့်အလမ်း မရှိခဲ့သူများကို ဦးတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

## ၃.၂။ ဆင်းရဲခြင်းမှ လွတ်မြောက်ရန် နည်းလမ်းတစ်ခု – အိမ်ထောင်စုပိုင် စီးပွားရေးလုပ်ငန်းများ


အိမ်ထောင်စုများအား လခစားအလုပ်အပြင် စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ကိုင်နေခြင်း ရှိ/မရှိ မေးမြန်းခဲ့ပါသည်။ အိမ်ထောင်စုစီးပွားရေး လုပ်ငန်းတစ်ခုအား ပိုင်ဆိုင်ခြင်းသည် ဆင်းရဲနွမ်းပါးမှု အဆင့် နည်းပါးခြင်းနှင့် ဒွန်တွဲ၍ တွေ့ရပါသည်။ ဆင်းရဲနွမ်းပါးခြင်း မရှိသော အိမ်ထောင်စုများသည် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများထက် အိမ်ထောင်စုစီးပွားရေး လုပ်ငန်းတစ်ခုအား လုပ်ကိုင်နိုင်ခြေ (၆၈.၈) ရာခိုင်နှုန်း ပိုများပါသည်။[၇]

နမူနာအုပ်စုတစ်စုလုံးကို လေ့လာလျှင် အိမ်ထောင်စုများ၏ ထက်ဝက် နီးပါး (၄၆.၀ ရာခိုင်နှုန်း) သည် စီးပွားရေးလုပ်ငန်းတစ်ခုကို ပိုင်ဆိုင်ပြီး ပျံကျရပ်ကွက်များတွင် နေထိုင်သော အိမ်ထောင်စု များသည် စီးပွားရေး လုပ်ငန်းတစ်ခု လုပ်ကိုင်နိုင်ခြေ အနည်းဆုံး (၃၉.၀ ရာခိုင်နှုန်း) ဖြစ် ပါသည် (ဇယား-၁၃)။ အိမ်ထောင်စုစီးပွားရေး လုပ်ငန်းများ၏ (၄၅.၀) ရာခိုင်နှုန်းသည် အမျိုး သမီးများမှ တစ်ဦးတည်း ပိုင်ဆိုင်ထားသည့် လုပ်ငန်းများ ဖြစ်ပါသည် (ပုံ-၁၃)။

### ဇယား (၁၃) လယ်ယာပြင်ပ စီးပွားရေးလုပ်ငန်းတစ်ခုအား ပိုင်ဆိုင်သော အိမ်ထောင်စုများ (ရာခိုင်နှုန်း)

| | ပိုင် | မပိုင် | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၄၆.၀ | ၅၄.၀ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၄၄.၆ | ၅၅.၄ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၄၉.၂ | ၅၀.၈ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ်များ | | |
| | ပိုင် | မပိုင် | စုစုပေါင်း | ပိုင် | မပိုင် | စုစုပေါင်း |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၄၆.၅ | ၅၃.၅ | ၁၀၀% | ၄၂.၈ | ၅၇.၂ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်–၃၉၉,၀၀၀ ကျပ်ကြား | ၄၁.၄ | ၅၈.၆ | ၁၀၀% | ၃၉.၁ | ၆၀.၉ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၅၀.၄ | ၄၉.၆ | ၁၀၀% | ၅၁.၆ | ၄၈.၄ | ၁၀၀% |
| | | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၄၂.၁ | ၅၇.၉ | ၁၀၀% | ၄၂.၇ | ၅၇.၃ | ၁၀၀% |
| စီမံကိန်းချထားခြင်းမရှိသော အိမ်ရာများတွင် နေထိုင် | ၄၇.၂ | ၅၂.၈ | ၁၀၀% | ၄၅.၆ | ၅၄.၄ | ၁၀၀% |
| ပျံကျရပ်ကွက်များတွင် နေထိုင် | ၃၉.၀ | ၆၁.၀ | ၁၀၀% | ၃၈.၅ | ၆၁.၅ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၄၁.၃ | ၅၈.၇ | ၁၀၀% | ၄၁.၁ | ၅၈.၉ | ၁၀၀% |
| ကလေး (၀–၁၇) ရှိသော အိမ်ထောင်စု | ၄၉.၀ | ၅၁.၀ | ၁၀၀% | ၄၆.၄ | ၅၃.၆ | ၁၀၀% |

### ပုံ (၁၃) အိမ်ထောင်စု စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်သူများ၏ အမျိုးသားဖြစ်မှု/အမျိုးသမီးဖြစ်မှု (ရာခိုင်နှုန်း)




အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ

## ဇယား (၁၄) လွန်ခဲ့သော (၁၂) အတွင်း ချေးငွေ အလွတ်သဘော ရယူခဲ့မှု (ရာခိုင်နှုန်း)

| | နမူနာအုပ်စုတစ်ခုလုံး | URP မြို့နယ် (၈) မြို့နယ် | ရန်ကုန်ရှိ ကျန်မြို့နယ်များ |
|---|---|---|---|
| လုပ်ငန်းထူထောင်ရန် အရင်းအနှီး | ၉၂.၉ | ၉၃.၄ | ၉၂.ဝ |
| နေရာအဆောက်အအုံ ဝယ်ယူ/ငှားရမ်းရန် ငွေကြေး | ၈.၇ | ၈.၂ | ၉.၈ |
| IT သင်တန်း | ၇.၃ | ၆.၂ | ၉.၆ |
| စာရင်းကိုင်သင်တန်း | ၅.၉ | ၄.၈ | ၈.၂ |
| လူသိများအောင် လုပ်ခြင်း/ဈေးကွက် ဖော်ဆောင်ခြင်း သင်တန်း | ၇.၉ | ၆.၁ | ၁၁.၃ |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ
အဖြေတစ်ခုထက်မက ရွေးချယ်ဖြေဆိုနိုင်

"သင် သို့မဟုတ် သင့်အိမ်ထောင်စုသည် စီးပွားရေးလုပ်ငန်းတစ်ခုကို တည်ထောင်လိုလျှင် မည်သည့်အရာ သို့မဟုတ် မည်သည့်စွမ်းရည်များအတွက် အကူအညီလိုအပ်မည်နည်း" ဟူသည့် မေးခွန်းကို ဖြေဆိုသူများအား မေးမြန်းခဲ့ပါသည်။ ဇယား (၁၄) တွင် ဖော်ပြထားသည့်အတိုင်း ငွေ သည် အဓိကလိုအပ်ချက်ဖြစ်ပြီး URP မြို့နယ် (၈) မြို့နယ်မှ အိမ်ထောင်စုများ၏ (၉၃.၄) ရာခိုင်နှုန်း က ထိုသို့ ဖြေဆိုခဲ့ခြင်း ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းအမျိုးမျိုး ထူထောင်လုပ်ကိုင်မှုနှင့် ဝင်ငွေဖန်တီးမှုတို့ကို အားပေးမြှင့်တင်ရန် အတွက် URP စီမံကိန်းသည် မြို့နယ် (၈) မြို့နယ်အတွင်းရှိ တစ်နိုင်တစ်ပိုင်နှင့် အသေးစားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးရန် ရည်ရွယ်ထားပါသည်။ အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးများ၏ စီးပွားရေးစွမ်းဆောင်ရည် မြှင့်တင်ပေးရေးကို အဓိကဦးတည်မည်ဖြစ်သည်။ URP စီမံကိန်းသည် စီးပွားရေးလုပ်ငန်းများကို စုပေါင်းလုပ်ကိုင်နေသော အဖွဲ့များ/ လူပုဂ္ဂိုလ်များအား ဆန်းသစ်တီထွင်မှုရှိပြီး ဈေးကွက်အလားအလာကောင်းသည့် ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများကို ကြံ့ခိုင်စိတ်ကူးနိုင်အောင် ကူညီပေးမည့် သင်တန်းများအား ပြုလုပ်ပေးမည်ဖြစ်သည်။

## ဇယား (၁၅) လွန်ခဲ့သည့် (၁၂) လအတွင်း အိမ်ထောင်စုရှိ ကလေးများ၊ သက်ကြီးရွယ်အိုများ သို့မဟုတ် အခြားသူများကို ပြုစုစောင့်ရှောက်ပေးရန် လိုအပ်ချက် တိုးလာခြင်း (ရာခိုင်နှုန်း)

| | ရှိ | မရှိ | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၃၈.ဝ | ၆၂.ဝ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၃၈.၆ | ၆၁.၄ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၃၆.၈ | ၆၃.၂ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | ရှိ | မရှိ | စုစုပေါင်း | ရှိ | မရှိ | စုစုပေါင်း |
| အမျိုးသား | ၃၅.၆ | ၆၄.၄ | ၁၀၀% | ၃၆.၂ | ၆၃.၈ | ၁၀၀% |
| အမျိုးသမီး | ၃၉.၈ | ၆၀.၂ | ၁၀၀% | ၄၀.၃ | ၅၉.၇ | ၁၀၀% |
| | | | | | | |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၄၀.၃ | ၅၉.၇ | ၁၀၀% | ၄၁.၆ | ၅၈.၄ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်–၃၉၉,၀၀၀ ကျပ်ကြား | ၃၈.၉ | ၆၁.၁ | ၁၀၀% | ၃၈.၉ | ၆၁.၁ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၃၅.၇ | ၆၄.၃ | ၁၀၀% | ၃၆.၁ | ၆၃.၉ | ၁၀၀% |
| | | | | | | |
| စနစ်တကျအကွက်ဖော်ထားသော အိမ်ရာများတွင် နေထိုင် | ၃၇.၄ | ၆၂.၆ | ၁၀၀% | ၃၈.၂ | ၆၁.၈ | ၁၀၀% |
| စီမံကိန်းချထားခြင်းမရှိသော အိမ်ရာများတွင် နေထိုင် | ၃၇.၃ | ၆၂.၇ | ၁၀၀% | ၃၇.၈ | ၆၂.၂ | ၁၀၀% |
| ပျံ့ကျဲရပ်ကွက်များတွင် နေထိုင် | ၄၄.၁ | ၅၅.၉ | ၁၀၀% | ၄၃.၁ | ၅၆.၉ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၃၂.၃ | ၆၇.၇ | ၁၀၀% | ၃၁.၅ | ၆၈.၅ | ၁၀၀% |
| ကလေး (ဝ–၁၇) ရှိသော အိမ်ထောင်စု | ၄၁.၆ | ၅၈.၄ | ၁၀၀% | ၄၂.၈ | ၅၇.၂ | ၁၀၀% |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ

## ၃.၃။ မိသားစုအား ပြုစုစောင့်ရှောက်ရသည့် တာဝန် – အလုပ်မလုပ်နိုင်အောင် ဟန့်တားထားသော အဆီးအတားတစ်ခု

လူများသည် မိမိတို့၏ အခြေခံလိုအပ်ချက်များအား စဉ်ဆက်မပြတ် ဖြည့်ဆည်းနိုင်မှု ရှိမည်/မရှိ မည် မရေရာလှသည့် အခြေအနေသည် ရှေ့လာမည့်နှစ်များအတွင်း အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကျိုးသက်ရောက်မှု ကြီးမားနိုင်ပါသည်။ ယခင်က ဖြစ်ပွားခဲ့သော အရေးပေါ်အခြေအနေများမှ အတွေ့အကြုံများအရ အလုပ်လက်မဲ့နှုန်း တိုးပွားလာမှုသည်သမားရိုးကျခွဲခြားသတ်မှတ်ထားသောကျားမရေးရာ အခန်းကဏ္ဍများကို ပြန်လည်ကျင့်သုံးလာအောင် တွန်းအားပေးလေ့ ရှိကြောင်း တွေ့ရပါသည်။ အလုပ်အကိုင်ရှားပါးသည့် အချိန်များတွင် လုပ်သားငှားရမ်းသည့်အခါ အလုပ်လက်မဲ့ အမျိုးသားများကို ပို၍ ဦးစားပေးကြပြီး အလုပ်လက်မဲ့ အမျိုးသမီးများမှာမူ အိမ်မှုကိစ္စနှင့် မိသားစုကို ပြုစုစောင့်ရှောက်ရသည့် အလုပ်များကိုသာ လုပ်ရသည့် အခြေသို့ ဆိုက်တတ်ပါသည်။

စစ်တမ်းဖြေဆိုသူများ၏ ငါးပုံနှစ်ပုံနီးပါး (၃၈.၀ ရာခိုင်နှုန်း) က လွန်ခဲ့သော (၁၂) လအတွင်း မိသားစုအား ပြုစုစောင့်ရှောက်ရသည့် တာဝန်များ သိသိသာသာ ပိုတိုးလာသည်ဟု ဖြေဆိုပါသည် (ဇယား–၁၅)။ ဝင်ငွေနည်းအိမ်ထောင်စုများ၊ ပျံကျရပ်ကွက်တွင် နေထိုင်သော အိမ်ထောင်စုများနှင့် ကလေးရှိသော အိမ်ထောင်စုများမှ အမျိုးသမီး များက ထိုသို့ဖြေဆိုနိုင်ခြေအများဆုံး ဖြစ်ပါသည်။

ထိုပိုလာသော ဝန်ကို မည်သူက အများဆုံးထမ်းရသနည်းဟု မေးမြန်း သောအခါ အမျိုးသားများနှင့် အမျိုးသမီးများကြားတွင် အမြင်များ အလွန်ပင် ကွဲပြားခြားနားနေသည်ကို တွေ့ရသည် (ဇယား–၁၆)။ အမျိုးသမီးများအားလုံးနီးပါးက မိသားစုကို ပြုစုစောင့်ရှောက်ရသည့် တာဝန်တိုးလာပါက အိမ်ထောင်စုတွင်းရှိ အမျိုးသမီးတစ်ဦးက ထမ်းဆောင်ရသည်ဟု တစ်ညီတစ်ညွတ်တည်း ဖြေဆိုကြပါသည်။ အမျိုးသားများကြားတွင်မူ အမြင်များ အမျိုးမျိုး ကွဲပြားနေပါသည်။

နမူနာအုပ်စုတစ်ခုလုံးမှ အမျိုးသမီးများ၏ သုံးပုံတစ်ပုံနီးပါး (၃၁.၀ ရာခိုင်နှုန်း) က ၎င်းတို့သည် မိသားစုကို ပြုစုစောင့်ရှောက်ရသည့်တာဝန် တိုးလာသဖြင့် ဝင်ငွေရသော အလုပ်ကို ဆက်မလုပ်နိုင်တော့ကြောင်း ပြောပါသည် (ဇယား–၁၇)။ UNDP နှင့် UN Women မှ လွန်ခဲ့သော (၉) လက ဆောင်ရွက်ခဲ့သည့် ကျားမရေးရာစစ်တမ်းတွင်လည်း အလားတူ ရာခိုင်နှုန်း (၂၉.၂ ရာခိုင်နှုန်း) ကို ရရှိခဲ့ပါသည်။[၈]

### ဇယား (၁၆) မိသားစုအား ပြုစုစောင့်ရှောက်ရန် တိုးလာသည့် တာဝန်အား ထမ်းရွက်ရသူ၏ အမျိုးသား/ အမျိုးသမီးဖြစ်မှု (ရာခိုင်နှုန်း)

| | Men | Women | Total | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၂၃.၈ | ၇၆.၂ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၂၃.၉ | ၇၆.၁ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၂၃.၆ | ၇၆.၄ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | အမျိုးသား | အမျိုးသမီး | စုစုပေါင်း | အမျိုးသား | အမျိုးသမီး | စုစုပေါင်း |
| အမျိုးသား | ၄၆.၃ | ၅၃.၇ | ၁၀၀% | ၄၅.၃ | ၅၄.၇ | ၁၀၀% |
| အမျိုးသမီး | ၈.၄ | ၉၁.၆ | ၁၀၀% | ၉.၀ | ၉၁.၀ | ၁၀၀% |
| | | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၂၈.၄ | ၇၁.၆ | ၁၀၀% | ၃၃.၃ | ၆၆.၇ | ၁၀၀% |
| စီမံကိန်းချထားခြင်းမရှိသော အိမ်ရာများတွင် နေထိုင် | ၂၂.၈ | ၇၇.၂ | ၁၀၀% | ၂၂.၄ | ၇၇.၆ | ၁၀၀% |
| ပျံကျရပ်ကွက်များတွင် နေထိုင် | ၂၇.၇ | ၇၂.၃ | ၁၀၀% | ၂၆.၂ | ၇၃.၈ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၂၇.၉ | ၇၂.၁ | ၁၀၀% | ၂၇.၁ | ၇၂.၉ | ၁၀၀% |
| ကလေး (၀–၁၇) ရှိသော အိမ်ထောင်စု | ၂၁.၈ | ၇၈.၂ | ၁၀၀% | ၂၂.၄ | ၇၇.၆ | ၁၀၀% |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ

## ဇယား (၁၇) မိသားစုအား ပြုစုစောင့်ရှောက်ရသည့် တာဝန်များ တိုးလာခြင်းကြောင့် ဝင်ငွေရသောအလုပ်ကို ဆက်မလုပ်နိုင်တော့ခြင်း (ရာခိုင်နှုန်း)

| | ရှိ | မရှိ | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၂၈.၉ | ၇၁.၁ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၃၁.၁ | ၆၈.၉ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၂၄.၂ | ၇၅.၈ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | ရှိ | မရှိ | စုစုပေါင်း | ရှိ | မရှိ | စုစုပေါင်း |
| အမျိုးသား | ၂၅.၈ | ၇၄.၂ | ၁၀၀% | ၂၈.၂ | ၇၁.၈ | ၁၀၀% |
| အမျိုးသမီး | ၃၁.၀ | ၆၉.၀ | ၁၀၀% | ၃၃.၂ | ၆၆.၈ | ၁၀၀% |
| | | | | | | |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၃၆.၅ | ၆၃.၅ | ၁၀၀% | ၃၉.၉ | ၆၀.၁ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်–၃၉၉,၀၀၀ ကျပ်ကြား | ၃၀.၅ | ၆၉.၅ | ၁၀၀% | ၃၁.၃ | ၆၈.၇ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၂၂.၄ | ၇၇.၆ | ၁၀၀% | ၂၃.၇ | ၇၆.၃ | ၁၀၀% |
| | | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၂၉.၅ | ၇၀.၅ | ၁၀၀% | ၃၁.၇ | ၆၈.၃ | ၁၀၀% |
| စီမံကိန်းချထားခြင်း မရှိသော အိမ်ရာများတွင် နေထိုင် | ၂၇.၁ | ၇၂.၉ | ၁၀၀% | ၂၉.၀ | ၇၁.၀ | ၁၀၀% |
| ပျံကျရပ်ကွက်များတွင် နေထိုင် | ၄၀.၈ | ၅၉.၂ | ၁၀၀% | ၄၁.၀ | ၅၉.၀ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၁၉.၆ | ၈၀.၄ | ၁၀၀% | ၂၂.၉ | ၇၇.၁ | ၁၀၀% |
| ကလေး (၀–၁၇) ရှိသော အိမ်ထောင်စု | ၃၃.၅ | ၆၆.၅ | ၁၀၀% | ၃၄.၈ | ၆၅.၂ | ၁၀၀% |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ




# ၄ မြို့နယ်များရှိ ကျားမအခြေပြု အကြမ်းဖက်မှု

လွန်ခဲ့သော (၁၂) လက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူထာရက်စ်က ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသည့် လော့ဒေါင်းချမှုများ၏ ဘေးထွက်ဆိုးကျိုးအဖြစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် "အသံတိတ်ကပ်ရောဂါ (shadow pandemic)" တစ်ခုအဖြစ် လျှင်မြန်စွာ တိုးပွားများပြားလာနေသည်ဟု သတိပေးခဲ့သည်။ UN Women က နိုင်ငံပေါင်း (၁၃) နိုင်ငံမှ စစ်တမ်းအချက်အလက်များပေါ်တွင် အခြေခံ၍ သုတေသနပြုလေ့လာခဲ့ရာ အမျိုးသမီးနှစ်ဦးတွင် တစ်ဦးနီးပါးသည် ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားပြီးနောက်ပိုင်း ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့ သိရှိသော အမျိုးသမီးတစ်ဦးသည် အကြမ်းဖက်မှုပုံစံတစ်မျိုးမျိုးကို တွေ့ကြုံခံစားခဲ့ရသည် ဟုဆိုပါသည်။[၆] များသောအားဖြင့် ကျားမအခြေပြုအကြမ်းဖက်မှုအား အသိပေးတိုင်ကြားမှု ပြုလေ့မရှိကြသဖြင့် ဤကိန်းဂဏန်းသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပြဿနာ အတိမ်အနက်အား ထင်ထင်ရှားရှား ပြသနေသည်ဟု ဆိုနိုင်ပါသည်။

ကပ်ရောဂါနှင့် စစ်အာဏာသိမ်းမှုတို့ကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများသည် အိမ်ထောင်စုများအတွင်း တင်းမာမှုများ ပိုမိုဆိုးရွားလာစေခဲ့ပါသည်။ မိသားစုများအားလုံးသည် အိမ်ထဲတွင်သာ နေကြရသောအခါ မျက်စိဒေါင့်ထောက် စောင့်ကြည့်ရန် ပိုလွယ်လာခြင်း၊ အကြမ်းဖက်သည့် သို့မဟုတ် မဖွယ်မရာပြုသည့် အပြုအမူများကို ယခင်ကကဲ့သို့ ထိန်းထိန်းသိမ်းသိမ်း မရှိတော့ဘဲ အလွယ်တကူ ကျူးလွန်လာခြင်းနှင့် မဖွယ်မရာပြုခံရမှုမှ လွတ်မြောက်အောင် ရှောင်တိမ်းရန် ပိုမိုခက်ခဲလာခြင်းတို့ကို ဖြစ်စေပါသည်။

အမျိုးသားများသည် အလုပ်အကိုင် ဆုံးရှုံးခြင်းနှင့် ဝင်ငွေလျော့နည်းလာခြင်းတို့ကြောင့် မိသားစုကို ရှာဖွေကျွေးမွေးရမည်ဟူသည့် လူမှုအသိုင်းအဝိုင်းမှသတ်မှတ်ပေးထားသောအခန်းကဏ္ဍကိုလုံလောက်စွာ ထမ်းဆောင်နိုင်ခြင်းမရှိဟု ခံစားလာရနိုင်သည်။ အမျိုးသားများအား ၎င်းတို့၏ လက်ရှိဘဝအခြေအနေကို မည်သည့်ရှုမြင်သနည်းဟု မေးမြန်းကာ အဆင့်သတ်မှတ်ခိုင်းသောအခါ ဆိုးရွား (သို့မဟုတ်) အလွန်ဆိုးရွားသောဘဝဟု ဖြေဆိုနိုင်ခြေ ပိုများပါသည်။ အထူးသဖြင့် URP မြို့နယ် (၈) မြို့နယ်တွင် ထိုသို့ဖြေဆိုသည့် အမျိုးသားရာခိုင်နှုန်း ပိုများပါသည် (၂၆.၁ ရာခိုင်နှုန်း) (ဇယား-၁၈)။

ကျားမရေးရာနှင့်ပတ်သက်၍ နက်ရှိုင်းစွာ အမြစ်တွယ်နေသော ပုံသေကားကျယူဆချက်များကလည်း အမျိုးသမီးများ၏ မဖွယ်မရာပြုခံရမှုများအကြောင်း ထုတ်ဖော်ပြောဆိုနိုင်စွမ်းနှင့် အကြမ်းဖက်သည့် အိမ်ထောင်ဖက်နှင့် လမ်းခွဲနိုင်စွမ်းများကို လျော့နည်းစေပါသည်။ 'မိခင်ကောင်း' နှင့် 'ဇနီးကောင်း' တစ်ဦးသည် အိမ်ထောင်ဖက်များ၊ သားသမီးများ၊ မိဘများနှင့်ပတ်သက်သည့် ဒုက္ခ၊ သုက္ခမှန်သမျှကို ခါးစည်းခံနိုင်ရမည်ဟု လူမှုအသိုင်းအဝိုင်းက သတ်မှတ်ထားပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားပြီးနောက်ပိုင်းတွင် အိမ်တွင်း အကြမ်းဖက်ခံရမှုများကိုတိုင်ကြားသည့်အရေအတွက်တိုးလာပါသည်။ အခရာအမျိုးသမီးအဖွဲ့အစည်းက လော့ဒေါင်းချထားသည့်ကာလများအတွင်း သတင်းပို့လာသည့် အကြမ်းဖက်မှု ဖြစ်ရပ်အရေအတွက်သည် (၇) ဆ ကျော် တိုးပွားလာပြီး အများစုသည် အိမ်တွင်း အကြမ်းဖက်သည့် အမှုကိစ္စများ ဖြစ်သည်ဟုဆိုပါသည်။[၁၀]

URP မြို့နယ် (၈) ခုမှ ဖြေဆိုသူများ၏ (၁၄.၇) ရာခိုင်နှုန်းက လွန်ခဲ့သော (၁၂) လအတွင်း ၎င်းတို့ နေထိုင်ရာ ရပ်ကွက်ထဲတွင် အမျိုးသမီးများအပေါ် ၎င်းတို့၏မိသားစုဝင်များက အကြမ်းဖက်ခြင်းအား သတိပြုမိခဲ့ကြပြီး (၅.၀) ရာခိုင်နှုန်းက အိမ်တွင်းအကြမ်းဖက်ခံရခြင်းကြောင့် အကူအညီရှာသည့် မိန်းကလေး သို့မဟုတ် အမျိုးသမီးတစ်ဦးကို တွေ့ခဲ့ဖူးပါသည် (ဇယား-၁၉)။

အိမ်ထောင်စုများ၏ (၁၀.၄) ရာခိုင်နှုန်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအကြောင်း အသိပညာမြှင့်တင်ပေးသည့် သင်တန်း (သို့မဟုတ်) အလုပ်ဆွေးနွေးပွဲတစ်ခု တက်ရောက်ဖူးသူတစ်ဦး ရှိပါသည်။

UN Women သည် ၂၀၂၂ ခုနှစ် အစောပိုင်းတွင် ဆောင်ရွက်ခဲ့သည့် ရန်ကုန်မြို့ အနီးဝန်းကျင်တွင် နေထိုင်သော လူမှုအသိုင်းအဝိုင်းများအတွင်း အမျိုးသမီးများ၏ တရားမျှတမှုအား လက်လှမ်းမီမှု အကြောင်း လေ့လာမှုမှ အဓိကတွေ့ရှိချက်များပေါ်တွင် အခြေခံ၍ GBV နှင့် ဥပဒေရေးရာ ဝန်ဆောင်မှုများကို အဓိကထား ဆောင်ရွက်ပေးသည့် အစီအစဉ်တစ်ခုကို စတင်နေပြီ ဖြစ်ပါသည်။ ထိုအစီအစဉ်တွင် UN Women သည် အမျိုးသမီး စွန့်ဦးတီထွင်သူများနှင့် အကြမ်းဖက်မှုမှ ဆက်လက်ရှင်သန်သူ အမျိုးသမီးများ၏ ဝန်ဆောင်မှု လိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ခြင်း၊ GBV လွှဲပြောင်းညွှန်းပို့မှု လမ်းကြောင်းများနှင့် ဝန်ဆောင်မှုများ အားကောင်းစေခြင်း၊ business accelerator များ (စတင်တည်ထောင်သည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီပေးနေသူများ) ကိုလည်း အမျိုးသမီးစွန့်ဦး တီထွင်သူများအား GBV လွှဲပြောင်းညွှန်းပို့မှု လမ်းကြောင်းများနှင့် ချိတ်ဆက်ပေးနိုင်ရန်၊ တစ်ပြိုင်နက်တည်းတွင် GBV ဝန်ဆောင်မှု ဆောင်ရွက်ပေးနေသူများနှင့် ၎င်းတို့ကြား ဆက်ဆံရေး ခိုင်မာအောင် လုပ်ဆောင်နိုင်ရန် စွမ်းရည်မြှင့်တင်မှုများ ပြုလုပ်ပေးနေပါသည်။

အထက်ဖော်ပြပါ လုပ်ဆောင်မှုများပေါ်တွင် အားပြု၍ URP စီမံကိန်းသည် အကြမ်းဖက်မှု ခံရနိုင်ခြေပိုမိုမြင့်မားသည့် အုပ်စုများ (ဥပမာ ဆယ်ကျော်သက်မိန်းကလေးများနှင့် တိုင်းရင်းသားလူနည်းစုဝင်အမျိုးသမီးများ) အား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအား တားဆီးကာကွယ်ရန်နှင့် အကြမ်းဖက်မှု ကာကွယ်ရေးတွင် ယောကျ်ားလေးများ၊ အမျိုးသားများ၊ ထုံးတမ်းစဉ်လာ ခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် ဗျူဟာကျ ဆက်သွယ်ပူးပေါင်းဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။ လုပ်ဆောင်မည့် လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်ပါသည် –

- ဥပဒေရေးရာအကူအညီပေးခြင်း၊ လူမှုစိတ်ပိုင်းဆိုင်ရာ ဆွေးနွေးအကြံပေးခြင်းနှင့် ကျန်းမာ ရေးစောင့်ရှောက်ပေးခြင်း ကဲ့သို့သော GBV ဝန်ဆောင်မှုများထံသို့ လွှဲပြောင်းညွှန်းပို့မှု တိုးတက်ကောင်းမွန်စေခြင်း၊
- အကြမ်းဖက်မှုများ အဆုံးသတ်ရေး ဆန်းသစ်တီထွင်သော နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးခြင်း၊
- အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု အကြောင်း ပိုမိုနားလည်သိရှိလာစေရန်အတွက် ဆွေးနွေးအကြံပြုတိုက်တွန်းမှုများ ပြုလုပ်ရန် အားပေးခြင်း၊ ဥပမာ ဒေသန္တရအဆင့် ရေဒီယိုအသံလွှင့်ဌာနများအား အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရေးဆိုင်ရာ အသိပညာပေး အစီအစဉ်များအား ဒေသခံဘာသာ စကားအမျိုးမျိုးဖြင့် စီစဉ်ထုတ်လွှင့်ရန် အကြံပြုနိုင်ပါသည်။

## ဇယား (၁၈) လက်ရှိဘဝအား ဆိုးရွားသည် (သို့မဟုတ်) အလွန်ဆိုးရွားသည်ဟု သတ်မှတ်ခြင်း (ရာခိုင်နှုန်း)

| | အမျိုးသား | အမျိုးသမီး | အားလုံး |
|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၂၅.၇ | ၂၂.၁ | ၂၃.၆ |
| URP မြို့နယ် (၈) မြို့နယ် | ၂၆.၁ | ၂၃.၀ | ၂၄.၄ |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၂၄.၇ | ၂၀.၂ | ၂၂.၁ |

## ဇယား (၁၉) နေရာဒေသအလိုက် ကျားမအခြေပြုအကြမ်းဖက်မှုအား လေ့လာတိုင်းတာထား မှုများ (ရာခိုင်နှုန်း)

| | အကြမ်းဖက်ခံရခြင်းကို သတိပြုမိ | | | အကူအညီရှာသည့် အမျိုးသမီး/ မိန်းကလေးကို သိရှိ | | | အိမ်ထောင်စုတွင်း GBV အသိပညာမြှင့်တင်မှု သင်တန်း ရရှိဖူးသူရှိ | | |
|---|---|---|---|---|---|---|---|---|---|
| | ရှိ | မရှိ | စုစုပေါင်း | ရှိ | မရှိ | စုစုပေါင်း | ရှိ | မရှိ | စုစုပေါင်း |
| နမူနာအုပ်စုတစ်ခုလုံး | ၁၃.၆ | ၈၆.၄ | ၁၀၀% | ၄.၆ | ၉၅.၄ | ၁၀၀% | ၉.၄ | ၉၀.၆ | ၁၀၀% |
| URP မြို့နယ် (၈) မြို့နယ် | ၁၄.၇ | ၈၅.၃ | ၁၀၀% | ၅.၀ | ၉၅.၀ | ၁၀၀% | ၁၀.၄ | ၈၉.၆ | ၁၀၀% |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၁၁.၄ | ၈၈.၆ | ၁၀၀% | ၃.၇ | ၉၆.၃ | ၁၀၀% | ၇.၃ | ၉၂.၇ | ၁၀၀% |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ




# ၅ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

## ၅.၁။ ကျန်းမာရေး – အခြေခံဝန်ဆောင်မှုများ အားကောင်းအောင် လုပ်ဆောင်ခြင်း

စစ်တမ်းမှ ရလဒ်များအရ URP မြို့နယ်များတွင် နေထိုင်သူများသည် ယခုအခါတွင် မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း၊ ၂၀၁၇ အား ဆောင်ရွက်ခဲ့သည့် လွန်ခဲ့သော ငါးနှစ်ကထက် နာမကျန်းဖြစ်နိုင်ခြေ ပိုများလာပါသည်။ လက်ရှိတွင် မြို့နယ်ရှစ်မြို့နယ်မှ ဖြေဆိုသူများ၏ ထက်ဝက်နီးပါး (၄၈.၁ ရာခိုင်နှုန်း) က လွန်ခဲ့သော ရက် (၃၀) အတွင်း ထိခိုက်ဒဏ်ရာ (သို့မဟုတ်) နေထိုင်မကောင်းမှု တစ်ခုရှိခဲ့သည်ဟု ဆိုပါသည် (ဇယား–၂၀)။ ၂၀၁၇ ခုနှစ်တွင် ယင်းသည် (၃၀.၇) ရာခိုင်နှုန်းသာ ရှိခဲ့ပါသည်။

URP မြို့နယ်ရှစ်မြို့နယ်ရှိ အိမ်ထောင်စုများသည် ရန်ကုန်၏ အခြားနေရာများကထက် ကျန်းမာရေး ပြဿနာတစ်ခု ရှိနိုင်ခြေပိုများပြီး ရန်ကုန်ရှိ ပျံ့ကျရပ်ကွက်များတွင် နေထိုင်သူများ၏ ထက်ဝက်ကျော် (၅၅.၃ ရာခိုင်နှုန်း) က အိမ်ထောင်စုဝင်တစ်ဦးတွင် ကျန်းမာရေးပြဿနာ ရှိခဲ့သည်ဟု ဖြေပါသည်။

## ဇယား (၂၀) လွန်ခဲ့သော ရက် (၃၀) အတွင်း ထိခိုက်ဒဏ်ရာ သို့မဟုတ် နာမကျန်းမှု ဖြစ်သော အိမ်ထောင်စုဝင် (ရာခိုင်နှုန်း)

| | ရှိ | မရှိ | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၄၆.၆ | ၅၃.၄ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၄၈.၁ | ၅၁.၉ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၄၃.၆ | ၅၆.၄ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | ရှိ | မရှိ | စုစုပေါင်း | ရှိ | မရှိ | စုစုပေါင်း |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၅၂.၆ | ၄၇.၄ | ၁၀၀% | ၅၂.၉ | ၄၇.၁ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်-၃၉၉,၀၀၀ ကျပ်ကြား | ၄၈.၆ | ၅၁.၄ | ၁၀၀% | ၅၀.၄ | ၄၉.၆ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၄၁.၁ | ၅၈.၉ | ၁၀၀% | ၄၂.၂ | ၅၇.၈ | ၁၀၀% |
| | | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၄၅.၁ | ၅၄.၉ | ၁၀၀% | ၄၃.၉ | ၅၆.၁ | ၁၀၀% |
| စီမံကိန်းချထားခြင်း မရှိသော အိမ်ရာများတွင် နေထိုင် | ၄၅.၇ | ၅၄.၃ | ၁၀၀% | ၄၇.၂ | ၅၂.၈ | ၁၀၀% |
| ပျံ့ကျရပ်ကွက်များတွင် နေထိုင် | ၅၅.၃ | ၄၄.၇ | ၁၀၀% | ၅၅.၁ | ၄၄.၉ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၄၀.၂ | ၅၉.၈ | ၁၀၀% | ၄၁.၃ | ၅၈.၇ | ၁၀၀% |
| ကလေး (၀-၁၇) ရှိသော အိမ်ထောင်စု | ၅၀.၇ | ၄၉.၃ | ၁၀၀% | ၅၂.၂ | ၄၇.၈ | ၁၀၀% |

အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ

လွန်ခဲ့သော ရက် (၃၀) အတွင်း ထိခိုက်ဒဏ်ရာ သို့မဟုတ် နာမကျန်းမှု တစ်ခု ဖြစ်ခဲ့သည့် သူတစ်ဦးရှိသော အိမ်ထောင်စုများထဲမှ ငါးပုံ သုံးပုံ (၅၉.၉ ရာခိုင်နှုန်း) တွင် လွန်ခဲ့သော ရက် (၃၀) အတွင်း အပြင်းထန်ဆုံးသော ကျန်းမာရေးပြဿနာကြောင့် ဆရာဝန်ထံ သို့မဟုတ် ဆေးရုံသို့ သွားပြရသူ ရှိခဲ့ပါသည်။ ပိုမိုဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများမှာမူ ဆရာဝန်တစ်ဦးထံ သွားရောက်ပြသနိုင်ခြေ ပို၍ နည်းပါးပါသည် (ဇယား-၂၁)။

စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီးသည့်နောက်တွင် ထောင်သောင်းချီသော ဆရာဝန်များသည် အစိုးရ ဆေးရုံ၊ ကျန်းမာရေးဌာနများတွင် အလုပ်လုပ်ရန် ငြင်းဆိုပြီး အလုပ်မှ ထွက်ကြပါသည်။ ဆရာဝန်အများအပြားသည်ပုဂ္ဂလိကဆေးရုံများတွင်ကျန်းမာရေးစောင့်ရှောက်မှုများကိုအခမဲ့ ဆောင်ရွက်ပေးလာကြသည်။ သို့သော် ကျန်းမာရေးဝန်ထမ်းများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းသည် စစ်အာဏာသိမ်းမှု၏ ထင်ရှားသည့် လက္ခဏာတစ်ရပ် ဖြစ်လာခဲ့ပြီး မြန်မာနိုင်ငံသည် ကျန်းမာရေးဝန်ထမ်းများအတွက် အန္တရာယ် အများဆုံးနေရာများထဲမှ တစ်ခုဖြစ်လာပါသည်။[၁၁] စစ်တမ်းအရ ရန်ကုန်တွင် နေထိုင်သူများသည် ပုဂ္ဂလိက ကျန်းမာရေးဌာနများပေါ် မှီခိုအားထား နေရသည့် အထောက်အထားများကို တွေ့ရှိခဲ့ပြီး ယခုလက်ရှိတွင် ရန်ကုန်မြို့ရှိ ကျန်းမာရေး စောင့်ရှောက်မှုခံယူသူ အများစု (နမူနာအုပ်စုတစ်စုလုံး၏ ၈၆.၉ ရာခိုင်နှုန်း) သည် ပုဂ္ဂလိက ဆေးရုံဆေးခန်းများတွင် စောင့်ရှောက်မှု ခံယူနေကြခြင်း ဖြစ်သည်။ ၂၀၂၀ ခုနှစ် မတ်လ ကိုဗစ်-၁၉ ကပ်ရောဂါ

## ဇယား (၂၁) လွန်ခဲ့သော ရက် (၃၀) အတွင်း အပြင်းထန်ဆုံး ကျန်းမာရေးပြဿနာအတွက် ဆရာဝန် သို့မဟုတ် ဆေးရုံသို့ သွားရောက်ပြသခဲ့သည့် အိမ်ထောင်စုဝင် (ရာခိုင်နှုန်း)

| | ရှိ | မရှိ | စုစုပေါင်း |
|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၅၉.၉ | ၄၀.၁ | ၁၀၀% |
| URP မြို့နယ် (၈) မြို့နယ် | ၅၉.၂ | ၄၀.၈ | ၁၀၀% |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၆၁.၇ | ၃၈.၃ | ၁၀၀% |
| | | | |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၅၄.၅ | ၄၅.၅ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်-၃၉၉,၀၀၀ ကျပ်ကြား | ၆၀.၆ | ၃၉.၄ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၆၃.၀ | ၃၇.၀ | ၁၀၀% |

အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ


စတင် ကူးစက်ဖြစ်ပွားသည့်အချိန်မှစ၍ အစိုးရကျန်းမာရေးဝန်ဆောင်မှုတစ်ခုထံမှ အွန်လိုင်းမှတစ်ဆင့် စောင့်ရှောက်မှု ခံယူခဲ့သည့် အိမ်ထောင်စုသည် (၂.၅) ရာခိုင်နှုန်းသာ ရှိပါသည်။

မကြာမီကာလများအတွင်း ရန်ကုန်တွင် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိနိုင်ရေး စိန်ခေါ်မှုများ ရှိနေကြောင်း ခိုင်လုံသည့် အထောက်အထားများ တွေ့ရပါသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဆောင်ရွက်ခဲ့သော စစ်တမ်းများတွင် အမျိုးသမီးများ၏ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရေး အခက်အခဲများ ကြုံတွေ့ရမှုနှင့် စပ်လျဉ်းသည့် သဘောထားအမြင်များကို မှတ်တမ်းတင်နိုင်ခဲ့ပါသည် (ပုံ-၁၄)။ စစ်အာဏာသိမ်းပြီး နောက်ပိုင်း များမကြာမီတွင် (၂၀၂၁ ခုနှစ် မေ/ဇွန်) ထိုအခက်အခဲများသည် အမြင့်ဆုံးအဆင့်သို့ ရောက်ခဲ့သလို ဆက်လက်ဖြစ်ပွားလျက်လည်း ရှိနေပါသေးသည်။ ဤစစ်တမ်းတွင် အမျိုးသမီးများ၏ ထက်ဝက်နီးပါးက ကျန်းမာရေး စောင့်ရှောက်မှုများ လက်လှမ်းမီရရှိမှုသည် လွန်ခဲ့သော တစ်လအတွင်း ပိုမိုခက်ခဲလာသည် ဟုဆိုပါသည်။ အထူးသဖြင့် ဤကနဦး စစ်တမ်းတွင် ဝင်ငွေနည်းအိမ်ထောင်စု နမူနာအုပ်စုတစ်စုလုံး၏ ငါးပုံသုံးပုံ (၅၈.၆ ရာခိုင်နှုန်း) သည် လွန်ခဲ့သော (၁၂) လအတွင်း ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရန် ပို၍ ခက်ခဲလာသည်ဟု ဖြေဆိုထားပါသည်။


ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိရန် အဘယ်ကြောင့် ပို၍ ခက်ခဲလာကြောင်း မေးမြန်းသောအခါ နမူနာအုပ်စုတစ်ခုလုံး၏ လေးပုံသုံးပုံ (၇၅.၁ ရာခိုင်နှုန်း) က ပေးရသည့် အဖိုးအခများ ပိုမို မြင့်မားလာခြင်းကြောင့် မတတ်နိုင်တော့၍ဟု ဖြေဆိုပါသည် (ပုံ-၁၅)။ URP မြို့နယ်များတွင် နေထိုင်သည့် စစ်တမ်းဖြေဆိုသူများ အများဆုံး ဖြေဆိုသည့် အကြောင်းရင်းမှာမူ သွားရေးလာရေး ခက်ခဲ သောကြောင့် ဖြစ်ပါသည် (၂၇.၅ ရာခိုင်နှုန်း)။

ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အဖိုးအခပေးရန် ပိုမိုခက်ခဲလာမှုအား မြန်မာနေထိုင်မှု အခြေအနေစစ်တမ်း၊ ၂၀၁၇ ၏ ရလဒ်များနှင့် နှိုင်းယှဉ်ကြည့်ခဲ့ပါသည်။ ယခုအခါ ဆေးကုသမှုစရိတ်များ ကာမိစေရန်အတွက် ငွေချေးရသည့် သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းများကို ရောင်းချရသည့် အိမ်ထောင်စုများ ပိုမိုများပြားလာပါသည် (ပုံ-၁၆)။ ဝင်ငွေနည်းအိမ်ထောင်စုများ၊ ပျံကျရပ်ကွက်တွင် နေထိုင်သူများနှင့် ကလေးရှိသော အိမ်ထောင်စုများသည် အခြားသူများထက် ဆေး ကုသမှုစရိတ်ကာမိစေရန် ငွေချေးရနိုင်ခြေ ပိုများကြောင်းကို ဇယား (၂၂) တွင် ဖော်ပြထားပါသည်။ ထို့ပြင် ဆေးကုသမှု စရိတ်အတွက် ပိုင်ဆိုင်ပစ္စည်းများ ရောင်းချရသော အိမ်ထောင်စုများကို လေ့လာ သောအခါ တွင်လည်း တူညီသည့်ပုံစံကို တွေ့ရှိရပါသည်။

## ပုံ (၁၄) လွန်ခဲ့သောလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိရန် ပိုမိုခက်ခဲလာကြောင်း ဖြေဆိုသည့် အမျိုးသမီးများ၊ ၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း (ရာခိုင်နှုန်း)





## ပုံ (၁၅) ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိရန် ယခင်ကထက် ပိုမို ခက်ခဲလာရခြင်း အကြောင်းရင်းများ (ရာခိုင်နှုန်း)




အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ

## ပုံ (၁၆) ဆေးကုသမှုစရိတ်များ ကာမိစေရန် အသုံးပြုသည့် နည်းလမ်းများ၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် (ရာခိုင်နှုန်း)




အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ

## ဇယား (၂၂) လွန်ခဲ့သော (၁၂) လအတွင်း ဆေးကုသမှုစရိတ်များ ကာမိစေရန် ငွေချေးခြင်း (ရာခိုင်နှုန်း)

| | ရှိ | မရှိ | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၁၈.၆ | ၈၁.၄ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၂၀.၆ | ၇၉.၄ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၁၄.၅ | ၈၅.၅ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | ရှိ | မရှိ | စုစုပေါင်း | ရှိ | မရှိ | စုစုပေါင်း |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၂၄.၁ | ၇၅.၉ | ၁၀၀% | ၂၆.၂ | ၇၃.၈ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်–၃၉၉,၀၀၀ ကျပ်ကြား | ၂၂.၄ | ၇၇.၆ | ၁၀၀% | ၂၃.၅ | ၇၆.၅ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၁၁.၅ | ၈၈.၅ | ၁၀၀% | ၁၃.၂ | ၈၆.၈ | ၁၀၀% |
| | | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၁၄.၀ | ၈၆.၀ | ၁၀၀% | ၁၄.၀ | ၈၆.၀ | ၁၀၀% |
| စီမံကိန်းချထားခြင်း မရှိသော အိမ်ရာများတွင် နေထိုင် | ၁၇.၉ | ၈၂.၁ | ၁၀၀% | ၁၉.၉ | ၈၀.၁ | ၁၀၀% |
| ပျံ့ကျရပ်ကွက်များတွင် နေထိုင် | ၂၈.၁ | ၇၁.၉ | ၁၀၀% | ၂၈.၃ | ၇၁.၇ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၁၃.၆ | ၈၆.၄ | ၁၀၀% | ၁၄.၇ | ၈၅.၃ | ၁၀၀% |
| ကလေး (၀–၁၇) ရှိသော အိမ်ထောင်စု | ၂၁.၇ | ၇၈.၃ | ၁၀၀% | ၂၄.၂ | ၇၅.၈ | ၁၀၀% |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ


ဖြေဆိုသူများ၏ လေးပုံတစ်ပုံကျော် (၂၆.၆ ရာခိုင်နှုန်း) က ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့၏ မိသားစုသည် လိုအပ်သည့် ဆေးဝါး မရှိဘဲ (သို့မဟုတ်) ဆေးကုသမှု မခံယူရဘဲ နေထိုင်ရခြင်းကို မကြာခဏ သို့မဟုတ် တစ်ခါတစ်ရံ ကြုံတွေ့ရသည်ဟု ဆိုပါသည်။ ၂၀၂၀ ခုနှစ် မတ်လက မြန်မာနိုင်ငံအတွက် ဆောင်ရွက်ခဲ့သည့် ကမ္ဘာ့တန်ဖိုးများ စစ်တမ်းနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ထိုစစ်တမ်းကောက်ယူစဉ်က (၁၀.၆) ရာခိုင်နှုန်းသာ ရှိခဲ့ပါသည် (ပုံ–၁၇)။

အိမ်ထောင်စုများ၏ လေးပုံတစ်ပုံနီးပါး (၂၂.၈ ရာခိုင်နှုန်း) က နာတာရှည်ရောဂါရှိသူတစ်ဦး အိမ်ထောင်စုတွင် ရှိသည်ဟု ဖြေဆိုပါသည်။ URP မြို့နယ်များတွင် ထိုသို့ဖြေဆိုသည့် ရာခိုင်နှုန်းသည် အနည်းငယ်ပိုများပြီး (၂၄.၀) ရာခိုင်နှုန်း ရှိပါသည် (ဇယား–၂၃)။

ဖြေဆိုသူများ ပြောပြသည့် အဓိကနာတာရှည်ရောဂါများမှာ –

- ဆီးချို (၃၅.၃ ရာခိုင်နှုန်း)၊
- သွေးတိုး (၂၄.၈ ရာခိုင်နှုန်း)၊
- နှလုံးရောဂါ (၁၈.၈ ရာခိုင်နှုန်း)၊

## ပုံ (၁၇) လွန်ခဲ့သော (၁၂) လအတွင်း လိုအပ်သော ဆေးဝါး မရှိဘဲ သို့မဟုတ် ဆေးကုသမှု မခံယူရဘဲ နေထိုင်ရသည့် ကြိမ်နှုန်း၊ ၂၀၂၀ နှင့် ၂၀၂၂ (ရာခိုင်နှုန်း)




အချက်အလက်ရင်းမြစ် – ၂၀၂၂ – လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊
အချက်အလက်ရင်းမြစ် – ၂၀၂၀ – ကမ္ဘာ့တန်ဖိုးများစစ်တမ်း၊ ၂၀၂၀ ခုနှစ် မတ်လ၊ စာမျက်နှာ (၁၆)

## ဇယား (၂၃) အိမ်ထောင်စုဝင်များထဲတွင် နာတာရှည်ရောဂါတစ်ခု ခံစားနေရသူ ရှိနေခြင်း (ရာခိုင်နှုန်း)

| | ရှိ | မရှိ | စုစုပေါင်း |
|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၂၂.၈ | ၇၇.၂ | ၁၀၀% |
| URP မြို့နယ် (၈) မြို့နယ် | ၂၄.၀ | ၇၆.၀ | ၁၀၀% |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၂၀.၆ | ၇၉.၄ | ၁၀၀% |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

URP မြို့နယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိရေးတွင် စိန်ခေါ်မှုများ ရှိနေသည်ဖြစ်ရာ ဤပူးတွဲစီမံကိန်းတွင် အဝေးမှ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အစီအစဉ် (tele-health platform) တစ်ခုကို ထည့်သွင်းဆောင်ရွက်ပေးရန် ရည်ရွယ်ထားပါသည်။ လူထုကျန်းမာရေးလုပ်သားများကို စည်းရုံး၍ တာဝန်ပေးခြင်း၊ သင်တန်းပေးခြင်းများကိုလည်း ဤအစီအစဉ်ကို အားဖြည့်ပံ့ပိုးနိုင်ရန် ဆောင်ရွက်မည်ဖြစ်သည်။ ထိုလူထု ကျန်းမာရေးလုပ်သားများသည် ဤအစီအစဉ်မှတစ်ဆင့် ချောင်ကျသည့်နေရာများမှ လူအုပ်စုများ၊ အားနည်းချို့တဲ့သည့် လူအုပ်စုများအား ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်အောင် ဝန်ဆောင်ပေးမည်ဖြစ်သည်။

## ၅.၂။ ပညာရေး – အခြေခံဝန်ဆောင်မှုများ အားကောင်းအောင် ဆောင်ရွက်ပေးခြင်း

URP မြို့နယ်ရစ်မြို့နယ်မှ စစ်တမ်းဖြေဆိုသူများသည် ရန်ကုန်ရှိ အခြားနေရာများနှင့် နှိုင်းယှဉ်လျှင် အထက်တန်းအဆင့်နှင့် အထက်အထိ ပညာတတ်မြောက်နိုင်ခြေ နည်းပါးပါသည် (၃၆.၃ ရာခိုင်နှုန်းနှင့် ၄၈.၃ ရာခိုင်နှုန်း အသီးသီး) (ဇယား–၂၄)။ ပညာတတ်မြောက်မှုအဆင့် မြင့်မားလေ ဝင်ငွေမြင့်မားလေဆိုသည်ကို ဇယား (၂၄) တွင် တွေ့မြင်နိုင်ပါသည်။ ပိုမိုမြင့်မားသော ပညာရည်အဆင့်တွင် အမျိုးသမီးများက အချိုးအစား အနည်းငယ်မျှ ပို၍မြင့်မားပါသည်။ ပုံကျရပ်ကွက်များတွင် နေထိုင်ရသည့် ဖြေဆိုသူများထဲတွင် အထက်တန်းအဆင့် ပြီးဆုံးသည်အထိ ပညာသင်ခဲ့ရသူသည် လေးပုံတစ်ပုံအောက် (၂၃.၄ ရာခိုင်နှုန်း) သာ ရှိပါသည်။

ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်အစတွင် ရန်ကုန်ရှိ ကျောင်းများ ပထမဆုံးအကြိမ်အဖြစ် ပိတ်ခဲ့ရပါသည်။ စစ်အာဏာသိမ်းပြီးနောက် ကသောင်းကနင်းအခြေအနေများကြောင့် စာသင်ကျောင်းများမှာ ထပ်မံထိခိုက်ရပြန်ပါသည်။ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုအဖြစ် ကျောင်းသား၊ ကျောင်းသူနှင့် ဆရာ၊ ဆရာမ အများအပြားက အစိုးရကျောင်းများကို သပိတ်မှောက်ခဲ့ကြသည်။

၂၀၂၀ ခုနှစ် မတ်လ ကိုဗစ်–၁၉ ရောဂါ စတင်ကူးစက်ပြန့်ပွားချိန်မှစ၍ အသက် (၅) နှစ်မှ (၁၇) နှစ်အတွင်း ကလေးရှိသော နမူနာအိမ်ထောင်စုများအားလုံး၏ (၂၂.၂) ရာခိုင်နှုန်းသည် ကလေးများကို ကျောင်းမှ ထုတ်ခဲ့ကြသည်။ ကလေးများကို ကျောင်းထုတ်ခဲ့သော အဆိုပါ အိမ်ထောင်စုများ (ပုံ–၁၈) က ကျောင်းထုတ်ရခြင်း၏ အဓိက အကြောင်းရင်းများအဖြစ် လုံခြုံရေးအရ အန္တရာယ်များခြင်းကြောင့်ဟု ဆိုပါသည် (၃၅.၈ ရာခိုင်နှုန်း)။ URP မြို့နယ် ရစ်မြို့နယ်မှ ကလေး များကို ကျောင်းထုတ်ခဲ့သော အိမ်ထောင်စုများ၏ လေးပုံတစ်ပုံ (၂၅.၁ ရာခိုင်နှုန်း) က ကလေးများကို အိမ်ထောင်စုအတွက် ဝင်ငွေ ရှာခိုင်းဖို့ လိုအပ်သောကြောင့်ဟု ဆိုပါသည်။ ထိုကလေးများသည် ကလေးဘဝကို ပျော်ရွှင်စွာ ကုန်လွန်ခွင့်မရဘဲ ဆင်းရဲနွမ်းပါးမှုနှင့် ပင်ပန်းစွာ အလုပ်လုပ်ရမှုဒဏ်ကို ရင်ဆိုင်ကြရသည်မှာ ဝမ်းနည်းဖွယ် ကောင်းလှပါသည်။ ဤသို့ ဆိုးကျိုးဖြစ်စေနိုင်သည့် အကျပ်အတည်း ရင်ဆိုင်ကျော်လွှားမှုနည်းလမ်းကို ရန်ကုန်၏ ကျန်နေရာများတွင် တွေ့ရနိုင်ခြေ ပိုနည်းပါသည် (၁၄.၁ ရာခိုင်နှုန်းသာ)။ ကျောင်းထုတ် ခံရသော ကလေးများတွင် ယောက်ျားလေးနှင့် မိန်းကလေး ကွာခြားမှု ကြီးကြီးမားမား မတွေ့ရပါ။ ကျောင်းထုတ်ခံရသော မိန်းကလေးမှာ (၄၈.၅) ရာခိုင်နှုန်း နှင့် ယောက်ျားလေးမှာ (၅၁.၅) ရာခိုင်နှုန်း အသီးသီး ရှိပါသည်။


၂၀၂၀ ပြည်နှစ် မတ်လနောက်ပိုင်းတွင် မြို့နယ်ရစ်မြို့နယ်ရှိ အသက်

## ဇယား (၂၄) အထက်တန်းကျောင်း (သို့မဟုတ်) အထက် ပညာသင်ယူခဲ့သော စစ်တမ်းဖြေဆို သူများ (ရခိုင်နှုန်း)

| | ရှိ | မရှိ | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၄၀.၃ | ၅၉.၇ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၃၆.၃ | ၆၃.၇ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၄၈.၃ | ၅၁.၇ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | ရှိ | မရှိ | စုစုပေါင်း | ရှိ | မရှိ | စုစုပေါင်း |
| အမျိုးသား | ၃၇.၂ | ၆၂.၈ | ၁၀၀% | ၃၂.၈ | ၆၇.၂ | ၁၀၀% |
| အမျိုးသမီး | ၄၂.၆ | ၅၇.၄ | ၁၀၀% | ၃၈.၉ | ၆၁.၁ | ၁၀၀% |
| | | | | | | |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၂၇.၆ | ၇၂.၄ | ၁၀၀% | ၂၅.၄ | ၇၄.၆ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်-၃၉၉,၀၀၀ ကျပ်ကြား | ၃၁.၆ | ၆၈.၄ | ၁၀၀% | ၂၉.၃ | ၇၀.၇ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၅၆.၃ | ၄၃.၇ | ၁၀၀% | ၅၂.၂ | ၄၇.၈ | ၁၀၀% |
| | | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၅၁.၅ | ၄၈.၅ | ၁၀၀% | ၅၄.၈ | ၄၅.၂ | ၁၀၀% |
| စီမံကိန်းချထားခြင်း မရှိသော အိမ်ရာများတွင် နေထိုင် | ၄၁.၂ | ၅၈.၈ | ၁၀၀% | ၃၆.၈ | ၆၃.၂ | ၁၀၀% |
| ပျံ့ကျဲရပ်ကွက်များတွင် နေထိုင် | ၂၃.၄ | ၇၇.၆ | ၁၀၀% | ၂၃.၀ | ၇၇.၀ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၅၁.၂ | ၄၈.၈ | ၁၀၀% | ၄၆.၄ | ၅၃.၆ | ၁၀၀% |
| ကလေး (၀-၁၇) ရှိသော အိမ်ထောင်စု | ၃၃.၃ | ၆၆.၇ | ၁၀၀% | ၃၀.၂ | ၆၉.၈ | ၁၀၀% |

အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

## ပုံ (၁၈) ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်း (၅-၁၇) နှစ် ကလေးများကို ကျောင်းထုတ်ရခြင်း အကြောင်းရင်းများ (ရာခိုင်နှုန်း)




အချက်အလက်ရင်းမြစ် - လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

URP မြို့နယ် (၈) ခုရှိ အိမ်ထောင်စုများ၏ **၁၁.၆ ရာခိုင်နှုန်း** တွင် အထက်တန်းကျောင်း ပြီးစီးခဲ့သည့် ၁၆–၁၈ နှစ် အရွယ်များရှိ = မြို့နယ် (၈) ခုတွင် **အိမ်ထောင်စု ၇၅,၀၀၀ ခန့်**

(အိမ်ထောင်စု စုစုပေါင်း ၆၄၆,၃၃၇ စုပေါ်တွင် အခြေခံ)

→ **၆၅.၃ ရာခိုင်နှုန်း** က တက္ကသိုလ်ဆက်တက်ရန် အစီအစဉ် ရှိ = မြို့နယ် (၈) ခုတွင် **အိမ်ထောင်စု ၄၈,၀၀၀ ခန့်**

→ ၁၆–၁၈ နှစ်အရွယ် အထက်ကျောင်းပြီးသူများ တက္ကသိုလ် ဆက်တက်ရန် အစီအစဉ်မရှိ၊ အဓိကအကြောင်းရင်းမှ ငွေကြေးမတတ်နိုင်၍ (၅၈.၈ ရာခိုင်နှုန်း)

(၅) နှစ်မှ (၁၇) နှစ်အထိ ကလေးများ၏ (၄.၅) ရာခိုင်နှုန်းကသာ အိမ်တွင် အွန်လိုင်းမှ ပညာသင်ယူခဲ့ကြပါသည်။ သို့သော် ရန်ကုန်ရှိ အခြားနေရာများတွင် အိမ်ထောင်စု ဆယ်ပုံတစ်ပုံနီးပါးတွင် ထိုသို့ ပညာသင်ယူခဲ့သည့် ကလေးများရှိပါသည် (၉.၉ ရာခိုင်နှုန်း)။ အသက် (၁၆) နှစ်မှ (၁၈) နှစ်ကြား အိမ်ထောင်စုဝင်များရှိသော အိမ်ထောင်စုများကြားတွင် ကျောင်းပညာသင်ယူရန် အွန်လိုင်းကို အသုံးပြုသော ရာခိုင်နှုန်းသည် အလွန်နည်းပါးပါသည်။ (၁.၇) ရာခိုင်နှုန်းမျှသာ ရှိပါသည်။

ထို့ကြောင့် URP စီမံကိန်းသည် စီမံကိန်းမြို့နယ် ရှစ်မြို့နယ်တွင် အထက်တန်းကျောင်း အောင်မြင်ထားပြီး ဆက်လက်ပညာ သင်ယူလိုသော အသက် (၁၆) နှစ်မှ (၁၈) နှစ်အရွယ်များ ရှိသည့် အိမ်ထောင်စုများကို ဦးတည်၍ ကူညီပံ့ပိုးပေးရန် ရည်ရွယ်ထားပါသည်။

UNDP သည် အဆင့်မြင့်ပညာရေးအဆင့်တွင် ကျောင်းသားကျောင်းသူများအား ကမ္ဘာတစ်ဝှမ်းရှိ တက္ကသိုလ်များနှင့် ချိတ်ဆက်၍ အွန်လိုင်းမှ ပညာသင်ယူနိုင်မည့် အစီအစဉ်တစ်ခုကို စီစဉ်ဆောင်ရွက်နေပါသည်။ ထိုကျောင်းသား၊ ကျောင်းသူများအား ဘွဲ့ကြိုနှင့် ဘွဲ့ဒီဂရီအတန်းများကို ပြီးစီးအောင် တက်ရောက်နိုင်စေရန် ကူညီသွားမည်ဖြစ်သည်။ ဤပညာရေးအစီအစဉ်တွင် အဓိကကျသည့် နယ်ပယ်အချို့အတွက် သက်မွေးမှုပညာသင်တန်းများ တက်ရောက်နိုင်အောင် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး ကနဦးအဆင့်တွင် မြို့ပြဒေသနှင့် မြို့ပြအနီးဝန်းကျင်ဒေသတို့၌အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။URPစီမံကိန်း၏ အကျိုးခံစားခွင့်ရှိသူများအား အဆိုပါ ပညာရေးအခွင့်အလမ်းများနှင့် ချိတ်ဆက်ပေးနိုင်အောင် အင်တိုက်အားတိုက် ကူညီပေးသွားမည် ဖြစ်ပါသည်။

ထို့ပြင် UNDP သည် လက်ရှိပြုလုပ်ပေးနေသည့် သက်မွေးမှုပညာ သင်တန်းများအား လူကိုယ်တိုင် တက်ရောက်နိုင်သည့် သင်တန်းများ ဖြစ်လာအောင် တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်သလို ပုဂ္ဂလိက ကဏ္ဍအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

## ၅.၃။ သောက်သုံးရေ

ရန်ကုန်ရှိ အိမ်ထောင်စုအများစုသည် ခြောက်သွေ့သည့် ရာသီတွင် သောက်သုံးနိုင်သောရေကို လက်လှမ်းမီရရှိကြသော်လည်း URP မြို့နယ် (၈) ခုနှင့် ကျန်ရှိသော နေရာများကြား ကွာဟချက်များ ရှိနေပါသည် (မြို့နယ်ရှစ်ခုတွင် ၈၈.၉ ရာခိုင်နှုန်းနှင့် ကျန်နေရာများတွင်

**ဇယား (၂၅)** ခြောက်သွေ့ရာသီတွင် သောက်သုံးရေ လက်လှမ်းမီမှု (ရာခိုင်နှုန်း)

| | ရှိ | မရှိ | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၉၁.၇ | ၈.၃ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၈၈.၉ | ၁၁.၁ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၉၇.၃ | ၂.၇ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ် (၈) မြို့နယ် | | |
| | ရှိ | မရှိ | စုစုပေါင်း | ရှိ | မရှိ | စုစုပေါင်း |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၈၇.၇ | ၁၂.၃ | ၁၀၀% | ၈၅.၀ | ၁၅.၀ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်–၃၉၉,၀၀၀ ကျပ်ကြား | ၉၀.၅ | ၉.၅ | ၁၀၀% | ၈၇.၈ | ၁၂.၂ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၉၅.၁ | ၄.၉ | ၁၀၀% | ၉၂.၉ | ၇.၁ | ၁၀၀% |
| | | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၉၉.၆ | ၀.၄ | ၁၀၀% | ၉၉.၄ | ၀.၆ | ၁၀၀% |
| စီမံကိန်းချထားခြင်းမရှိသော အိမ်ရာများတွင် နေထိုင် | ၉၁.၂ | ၈.၈ | ၁၀၀% | ၈၇.၈ | ၁၂.၂ | ၁၀၀% |
| ပျံ့ကျဲရပ်ကွက်များတွင် နေထိုင် | ၈၉.၈ | ၁၀.၂ | ၁၀၀% | ၈၉.၆ | ၁၁.၁ | ၁၀၀% |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

၉၇.၃ ရာခိုင်နှုန်း) ။ URP မြို့နယ် ရှစ်မြို့နယ်ရှိ ပျံကျရပ်ကွက်များတွင် နေထိုင်သော အိမ်ထောင်စုဆယ်စုတွင် တစ်စု (၁၁.၁ ရာခိုင်နှုန်း) သည် သောက်သုံးနိုင်သောရေကို လက်လှမ်းမီခြင်း မရှိကြပါသည် (ဇယား-၂၅)။


နမူနာအုပ်စုတစ်စုလုံးတွင် အိမ်ထောင်စုများ၏ လေးပုံတစ်ပုံနီးပါး (၂၃.၆ ရာခိုင်နှုန်း) သည် ရေဖြန့်ဖြူးမှုနှင့်စပ်လျဉ်း၍ ပြဿနာများ ရှိကြောင်း ပြောကြပါသည်။ URP မြို့နယ်ရှစ်မြို့နယ်ရှိ အိမ်ထောင်စု များတွင် ထိုပြဿနာရှိကြောင်း ဖြေဆိုမှု ပိုများပါသည် (ထိုမြို့နယ် များတွင် ၂၅.၁ ရာခိုင်နှုန်းနှင့် ကျန်မြို့နယ်များတွင် ၂၀.၆ ရာခိုင်နှုန်း)။ ဖြေဆိုသူများ ပြောပြသည့် အဓိကပြဿနာများကို ပုံ (၁၉) တွင် ဖော်ပြပေးထားပါသည်။

URP မြို့နယ် (၈) မြို့နယ်မှ ဖြေဆိုသူများ၏ (၅.၈) ရာခိုင်နှုန်းကသာ လွန်ခဲ့သော နှစ်ပတ်အတွင်း သောက်သုံးရေ ဝန်ဆောင်မှု ပြတ်လပ်သွားသည့် ရက်ပေါင်း (၂) ရက်ရှိခဲ့ကြောင်း ဖြေဆိုပါသည်။ ယင်းသည် ထိုမြို့နယ်များတွင် ပြုလုပ်ခဲ့သော MLCS ၂၀၁၇ စစ်တမ်းမှ ရလဒ် (၂.၉ ရာခိုင်နှုန်း) ထက် နှစ်ဆ ပိုများနေခြင်း ဖြစ်ပါသည် (ဇယား-၂၆)။

URP စီမံကိန်းသည် ရေသန့်စက်ရုံများ တည်ထောင်ခြင်းနှင့် ရေဖြန့်ဖြူး ရုံလေးများ (water kiosks) ထားရှိပေးခြင်းကဲ့သို့ အခြားသော ရေရှည်တည်တံ့သည့် ရေဖြန့်ဖြူးမှုစနစ်များမှတစ်ဆင့် သန့်ရှင်းသော ရေကို စဉ်ဆက်မပြတ် လက်လှမ်းမီရရှိနိုင်မှု တိုးတက်လာအောင် ဆောင်ရွက်ပေးသွားရန် ရည်ရွယ်ထားပါသည်။ ဤသို့ ဆောင်ရွက်ရာတွင် အမျိုးသမီးဦးဆောင်သော စီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရေးကိုပါ တစ်ပါတည်း အားပေးပံ့ပိုးသွားရန် စဉ်းစားထားပါသည်။ ဤနည်းဖြင့် ရပ်ရွာလူထုအခြေပြု ရေဖြန့်ဖြူးမှုစနစ်များကို ရေရှည်တည်တံ့စေမည့်အပြင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် စီးပွားရေးလုပ်ငန်းများနှင့် သက်မွေးမှု အလုပ်အကိုင်များကိုပါ ဖန်တီးပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ URP စီမံကိန်းသည် မိတ်ဖက်များနှင့် ပူးပေါင်းလက်တွဲ၍ အခြားစီမံကိန်းများ၊ အစီအစဉ်များမှ တည်ထောင်ပေးခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်ထိန်း သိမ်းလည်ပတ်နိုင်ခြင်း မရှိတော့သည့် သန့်ရှင်းသောရေ အရင်းအမြစ်များကိုလည်း ပြန်လည်အသုံးပြုလာနိုင်အောင် ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

## ၅.၄။ မီးအလင်းရောင်နှင့် ချက်ပြုတ်ရန်အတွက်

### ပုံ (၁၉) ရေဖြန့်ဖြူးမှုနှင့်စပ်လျဉ်း၍ ကြုံတွေ့ရသည့် အဓိကပြဿနာများ (ရာခိုင်နှုန်း)




အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

### ဇယား (၂၆) လွန်ခဲ့သော နှစ်ပတ်အတွင်း သောက်သုံးရေ နှစ်ရက် ပြတ်တောက်မှု ရှိခဲ့ခြင်း (ရာခိုင်နှုန်း)

| | ရှိ | မရှိ | စုစုပေါင်း |
|---|---|---|---|
| MLCS ၂၀၁၇ | ၂.၉ | ၉၇.၁ | ၁၀၀% |
| | | | |
| နမူနာအုပ်စုတစ်ခုလုံး | ၅.၃ | ၉၄.၇ | ၁၀၀% |
| URP မြို့နယ် (၈) မြို့နယ် | ၅.၈ | ၉၄.၂ | ၁၀၀% |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၄.၂ | ၉၅.၈ | ၁၀၀% |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

### ဇယား (၂၇) မီးသွေး (သို့မဟုတ်) ထင်းအား ချက်ပြုတ်ရန် အဓိကလောင်စာအဖြစ် အသုံးပြုမှု (ရာခိုင်နှုန်း)

| | မီးသွေး | | | ထင်း | | |
|---|---|---|---|---|---|---|
| | အသုံးပြု | မပြု | စုစုပေါင်း | အသုံးပြု | မပြု | စုစုပေါင်း |
| နမူနာအုပ်စုတစ်ခုလုံး | ၁၇.၉ | ၈၂.၁ | ၁၀၀% | ၂.၃ | ၉၇.၇ | ၁၀၀% |
| URP မြို့နယ် (၈) မြို့နယ် | ၂၁.၆ | ၇၈.၄ | ၁၀၀% | ၃.၀ | ၉၇.၀ | ၁၀၀% |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၁၀.၅ | ၈၉.၅ | ၁၀၀% | ၁.၀ | ၉၉.၀ | ၁၀၀% |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊

## အသုံးပြုသော စွမ်းအင်

နမူနာအုပ်စုတစ်ခုလုံးတွင် ပါဝင်သည့် ရန်ကုန်မြို့နေသူများသည် မီးအလင်းရောင်အတွက် လျှပ်စစ်မီးကို အများဆုံးအသုံးပြုကြရာ (၈၉.၉ ရာခိုင်နှုန်း) MLCS ၂၀၁၇ က (၈၈.၈ ရာခိုင်နှုန်း) ထက် တစ်ရာခိုင်နှုန်း ပိုများပါသည်။ URP မြို့နယ်များတွင် ထိုရာခိုင်နှုန်းသည် ပိုနည်းပြီး (၈၅.၅) ရာခိုင်နှုန်းသာ ရှိပါသည်။

မြို့နယ်ရှစ်မြို့နယ်တွင် ချက်ပြုတ်ရန် အဓိကအသုံးပြုသော လောင်စာမှာ လျှပ်စစ် ဖြစ်ပါသည် (၆၈.၉ ရာခိုင်နှုန်း)။ လွန်ခဲ့သော ငါးနှစ် (MLCS ၂၀၁၇) က မြို့နယ် ရှစ်မြို့နယ်တွင် နေထိုင်သူများ၏ လေးပုံသုံးပုံ (၇၃.၆ ရာခိုင်နှုန်း) သည် ချက်ပြုတ်ရန်အတွက် လျှပ်စစ်ကို အသုံးပြုပါသည်။ သန့်ရှင်းသည့် လောင်စာ နောက်တစ်မျိုးဖြစ်သည့် LPG ဂတ်စ်ကို ပြောင်းလဲအသုံးပြုမှု အနည်းငယ်ရှိသည်ဟု ယူဆရပါသည်။


URP မြို့နယ်များတွင် ချက်ပြုတ်ရန်အတွက် လူအများဆုံး ရွေးချယ်အသုံးပြုသည့် လောင်စာသည် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေသည့် လောင်စာများ (မီးသွေးနှင့် ထင်း)[၁၂] ထဲတွင် ပါဝင်သည့် မီးသွေး ဖြစ်ပါသည်။ အိမ်ထောင်စုငါးစုတွင် တစ်စု (၂၁.၆ ရာခိုင်နှုန်း) သည် မီးသွေးကို အသုံးပြု၍ ချက်ပြုတ်ကြပါသည် (ဇယား–၂၇)။ URP မြို့နယ်ရှစ်မြို့နယ်တွင် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် လောင်စာများအား အသုံးပြု၍ ချက်ပြုတ်နိုင်ခြေ ပိုများပါသည်။ ရန်ကုန်ရှိ ပျံ့ကျဲရပ်ကွက်များတွင် နေထိုင်သော အိမ်ထောင်စုအများစု (၅၀.၈ ရာခိုင်နှုန်း) သည် မီးသွေးကို အသုံးပြု၍ ချက်ပြုတ်ကြပါသည်။ ယင်းသည် ပတ်ဝန်းကျင်ကို ထိခိုက်စေရုံသာမက မိသားစုများ၏ ကျန်းမာရေးကိုပါ ထိခိုက်နိုင်ခြေ ရှိပါသည်။

## ၅.၅။ အင်တာနက် အသုံးပြုနိုင်မှု

စစ်တမ်းရလဒ်များအရ ရန်ကုန်မြို့တွင် အင်တာနက် အသုံးပြုမှု အလွန်များပြားကြောင်း တွေ့ရှိရ ပါသည်။ URP မြို့နယ် (၈) ခုတွင် အင်တာနက်အသုံးပြုမှု အနည်းငယ် နည်းပါးပြီး ဝင်ငွေနည်း အိမ်ထောင်စုများနှင့် ပျံ့ကျဲရပ်ကွက်များတွင် နေထိုင်သော အိမ်ထောင်စုများကြားတွင် အင်တာနက် အသုံးပြုမှုသည် အနည်းဆုံး ဖြစ်ပါသည် (ဇယား–၂၈)။

အင်တာနက် လက်လှမ်းမမီခြင်းအတွက် အဓိကအကြောင်းရင်းမှာ ငွေကြေးမတတ်နိုင်မှုကြောင့်ဟု ဖြေဆိုသူ ဆယ်ဦးတွင် လေးဦး (၂၂.၁ ရာခိုင်နှုန်း) က ဖြေပါသည် (ပုံ–၂၀)။ URP မြို့နယ် ရှစ်ခုရှိ အိမ်ထောင်စုများ၏ ငါးပုံတစ်ပုံ (၂၂.၁ ရာခိုင်နှုန်း) က အင်တာနက်ကို တမင်အသုံးမပြုခြင်းဖြစ်ကြောင်း ပြောပါသည်။

### ပုံ (၂၀) လွန်ခဲ့သော (၇) ရက်အတွင်း အင်တာနက် အသုံးမပြုနိုင်ခြင်း၏ အဓိကအကြောင်းရင်းများ (ရာခိုင်နှုန်း)



## ဇယား (၂၈) လွန်ခဲ့သော (၇) ရက်အတွင်း အင်တာနက်အသုံးပြုခဲ့သည့် အသက် (၅) သို့မဟုတ် အထက်ရှိသူများ (ရခိုင်နှုန်း)

| | အသုံးပြု | မပြု | စုစုပေါင်း | | | |
|---|---|---|---|---|---|---|
| နမူနာအုပ်စုတစ်ခုလုံး | ၈၁.၇ | ၁၈.၃ | ၁၀၀% | | | |
| URP မြို့နယ် (၈) မြို့နယ် | ၇၈.၇ | ၂၁.၃ | ၁၀၀% | | | |
| ရန်ကုန်ရှိ ကျန်မြို့နယ်များ | ၈၇.၆ | ၁၂.၄ | ၁၀၀% | | | |
| | | | | | | |
| | နမူနာအုပ်စုတစ်ခုလုံး | | | URP မြို့နယ်(၈) မြို့နယ် | | |
| | အသုံးပြု | မပြု | စုစုပေါင်း | အသုံးပြု | မပြု | စုစုပေါင်း |
| အိမ်ထောင်စုလစဉ်ဝင်ငွေ | | | | | | |
| တစ်လ ၂၀၀,၀၀၀ ကျပ်အောက် | ၆၇.၈ | ၃၂.၂ | ၁၀၀% | ၆၅.၆ | ၃၄.၄ | ၁၀၀% |
| တစ်လ ၂၀၀,၀၀၀ကျပ်–၃၉၉,၀၀၀ ကျပ်ကြား | ၇၉.၂ | ၂၀.၈ | ၁၀၀% | ၇၆.၇ | ၂၃.၃ | ၁၀၀% |
| တစ်လ ၄၀၀,၀၀၀ ကျပ်နှင့်အထက် | ၉၂.၁ | ၇.၉ | ၁၀၀% | ၉၀.၄ | ၉.၆ | ၁၀၀% |
| | | | | | | |
| စီမံကိန်းချအိမ်ရာတွင် နေထိုင် | ၈၅.၁ | ၁၄.၉ | ၁၀၀% | ၈၁.၅ | ၁၈.၅ | ၁၀၀% |
| စီမံကိန်းချထားခြင်း မရှိသော အိမ်ရာများတွင် နေထိုင် | ၈၃.၀ | ၁၇.၀ | ၁၀၀% | ၈၀.၅ | ၁၉.၅ | ၁၀၀% |
| ပျံကျရပ်ကွက်များတွင် နေထိုင် | ၆၈.၁ | ၃၁.၉ | ၁၀၀% | ၆၇.၅ | ၃၂.၅ | ၁၀၀% |
| | | | | | | |
| ကလေးမရှိသော အိမ်ထောင်စု | ၈၅.၄ | ၁၄.၆ | ၁၀၀% | ၈၂.၉ | ၁၇.၁ | ၁၀၀% |
| ကလေး (၀–၁၇) ရှိသော အိမ်ထောင်စု | ၇၉.၃ | ၂၀.၇ | ၁၀၀% | ၇၆.၂ | ၂၃.၈ | ၁၀၀% |

အချက်အလက်ရင်းမြစ် – လူမှုစီးပွားအခြေအနေ၊ GBV နှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ၊



# ၆ နိဂုံးချုပ် သုံးသပ်မှု

URP ကနဦးစစ်တမ်းမှ ရရှိသည့် အထောက်အထားများအရ ရန်ကုန်မြို့တွင် နေထိုင်သူများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ပို၍ဆိုးရွားလာခဲ့သည်။

ရန်ကုန်မြို့နေ ပြည်သူများသည် အကြမ်းဖက်မှုများအပြင် အလွန်ကြီးမားသည့် အကျပ်အတည်းနှင့် ရင်ဆိုင်နေကြရခြင်းဖြစ်သည်။ ကိုဗစ်-၁၉ နှင့် စစ်အာဏာသိမ်းမှုတို့ကြောင့် ရန်ကုန်ရှိ ကျန်းမာရေးနှင့် ပညာရေးစနစ်များသည် ပြိုလဲသွားပြီး စာသင်ကျောင်းများနှင့် တက္ကသိုလ်များကို အချိန်ကြာမြင့်စွာပိတ်ထားရပါသည်။ ရန်ကုန်တွင် နေထိုင်သူများ၏ ဝင်ငွေများ လျော့နည်းသွားမှုကြောင့် အိမ်ထောင်စုများသည် နည်းလမ်းအချို့ အသုံးပြု၍ အကျပ်အတည်းကို ရင်ဆိုင်ကျော်လွှားရန် မလွှဲမရှောင်သာ ကြိုးစားကြရပါသည်။ အိမ်ထောင်စုအများအပြားသည် အစားလျှော့စားခြင်း၊ ပိုင်ဆိုင်ပစ္စည်းများ ရောင်းချခြင်း၊ အလွတ်သဘောငွေချေးခြင်း၊ အိမ်ထောင်စုဝင်ငွေအတွက် တစ်ဖက်တစ်လမ်းမှ ငွေရှာပေးရန် ကလေးများကို ကျောင်းထုတ်ခြင်းတို့အား လုပ်ဆောင်ခဲ့ကြပါသည်။ အရေးကိစ္စရှိလျှင် အားကိုးနိုင်သည့် အာမခံချက် (safety net) တစ်စုံတစ်ရာ မရှိကြပါ။

ရန်ကုန်၊ အထူးသဖြင့် URP မြို့နယ် (၈) ခုရှိ လူမှုစီးပွားအခြေအနေသည် ၂၀၁၇ ခုနှစ် နောက်ပိုင်းတွင် ကျဆင်းလာခဲ့ပါသည်။ ရန်ကုန်တွင် အခြေအနေဆိုးသည့် မြို့နယ်များ ရှိနေပြီး URP က ထိုမြို့နယ်များနှင့် ဆိုးကျိုးဖြစ်ပေါ်လျှင် အမျိုးသမီးများအပေါ် သက်ရောက်မှု ပိုမိုကြီးမား နိုင်သည့် ညွှန်ကိန်းအချို့အတွက် ရွေးချယ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့် စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲအကျိုးဆက်များသည် မြန်မြန်ဆန်ဆန် ပျောက်ကွယ်သွားမည် မဟုတ်ပါ။ လုပ်သားအင်အား ပါဝင်မှုနှင့် ဝင်ငွေဖန်တီးမှုတို့တွင် နှောင့်နှေးမှုများကို ရေရှည်တွေ့ကြုံခံစားသွားရဖွယ် ရှိနေပါသည်။ ပိုင်ဆိုင်ပစ္စည်းများနှင့် စုဆောင်းငွေများ ထုတ်ယူသုံးစွဲရောင်းချရမှုများသည် အနာဂတ်တွင် ငွေရေးကြေးရေးအာမခံချက်ရှိမှုအပေါ် ရိုက်ခတ်မှုများ ရှိလာမည်ဖြစ်သည်။ ဆိုးကျိုးသက်ရောက်မှုသည် ပျံ့ကျဲရပ်ကွက်များတွင် နေထိုင်သူများ၊ ဝင်ငွေနည်းအိမ်ထောင်စုများနှင့် ကလေးရှိသော အိမ်ထောင်စုများအပါအဝင် ထိခိုက်လွယ်မှု အရှိဆုံးသူများအပေါ် အပြင်းထန်ဆုံး ရိုက်ခတ်မည်ဖြစ်သည်။ URP စီမံကိန်းသည် UNDP နှင့် UN Women တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် လေ့လာမှု[1] တွင် တွေ့ရှိခဲ့သော ကျားမတန်းတူညီမျှမှု အခြေအနေ ယိုယွင်းဆုတ်ယုတ်လာမှုအား ရပ်တန့်သွားစေရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး သိသာထင်ရှားသည့် အကျိုးထိရောက်မှု ရရှိစေဖို့ ရည်ရွယ်ထားပါသည်။ ဤကနဦးစစ်တမ်းသည် URP စီမံကိန်း၏ အောင်မြင်မှု သို့မဟုတ် ကျရှုံးမှုတို့ကို တိုင်းတာရာတွင် အထောက်အကူဖြစ်မည့် စံအမှတ်တစ်ခု ဖြစ်ပါသည်။ ဤစစ်တမ်းသည် လက်ရှိ ဖြစ်ပေါ်နေသည့် အခြေအနေများကို အမိအရ လေ့လာမှတ်တမ်းတင်နိုင်ခဲ့ပြီး အိမ်ထောင်စုများ၏ တိုးပွားလာသော လိုအပ်ချက်များနှင့် ထိခိုက်လွယ်မှုများကို တုံ့ပြန်ဖြည့်ဆည်းပေးရန် အဓိက ဦးတည်သည့် မြို့ပြဒေသအတွက် ဦးစားပေးဆောင်ရွက်ရမည့် အစီအစဉ်များကိုလည်း အတည်ပြုပေးခဲ့ပါသည်။

ထိခိုက်လွယ်သော အိမ်ထောင်စုအချို့အား အဆိုပါအခက်အခဲများကို ကျော်လွှားလွန်မြောက်နိုင်အောင် ကူညီပေးရန်အတွက် မြို့ပြနေပြည်သူများ၏ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ပေးရေး စီမံကိန်းသည် အောက်ပါနည်းလမ်းများမှတစ်ဆင့် ရန်ကုန်ရှိ မြို့နယ် (၈) မြို့နယ်မှ အများဆုံး ဖြစ်ပွားနေသည့် မြို့ပြဒေသဆင်းရဲနွမ်းပါးမှုဆိုင်ရာ ကိစ္စရပ်အချို့အား ကိုင်တွယ်ဖြေရှင်းပေးသွားမည်ဖြစ်ပါသည် -

(၁) ဝင်ငွေဖန်တီးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလာအောင် ဆောင်ရွက်ပေးခြင်း၊
(၂) တစ်နိုင်တစ်ပိုင်နှင့် အသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်အောင် ပံ့ပိုးခြင်း၊
(၃) ဘေးအန္တရာယ်ကင်းရှင်းပြီး ယုံကြည်အားကိုးရသည့် သောက်သုံးရေနှင့် ကောင်းမွန်သည့် ကျန်းမာရေးဝန်ဆောင်မှုများ (WASH) လက်လှမ်းမီအသုံးပြုနိုင်မှု မြင့်မားလာစေခြင်း၊

ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပဋိပက္ခအခြေအနေသည် URP မြို့နယ် ရှစ်ခုပေါ်တွင် ဆိုးကျိုးသက်ရောက်မှုကြီးမားကြောင်း ကနဦးစစ်တမ်းက ပြသနေပါသည်။ ထိုမြို့နယ်များသည် ရန်ကုန်ရှိ ကျန်ဒေသများနှင့် စာလျှင် လူမှုစီးပွားဆိုင်ရာ ညွှန်ကိန်းများအားလုံး၌ အခြေအနေပို၍ ဆိုးရွားလာနေပါသည်။ အထူးသဖြင့် URP စီမံကိန်းသည် အမျိုးသမီးများနှင့် လူငယ်များ၏ ကျွမ်းကျင်မှုများနှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို တိုးတက်ကောင်းမွန်စေမည့် နည်းလမ်းအများအပြားကို ဆောင်ရွက်ပေးသွားရန် ရည်ရွယ်ထားပါသည်။ လာမည့်နှစ်များအတွင်းတွင် ထိုမြို့နယ် (၈) ခုရှိ လူမှုစီးပွား အခြေအနေများကို ရန်ကုန်ရှိ ကျန်မြို့နယ်များနှင့် နှိုင်းယှဉ်၍ ပြန်လည်သုံးသပ်အကဲ ဖြတ်ရန်အတွက် နောက်ဆက်တွဲ စစ်တမ်းတစ်ခုကို ထပ်မံဆောင်ရွက်သင့်သည်။ သို့မှသာ ထိုမြို့နယ်များအတွင်းရှိ အိမ်ထောင်စုများကို ကူညီပံ့ပိုးသည့် အစီအစဉ်၊ ဆောင်ရွက်မှုမှန်သမျှ၏ အကျိုးထိရောက်မှုကို လေ့လာစိစစ်နိုင်မည်ဖြစ်ပါသည်။

URP ၏ ဆောင်ပုဒ်မှာ "ရပ်ရွာလူထုအတွက် ရပ်ရွာလူထုကိုယ်တိုင် ဆောင်ရွက်ခြင်း" ဖြစ်ပါသည်။ ရန်ကုန်သူ၊ ရန်ကုန်သားများသည် ကြံ့ကြံ့ခံနိုင်စွမ်း မြင့်မားကြပါသည်။ သို့သော် ၎င်းတို့သည် မြို့တော်ကြီး အစဉ် ဝပြောစည်ပင်နိုင်ရေးအတွက် အကူအညီများ လိုအပ်နေပါသည်။

1 UN Women and UNDP. (2022). Regressing Gender Equality in Myanmar: Women living under the pandemic and military rule (မြန်မာနိုင်ငံရှိ ကျားမတန်းတူညီမျှမှု အခြေအနေ ယိုယွင်းဆုတ်ယုတ်လာမှု - ကမ္ဘာ့ကပ်ရောဂါနှင့် စစ်အုပ်ချုပ်ရေးအောက်တွင် နေထိုင်ရသော အမျိုးသမီးများ)၊



# နောက်ဆက်တွဲစာတမ်းများ ရည်ညွှန်းကိုးကားချက်များ မှတ်စုများ

# နောက်ဆက်တွဲ (၁) – နမူနာအုပ်စု ဒီဇိုင်း


နမူနာအုပ်စု ရွေးချယ်ခြင်းအား အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်ခဲ့သည် –

**အဆင့် (၁) — စနစ်ကျသော ကျပန်းနမူနာကောက်ခြင်း (systematic random sampling) နည်းလမ်းဖြင့် ဖုန်းနံပါတ်များအား ရွေးချယ်ခြင်း** – စစ်တမ်းကုမ္ပဏီသည် ဤစစ်တမ်းအတွက် အိမ်ထောင်စုများထံ ဆက်သွယ်မေးမြန်းနိုင်ရန် ၎င်းတို့၏ နှစ်ကာလတစ်ခု အချိန်ယူ၍ ရှုထောင့်စုံမှ တိုင်းတာစုဆောင်းထားသည့် အချက်အလက်များ (panel database) ကို အသုံးပြုခဲ့ပါသည်။ ထို panel တွင် မြန်မာနိုင်ငံ၏ စုံလင်ကွဲပြားသော သဘာဝကို ထင်ဟပ်နိုင်သည့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၊ မြို့ပြနေ အိမ်ထောင်စုများနှင့် ကျေးလက်နေအိမ်ထောင်စုများ၊ အသက်အရွယ်များအလိုက် ဖုန်းနံပါတ်များ ပါဝင်ပါသည်။ ကုမ္ပဏီသည် စနစ်ကျသော ကျပန်းနမူနာကောက်ခြင်း စနစ်ကို အသုံးပြု၍ မြို့နယ် ရှစ်မြို့နယ် အနက် တစ်မြို့နယ်ချင်းစီအတွက် ဖုန်းနံပါတ် (၂၅၀) နှင့် ရန်ကုန်ရှိ အခြားမြို့နယ်များမှ နောက်ထပ် ဖုန်းနံပါတ် ၁,၀၀၀ ကို ကျပန်းရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ကုမ္ပဏီသည် panel အချက်အလက်များအား မြို့ပြ/ကျေးလက်နှင့် ဖုန်းကုမ္ပဏီများ (MPT၊ Telenor၊ Ooredoo နှင့် Mytel) အလိုက် အမျိုးအစားခွဲခြားပါသည်။ နောက်တစ်ဆင့်အနေဖြင့် နေရာ တစ်နေရာစီအတွက် စုစုပေါင်း နမူနာစာရင်းစဉ် (total sample frame) အား လိုအပ်သည့် နမူနာ အုပ်စုအရွယ်အစား ရရှိအောင် စိတ်ပိုင်းပြီး ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခွင့်ရရှိအောင် ကြိုးပမ်းကြည့်ရန်အတွက် 'n' ကြိမ်မြောက် ဖုန်းနံပါတ် (nth number) တိုင်းအား ရွေးချယ်ခဲ့ပါသည်။

**အဆင့် (၂) — ဖြေဆိုသူများအား ရွေးချယ်ခြင်း** – ဖုန်းဖြင့် ဆက်သွယ်မေးမြန်းမည့်သူများက စစ်တမ်းဖြေဆိုမည့်သူများကို ရွေးချယ်ရန်အတွက် panel အတွင်းမှ နံပါတ်များသို့ ဖုန်းခေါ်ဆိုခဲ့ကြသည်။ အိမ်ထောင်စုအတွင်းရှိ အသက် (၁၈)နှစ်နှင့်အထက် အရွယ်ရောက်သူလူကြီး စုစုပေါင်းမည်မျှရှိကြောင်း မေးမြန်းပြီး ထိုသူများထဲမှ တစ်ဦးအား 'နောက်ဆုံးမွေးနေ့' နည်းစနစ် အသုံးပြုကာ ရွေးချယ်ပါသည်။ လက်ရှိနှင့် အနီးဆုံး အချိန်ကာလတွင် မွေးနေ့ကျရောက်ခဲ့သူကို မေးမြန်းရန် ရွေးချယ်သည့် နည်းစနစ် ဖြစ်သည်။ ဤနည်းစနစ်ကို အသုံးပြုခြင်းဖြင့် သီအိုရီအရ အသက်အရွယ် အုပ်စုမရွေး၊ ကျားမမရွေး အချိုးကျ ပါဝင်သော၊ ကိုယ်စားပြုနိုင်သော စစ်တမ်းဖြေဆိုသူများကို ကျပန်းရွေးချယ်နိုင်ခဲ့ပါသည်။

ပုံ (က.၁.၁) **စစ်တမ်းတွင် ပါဝင်သော မြို့နယ်များနှင့် ဖုန်းဆက်မေးမြန်းမှု အရေအတွက်များ**



# နောက်ဆက်တွဲ (၂) – အစီရင်ခံစာတွင် ကိုးကားဖော်ပြထားသည့် အခြားစစ်တမ်းများ

ဤအစီရင်ခံစာတွင် အချက်အလက်ရင်းမြစ်များအဖြစ် အသုံးပြုခဲ့သည့် စစ်တမ်းများ –

| စစ်တမ်း | အချက်အလက် ကောက်ယူသည့် အချိန်ကာလ | နမူနာအုပ်စု အရွယ်အစား | ကိုယ်စားပြုနိုင်မှု အတိုင်းအတာ | ဆောင်ရွက်သူ |
|---|---|---|---|---|
| ၁။ မြန်မာနေထိုင်မှု အခြေအနေ စစ်တမ်း | ၂၀၁၆ ဒီဇင်ဘာမှ ၂၀၁၇ ဒီဇင်ဘာအထိ | ၁၃,၇၃၀ | ပြည်ထောင်စု/ တိုင်းဒေသကြီး/ပြည်နယ် | ဗဟိုစာရင်းအင်းအဖွဲ့/UNDP နှင့် ကမ္ဘာ့ဘဏ် |
| ၂။ ကြိမ်နှုန်းမြင့် အိမ်ထောင်စု စစ်တမ်းများ | ၂၀၂၀ မေ၊ ဇွန်၊ ဩဂုတ်နှင့် အောက်တိုဘာ (၄ ကြိမ်) | တစ်ကြိမ်လျှင် ၁,၀၀၀ ခန့် | ပြည်ထောင်စု | ကမ္ဘာ့ဘဏ် / ဗဟိုစာရင်းအင်းအဖွဲ့ |
| ၃။ ကမ္ဘာ့တန်ဖိုးများ စစ်တမ်း | ၂၀၂၀ ဖေဖော်ဝါရီ၊ မတ် | ၁,၂၀၀ | ပြည်ထောင်စု | WVSA: Institute for Comparative Survey Research ဗီယင်နာ – ဩစတြီးယား |
| ၄။ ထိခိုက်လွယ်သော အိမ်ထောင်စုများအား လေ့လာမှုစစ်တမ်း | ၂၀၂၀ အောက်တိုဘာ | ၂,၀၁၆ | ပြည်ထောင်စု | ဗဟိုစာရင်းအင်းအဖွဲ့ /UNDP |
| ၅။ ပြည်သူ့အခြေခံ လိုအပ်ချက် စစ်တမ်း၊ ၂၀၂၁ | ၂၀၂၁ မေ/ဇွန် | ၁,၂၀၀ | ပြည်ထောင်စု | UNDP |
| ၆။ မြန်မာနိုင်ငံရှိ ကျားမတန်းတူ ညီမျှမှု ဆုတ်ယုတ်ယိုယွင်းလာမှု၊ ၂၀၂၂ | ၂၀၂၁ နိုဝင်ဘာ/ ဒီဇင်ဘာ | ၂,၂၀၀ | ပြည်ထောင်စု | UNDP နှင့် UN women |
| ၇။ အထည်ချုပ်လုပ်သားစစ်တမ်း၊ ၂၀၂၂ | ၂၀၂၂ မတ် | ၁,၆၀၀ | လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များ၊ ရန်ကုန် | UNDP |

# နောက်ဆက်တွဲ (၃) – VCI အညွှန်းကိန်း တည်ဆောက်မှု နည်းစနစ်

အကြမ်းဖက်မှုကြောင့် အရပ်သားများ အဓိကထိခိုက်ရသည့် အဖြစ်အပျက်များအတွက် အချက်အလက်များဖြစ်သော ‘လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ နေရာဒေသများနှင့် အဖြစ်အပျက်များဆိုင်ရာ အချက်အလက်များ’ (ACLED) ကို အဓိကထား စိစစ်လေ့လာ၍ VCI အညွှန်းကိန်းကို တည်ဆောက်ထားပါသည်။

အောက်ပါတို့ကို ထင်ဟပ်သည့် နောက်ထပ်ညွှန်ကိန်းနှစ်ခုကို UNDPမှ ထပ်ဆောင်းဖန်တီးပါသည်–
၁) အရပ်သားများ ထိခိုက်ဒဏ်ရာရသေဆုံးမှုနှင့်
၂) နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုများကို ဖြစ်ပေါ်စေသည့် အဖြစ်အပျက်များ အရေအတွက်

ညွှန်ကိန်းများအား တိုင်းတာရာတွင် **၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ (၃၁) ရက်**အထိ အဖြစ်အပျက်များ (သို့မဟုတ်) ဒဏ်ရာရသေဆုံးမှုများ ပေါင်းစုအရေအတွက်အဖြစ် တိုင်းတာပါသည်။ မြို့နယ်များ တစ်ခုနှင့်တစ်ခုကြား ညွှန်ကိန်းများ အမျိုးမျိုးကွဲပြားနေမှုပေါ်တွင် အခြေခံ၍ အောက်ပါ ညွှန်ကိန်း (၇) ခုကို ထည့်သွင်းတိုင်းတာခဲ့ပါသည်။

၁။ အမြောက်/လက်နက်ကြီး/ဒုံးလက်နက်ဖြင့် တိုက်ခိုက်ခြင်း၊
၂။ အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခြင်း/ မြေမြှုပ်မိုင်းများ/ လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ
၃။ တိုက်ခိုက်မှု၊
၄။ ဖမ်းဆီးမှု၊
၅။ ပစ္စည်းများအား လုယက်ခြင်း/ ဖျက်ဆီးခြင်း၊
၆။ နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်း၊
၇။ အရပ်သားများ ထိခိုက်သေဆုံးခြင်း၊

# နောက်ဆက်တွဲ (၄) – Logit model တစ်ခုမှ အလေးသာမှုအချိုးများ (Odds ratios)

| | ဆေးကုသ စရိတ်အတွက် ငွေချေးခြင်း | ဆေးကုသ စရိတ်အတွက် ပိုင်ဆိုင် ပစ္စည်းများ ရောင်းချခြင်း | အာဟာရ ရှိသော အစားအစာ | လျှော့စားခြင်း | စုဆောင်းငွေ | အလွတ် သဘော ငွေချေးခြင်း | ဈေးဆိုင် တွင် အကြွေး ဝယ်ခြင်း | ဝင်ငွေ၊ ထွက်ငွေ မမျှ၍ ပစ္စည်းများ ရောင်းခြင်း | ကလေးများကို အလုပ် လုပ်နိုင်းရန် ကျောင်း ထုတ်ခြင်း |
|---|---|---|---|---|---|---|---|---|---|
| ကလေးရှိသော အိမ်ထောင်စု | ၁.၆၆၄*** | ၁.၆၅၅*** | ၁.၆၈၈*** | ၁.၇၆၇*** | ၀.၇၁၅*** | ၁.၇၆၈*** | ၁.၈၂၁*** | ၁.၆၇၅*** | ၁ |
| | (၀.၁၇၇) | (၀.၁၆၇) | (၀.၁၅၇) | (၀.၁၅၃) | (၀.၀၇) | (၀.၁၅၃) | (၀.၁၉၄) | (၀.၁၃၃) | (.) |
| အမျိုးသမီး ဦးစီးသော အိမ်ထောင်စု | ၁.၂၅၁* | ၁.၂၃၂* | ၁.၂၅၆** | ၁.၁၅၅ | ၀.၉၀၆ | ၁.၀၆၁ | ၁.၁၁၅ | ၁.၀၂၈ | ၂.၃၅၈*** |
| | (၀.၁၄၅) | (၀.၁၃၅) | (၀.၁၃၀) | (၀.၁၁၄) | (၀.၁၁၂) | (၀.၁၀၅) | (၀.၁၃၁) | (၀.၀၉၅၆) | (၀.၆၂၃) |
| URP | ၁.၃၂၆** | ၁.၁၁၂ | ၁.၀၄၃ | ၁.၁၈၆* | ၀.၈၈၀ | ၁.၁၅၇ | ၁.၃၂၁** | ၁.၀၆၀ | ၁.၈၀၃* |
| | (၀.၁၄၆) | (၀.၁၁၃) | (၀.၀၉၉၆) | (၀.၁၀၆) | (၀.၀၉၁) | (၀.၁၀၃) | (၀.၁၄၅) | (၀.၀၈၇၁) | (၀.၅၆၅) |
| တစ်လ ၂၀၀,၀၀၀ အောက် | ၂.၁၅၅*** | ၁.၇၂၉*** | ၃.၀၀၆*** | ၃.၅၇၄*** | ၀.၂၆၈*** | ၂.၀၀၅*** | ၃.၃၈၄*** | ၁.၅၀၁*** | ၁.၃၈၀ |
| | (၀.၂၈၆) | (၀.၂၁၂) | (၀.၃၅၂) | (၀.၃၉) | (၀.၀၄၁) | (၀.၂၁၆) | (၀.၄၅၀) | (၀.၁၅၃) | (၀.၄၈၃) |
| တစ်လ ၂၀၀,၀၀၀ – ၃၉၉,၀၀၀ ကြား | ၂.၀၃၀*** | ၁.၄၈၇*** | ၂.၀၄၃*** | ၂.၃၀၂*** | ၀.၃၅၈*** | ၁.၅၈၁*** | ၂.၅၀၉*** | ၁.၃၇၉*** | ၁.၇၂၈* |
| | (၀.၂၃၉) | (၀.၁၆၁) | (၀.၂၁၃) | (၀.၂၂၂) | (၀.၀၄၀၂) | (၀.၁၄၈) | (၀.၃၀၄) | (၀.၁၁၉) | (၀.၅၃၁) |
| ပျံကျ | ၁.၇၇၁** | ၁.၃၈၈ | ၂.၀၅၆*** | ၁.၃၉၄* | ၀.၄၄၆*** | ၁.၃၂၈ | ၂.၀၀၅*** | ၁.၅၇၈** | ၁.၅၀၁ |
| | (၀.၄၁၄) | (၀.၂၉၈) | (၀.၄၃၄) | (၀.၂၇) | (၀.၁၂၅) | (၀.၂၅၄) | (၀.၄၃၉) | (၀.၂၈၉) | (၀.၈၈၇) |
| စီမံကိန်းချထားခြင်း မဟုတ်သော အိမ်ရာ | ၁.၃၁၀ | ၁.၀၂၆ | ၁.၃၂၇ | ၁.၀၁၉ | ၀.၉၀၈ | ၁.၁၁၀ | ၁.၀၆၃ | ၁.၂၃၆ | ၁.၂၁၁ |
| | (၀.၂၆၀) | (၀.၁၇၉) | (၀.၂၃၂) | (၀.၁၅၉) | (၀.၁၅၈) | (၀.၁၇၀) | (၀.၁၉၉) | (၀.၁၇၈) | (၀.၆၃၈) |
| N | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၈၃၂ |
| pseudo R2 | ၀.၀၃၉ | ၀.၀၂၃ | ၀.၀၅၁ | ၀.၀၆၄ | ၀.၀၆၆ | ၀.၀၃၁ | ၀.၀၇၀ | ၀.၀၂၁ | ၀.၀၃၂ |

ထပ်ညွှန်းတင်ထားသော မြှောက်ဖော်ကိန်းများ။ Standard Error များကို ကွင်းစကွင်းပိတ်ဖြင့် ဖော်ပြထားသည်။

* p<0.1 ** p<0.05 *** p<0.01

ဇယားတွင် logit regression (၉) ခုမှ ရလဒ်များကို တင်ပြထားပြီး စာတိုင်ကိန်းရှင်များအား မှီခိုကိန်းရှင်များနှင့် အတန်းကိန်းရှင်များအား လွတ်လပ်ကိန်းရှင်များအဖြစ် အသုံးပြုထားပါသည်။

အကယ်၍ odds ratio တစ်ခုသည် 'တစ်' ထက်ကြီး (ငယ်) လျှင် မှီခိုကိန်းရှင်၏ ဖြစ်ပေါ်ရန် အလေးသာမှုသည် တိုးပွား (လျော့နည်း) သွားပြီး လွတ်လပ်ကိန်းရှင်သည် လျော့နည်း (မြင့်တက်) လာပါသည်။

ဥပမာ ဇယား၏ ဘယ်ဘက်ထိပ်ဆုံးတွင် 1.664 ဟူသော ကိန်းဂဏန်းရှိနေခြင်း၏ အဓိပ္ပါယ်မှာ ကလေးရှိသော အိမ်ထောင်စုတစ်စုသည် ကလေးမရှိသော အိမ်ထောင်စုများနှင့် နှိုင်းယှဉ်လျှင် ဆေးကုသမှုစရိတ်များ ကာမိစေရန် ငွေချေးနိုင်ခြေသည် အဆပေါင်း (၁.၆၆၄) ဆ (သို့မဟုတ် ၆၆.၄%) ရှိသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

သတိပြုရန် – စစ်တမ်းဖြေဆိုသူအား မေးမြန်းသည့် မေးခွန်းများအားလုံးနီးပါးသည် အိမ်ထောင်စုတစ်စုလုံးကို ရည်ညွှန်းခြင်းဖြစ်သဖြင့် စစ်တမ်းမေးခွန်းများအားလုံးနီးပါးတွင် ကျားမရေးရာနှင့် အသက်အရွယ်ကဲ့သို့ လူတစ်ဦးချင်းစီသာ သက်ဆိုင်သည့် လက္ခဏာများကို ထည့်သွင်းထားခြင်း မရှိပါ။

# နောက်ဆက်တွဲ (၅) – စစ်တမ်းမေးခွန်းလွှာ

*မင်္ဂလာပါ။ ကျွန်တော်/မ နာမည်ကတော့ ____________ ဖြစ်ပါတယ်။ ကျွန်တော်/မက မြန်မာဆာဗေးသုတေသနကုမ္ပဏီက ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ကျွန်တော် /မ အခုဖုန်းခေါ်လိုက်ရတဲ့ အကြောင်းရင်းကတော့ ရန်ကုန်မှာ နေထိုင်နေသူတွေရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ အလုပ်အကိုင် အခြေအနေတွေကို နားလည်နိုင်ဖို့အတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP နှင့် အမျိုးသမီးများအတွက် ဆောင်ရွက်ပေးနေသော ကုလသမဂ္ဂအဖွဲ့ UN WOMEN တို့ရဲ့ကိုယ်စား စစ်တမ်းလေးတစ်ခုကောက်ယူချင်တာကြောင့် ဖြစ်ပါတယ်။ အစ်ကို /အစ်မ ဖြေပေးလိုက်တဲ့ အဖြေတွေအကုန်လုံးကို လျှို့ဝှက်လုံခြုံစွာ ထိန်းသိမ်းထားမှာ ဖြစ်ပြီးတော့ စစ်တမ်းအဖွဲ့ကလွဲရင် အခြားဘယ်သူ့ ဘယ်သူကိုမှ ဝေမျှပြောပြသွားမှာ မဟုတ်ပါဘူး။ ကျွန်တော် /မတို့ရဲ့ စစ်တမ်းရီပို့မှာလည်း ဖြေဆိုလိုက်သူတစ်ဦးတစ်ယောက်ရဲ့ နာမည်မှ ပါမှာမဟုတ်တဲ့ အတွက်ကြောင့် ဒီစစ်တမ်းမှာ ဘယ်သူဘယ်ဝါကတော့ ဖြေပေးထားပါတယ် ဆိုတာကို ဘယ်သူမှ သိနိုင်မှာ မဟုတ်ပါဘူး။ စစ်တမ်းမှာ ပါဝင်ခြင်း၊ မပါဝင်ခြင်းကတော့ အစ်ကို /အစ်မရဲ့ ဆန္ဒအရပါပဲ။ ပါဝင်ဖြေဆိုပေးနေရင်းနဲ့လည်း အချိန်မရွေး ရပ်တန့်လိုက်လို့ ရပါတယ်။ မေးမြန်းနေချိန်အတွင်းမှာလည်း မေးခွန်းတစ်ခုခု မဖြေချင်တာ၊ ဖြေရခက်တာမျိုး ပါလာရင် အစ်ကို /အစ်မမှာ အဲ့ဒီမေးခွန်းကို မဖြေဆိုဖို့ ငြင်းဆိုပိုင်ခွင့် အပြည့်အဝရှိပါတယ်။ မေးမြန်းမှုလေးကတော့ ပျမ်းမျှ အချိန် ၁၅ မိနစ်လောက် ကြာနိုင်ပါတယ်။ မေးမြန်းမှုလေး ပြီးသွားတဲ့ နောက်မှာတော့ ကျေးဇူးတင်တဲ့အနေနဲ့ အစ်ကို /အစ်မကို ဖုန်းဘေလ် ၃၀၀၀ ထည့်ပေးသွားမှာ ဖြစ်ပါတယ်။ အစ်ကို/အစ်မအနေနဲ့ ဒီစစ်တမ်းလေးမှာ ပါဝင်ဖြေဆိုပေးဖို့ သဘောတူပါလား။*

*သဘောတူပါတယ်။*

*သဘောမတူပါ။ (ကျေးဇူးတင်စကားပြောပြီး မေးမြန်းမှုကို အဆုံးသတ်ပါ။)*

| | | | |
|---|---|---|---|
| **Section 1: ဖြေဆိုသူအကြောင်းအရာ** | | | |
| *s1q0* | ဖြေဆိုသူမှာ ကျား (သို့) မ | ကျား | 1 |
| | | မ | 2 |
| *s1q1* | အစ်ကို/အစ်မက အသက်ဘယ်လောက်ရှိပြီလဲ။ | | |
| *s1q2* | ဒီအိမ်ထောင်စုမှာ အသက် ၁၈ နဲ့ အထက် အမျိုးသမီး ဘယ်နယောက်လဲ။ | | |
| *q1q3* | ဒီအိမ်ထောင်စုမှာ အသက် ၁၈ နဲ့ အထက် အမျိုးသား ဘယ်နယောက်လဲ။ | | |
| *s1q4* | ဒီအိမ်ထောင်စုမှာ မွေးကင်းစကနေ အသက် ၁၇ နှစ်ထိ (၁၈ နှစ်အောက်) မိန်းကလေး ဘယ်နယောက် လက်ရှိနေထိုင်လဲ။ | | |
| *s1q5* | ဒီအိမ်ထောင်စုမှာ မွေးကင်းစကနေ အသက် ၁၇ နှစ်ထိ (၁၈ နှစ်အောက်) ယောကျ်ားလေး ဘယ်နယောက် လက်ရှိနေထိုင်လဲ။ | | |
| *s1q6* | အိမ်ထောင်ဦးစီးက အမျိုးသားလား၊ အမျိုးသမီးလား။ | ကျား | 1 |
| | | မ | 2 |
| *s1q7* | ဖြေဆိုသူရဲ့ အမြင့်ဆုံးပညာအရည်အချင်းလေး ပြောပြပေးပါလား။<br><br>အဖြေတွေကို မဖတ်ပြပါနဲ့။ | အတန်းပညာမတက်ခဲ့ပါ။ | 00 |
| | | KG ပြီးဆုံး | 21 |
| | | GRADE 1 | 01 |
| | | GRADES 2-9 | 02-09 |
| | | GRADE 10 | 10 |
| | | GRADE 11 | 11 |
| | | THS အစိုးရနည်းပညာအထက်တန်းကျောင်း | 31 |
| | | ဆရာဖြစ်သင်တန်းလက်မှတ် (ဆယ်တန်းအောင်) | 32 |
| | | နည်းပညာ အသက်မွေးပညာသင်တန်း ဒီပလိုမာ | 12 |
| | | ဘွဲ့ကြို ဒီပလိုမာ | 13 |
| | | ဘွဲ့ရ | 14 |
| | | ဘွဲ့လွန်ဒီပလိုမာ | 15 |
| | | မဟာဘွဲ့ | 16 |
| | | ပါရဂူဘွဲ့ | 17 |
| | | ဘုန်းတော်ကြီးသင်ကျောင်း/အခြားဘာသာရေးကျော | 18 |
| | | အခြား | 19 |
| **Section 2: ကျန်းမာရေး** | | | |
| *s2q1* | လွန်ခဲ့သော ရက် ၃၀ အတွင်း အစ်ကို/အစ်မ (သို့) အစ်ကို/အစ်မ၏ အိမ်ထောင်စုဝင် တစ်ဦးဦးတွင် ထိခိုက်ဒဏ်ရာ (သို့) နေထိုင်မကောင်းခြင်း ရှိ/မရှိ<br>ဥပမာ- အအေးမိ၊ ချောင်းဆိုး ဝမ်းရောဂါ၊ ကျောနာ၊ ဖျားနာ၊ ဗိုက်နာ၊ ခေါင်းကိုက် စသည် ... | ရှိ | 1 |
| | | မရှိ | 2 |
| *s2q2* | လွန်ခဲ့တဲ့ ရက် ၃၀ အတွင်းက အပြင်းထန်ဆုံး ဖျားနာ (သို့) ထိခိုက်ဒဏ်ရာ သက်သာစေရန်အတွက် ဘာလုပ်ခဲ့ပါသလဲ။ | ဘာမှမလုပ်ခဲ့ပါ။ | 1 |
| | | အိမ်မှာရှိတဲ့ဆေးဝါး သောက်သုံးခဲ့သည်။ | 2 |
| | | တိုင်းရင်းဆေးဆရာနှင့် ကုခဲ့သည်။ | 3 |
| | | ရမ်းကု (ကုသခွင့်လက်မှတ်မရှိ အရပ်သမားတော်) နှင့် ပြခဲ့သည်။ | 4 |
| | | ရပ်ရွာစတိုးဆိုင်/ကုန်စုံဆိုင် တစ်ခုခုမှ ဆေးဝယ်ခဲ့သည်။ | 5 |
| | | ရပ်ရွာဆေးဆိုင်သို့ သွားသည်။ | 6 |
| | | ကျန်းမာရေးဌာန တစ်ခုခုသို့ သွားခဲ့သည်/ဆရာဝန်နှင့် ပြခဲ့သည်။ | 7 |
| *s2q3* | နေမကောင်းတာကို ဘယ်မှာပြခဲ့တာလဲ။ | ***ပြည်သူ့ကဏ္ဍ*** | |
| | | အစိုးရဆေးရုံ | 1 |
| | | အစိုးရကျန်းမာရေးဌာန | 2 |
| | | ကျေးလက်ကျန်းမာရေး ဌာနခွဲ | 3 |

| | | | |
|---|---|---|---|
| | | အခမဲ့ နှစ်သိမ့်ဆွေးနွေးပေးသည့် ဌာန | 4 |
| | | မိသားစု သားဆက်ခြားရေးဆိုင်ရာ စီမံကိန်းဆေးခန်း | 5 |
| | | နယ်လှည့်ဆေးကုအဖွဲ့ | 6 |
| | | ကျန်းမာရေး လုပ်အားပေးလုပ်သား | 7 |
| | | အခြား အစိုးရ ကျန်းမာရေးဌာနများ (ချရေးပါ) | 8 |
| | | NGO | 9 |
| | | ***ပုဂ္ဂလိက ဆေးကုသရေး*** | |
| | | ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများ | 10 |
| | | ပုဂ္ဂလိက ဆရာဝန် | 11 |
| | | အခမဲ့ နှစ်သိမ့်ဆွေးနွေးပေးသည့် ဌာန | 12 |
| | | ပုဂ္ဂလိက ဆေးဆိုင် | 13 |
| | | နယ်လှည့်ဆေးကုအဖွဲ့ | 14 |
| | | ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း | 15 |
| | | အခြား ပုဂ္ဂလိက ကျန်းမာရေး ဆေးကုဌာနများ (ချရေးပါ) | 16 |
| *s2q3a* | ပြီးခဲ့တဲ့ လတုန်းက ကျန်းမာရေးဝန်ဆောင်မှုတွေကို ရယူနိုင်တဲ့နည်းလမ်းတွေနဲ့ ပတ်သက်ပြီး မေးချင်ပါတယ်။ ကျန်းမာရေးဝန်ဆောင်မှုတွေ ဆိုတာက အနီးအနားမှာရှိတဲ့ ဆရာဝန်၊ ဆေးရုံဆေးခန်းတွေကို သွားရောက်ပြသတာတွေကို ပြောတာပါ။ အစ်ကို /မတို့ အနေနဲ့ အဲ့ဒီလိုကျန်းမာရေးဝန်ဆောင်မှုတွေကို ရယူတဲ့အခါမှာ (ဖတ်ပြပါ။) (လွန်ခဲ့တဲ့ တစ်လအတွင်း ဝန်ဆောင်မှု ရယူခဲ့ခြင်း မရှိပါက မသက်ဆိုင်ပါ ကုဒ်ကို ဖြည့်ပါ။ ) | အရင်ထက်ပိုခက်ခဲလာတယ် | 1 |
| | | ပြောင်းလဲမှုမရှိပါ | 2 |
| | | အရင်ထက်ပိုလွယ်လာတယ် | 3 |
| | | *မသက်ဆိုင်ပါ* | 4 |
| *s2q3b* | ဘယ်အတွက်ကြောင့် ပိုမိုလွယ်ကူ/ခဲယဉ်း လာသည်ဟု ထင်ပါသလဲ။ (သက်ဆိုင်ရာ ကုဒ်ကို တစ်ခုထက်ပို ဖြည့်နိုင်သည်။) | *ဆေးခန်းတွေက အရင်ထက် စောပိတ်တယ်* | 1 |
| | | *ဆေးခန်းဖွင့်ချိန်တွေ လျော့သွားတဲ့အတွက် ဖွင့်တဲ့အချိန်မှာ လူနာတွေ တိုးကြိတ်နေကြတယ်* | 2 |
| | | *ကျန်းမာရေးစင်တာတွေ၊ ဆေးရုံဆေးခန်းတွေကို သွားလာရတာ ခက်ခဲတယ်* | 3 |
| | | *ဆေးကုသစရိတ်တွေက အရင်ထက်ပိုမြင့်လာလို့ မတတ်နိုင်တော့ဘူး* | 4 |
| | | *အခြား (ချရေးပါ)* | 5 |
| *s2q3c* | မတ်လ ၂၀၂၀ ကိုဗစ် ၁၉ စတင်ချိန်မှစပြီး အစ်ကို/အစ်မ (သို့) အိမ်ထောင်စုဝင်တစ်ယောက်ယောက်ဟာ အစိုးရ (သို့) ပုဂ္ဂလိက ကျန်းမာရေး ဝန်ဆောင်မှုတစ်ခုခုနဲ့ အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးပြသတာမျိုး ရှိခဲ့ပါသလား။ | ရှိခဲ့ပါသည်။ | 1 |
| | | မရှိခဲ့ပါ။ | 2 |
| *s2q4* | အစ်ကို/အစ်မ (သို့) အိမ်ထောင်စုဝင်တစ်ဦးဦးမှာ နာတာရှည် ရောဂါတစ်ခုခု ခံစားနေရတာ ရှိပါသလား။ | ရှိပါသည်။ | 1 |
| | | မရှိပါ။ | 2 |
| *s2q5* | ဘယ်လိုရောဂါမျိုးကို ခံစားနေရတာပါလဲ။ (သက်ဆိုင်ရာ ကုဒ်ကို တစ်ခုထက်ပို ဖြည့်နိုင်သည်။ ) | သွေးတိုးရောဂါ | 1 |
| | | လေးဖက်နာရောဂါ | 2 |
| | | နှလုံးရောဂါ | 3 |
| | | ဆီးချိုရောဂါ | 4 |
| | | တီဘီရောဂါ | 5 |
| | | အစာအိမ်ရောဂါ | 6 |
| | | အခြား (ချရေးပါ) | 7 |
| *s2q6* | လွန်ခဲ့တဲ့ ၁၂ လအတွင်း အစ်ကို/အစ်မ (သို့) အိမ်ထောင်စုဝင်တစ်ဦးဦး၏ ဆေးကုသမှု စရိတ်အတွက် ဒီအိမ်ထောင်စုက **ပိုက်ဆံချေး**ယူခဲ့ပါသလား။ | ယူခဲ့ပါသည်။ | 1 |
| | | မယူခဲ့ပါ။ | 2 |
| *s2q7* | လွန်ခဲ့တဲ့ ၁၂ လအတွင်း အစ်ကို/အစ်မ (သို့) အိမ်ထောင်စုဝင်တစ်ဦးဦး၏ ဆေးကုသမှု စရိတ်အတွက် အိမ်ထောင်စုမှ **ပိုင်ဆိုင်ပစ္စည်းတစ်ခုခုကို ရောင်းချမှု** လုပ်ခဲ့ပါသလား။ | လုပ်ခဲ့ပါသည်။ | 1 |
| | | မလုပ်ခဲ့ပါ။ | 2 |
| *s2q8* | လွန်ခဲ့တဲ့ ၁၂ လအတွင်း အစ်ကို/အစ်မ (သို့) အစ်ကို/အစ်မရဲ့ အိမ်ထောင်စုအနေနဲ့ လိုအပ်သော ဆေးဝါးကုသမှု (သို့) ဆေးဝါးမရှိမှုကို ဘယ်လောက်ကြုံတွေ့ခဲ့ရသလဲ။ (အဖြေများကို ဖတ်ပြပါ။) | မကြာခဏ | 1 |
| | | တစ်ခါတလေ | 2 |
| | | ကြုံတောင့်ကြုံခဲ | 3 |
| | | တစ်ခါမှ မကြုံဖူးပါ | 4 |
| *s2q9* | လွန်ခဲ့တဲ့ ၁၂ လအတွင်း အစ်ကို/အစ်မ (သို့) အစ်ကို/အစ်မရဲ့ အိမ်ထောင်စုဝင် တစ်ဦးဦးဟာ ငွေနဲ့ အခြားအရင်းအမြစ်မရှိတဲ့အတွက်ကြောင့် **ကျန်းမာပြီး အာဟာရရှိတဲ့ အစားအစာတွေကို** လျှော့စားခဲ့ရခြင်းမျိုး ရှိခဲ့ပါသလား။ (အခြားအရင်းအမြစ်ဆိုတာမှာ ခြံထွက်အစားအစာပစ္စည်းတွေ၊ လဲလှယ်လို့ရမယ့် ပစ္စည်းတွေ ရှိတာတွေကို ဆိုလိုပါတယ်။ ) | ရှိခဲ့သည် | 1 |
| | | မရှိခဲ့ပါ | 2 |

| | | | |
|---|---|---|---|
| **Section 3: ပညာရေး** | | | |
| *s3q1* | မတ်လ ၂၀၂၀ ကိုဗစ် ၁၉ စတင်ချိန်မှစပြီး အစ်ကို/အစ်မရဲ့ အိမ်ထောင်စုဝင် အသက် ၅ နှစ်နဲ့ ၁၇ နှစ်အတွင်းရှိ ကလေးတစ်ယောက်ယောက်ကို ကျောင်းထုတ်လိုက်ရတာမျိုး ရှိပါသလား။ (ကလေးရှိသော အိမ်ထောင်စုများကိုသာ မေးရန် ) | ရှိပါသည်။ | 1 |
| | | မရှိပါ။ | 2 |
| | | *၅-၁၇ အရွယ် ကလေးမရှိပါ။* | 3 |
| | | *ကျောင်းကို ဆက်မထားသေးတာ* | 4 |
| *s3q2* | ဘာအတွက်ကြောင့် ကျောင်းထုတ်ခဲ့ရပါသလဲ / ကျောင်းဆက်မထားတာလဲ။ (သက်ဆိုင်ရာ ကုဒ်ကို တစ်ခုထက်ပို ဖြည့်နိုင်သည်။ ) | လုံခြုံရေးအခြေအနေမှာ အန္တရာယ်များခြင်း | 1 |
| | | ကျောင်းအတွက် လိုအပ်ပစ္စည်းများ မတတ်နိုင်ခြင်း | 2 |
| | | ကျောင်းသို့သွားရန် ခရီးစရိတ် မတတ်နိုင်ခြင်း | 3 |
| | | ကျောင်းသား၏ ကျန်းမာရေးမကောင်းခြင်း | 4 |
| | | အခြား (ချရေးပါ) | 5 |
| *s3q3* | ကျောင်းထုတ်လိုက်သူမှာ ကောင်လေးလား (သို့) ကောင်မလေးလား။ (အကယ်၍ ကျားရော မရော ထုတ်ခဲ့တယ်ဆို အငယ်ဆုံးရဲ့ ကျား/မကို ရွေးပါ။) | မ | 1 |
| | | ကျား | 2 |
| *s3q3a* | ကောင်မလေးကို ကျောင်းထုတ်လိုက်ရတဲ့ / ကျောင်းဆက်မထားရတဲ့ အဓိကအကြောင်းအရင်းက ဘာပါလဲ။ | လုံခြုံရေးအခြေအနေမှာ အန္တရာယ်များခြင်း | 1 |
| | | ကျောင်းအတွက် လိုအပ်ပစ္စည်းများ မတတ်နိုင်ခြင်း | 2 |
| | | ကျောင်းသို့သွားရန် ခရီးစရိတ် မတတ်နိုင်ခြင်း | 3 |
| | | ကျောင်းသား၏ ကျန်းမာရေးမကောင်းခြင်း | 4 |
| | | အခြား (ချရေးပါ) | 5 |
| *s3q3b* | မတ်လ ၂၀၂၀ ကိုဗစ် ၁၉ စတင်ချိန်မှစပြီး အစ်ကို/အစ်မရဲ့ အိမ်ထောင်စုဝင် အသက် ၅ နှစ်နဲ့ ၁၇ နှစ်အတွင်းရှိ ကလေးတစ်ယောက်ယောက်ဟာ အိမ်မှာပဲ အွန်လိုင်းကနေ ကျောင်းတက်နေတာမျိုး ရှိပါသလား။ | ရှိပါသည်။ | 1 |
| | | မရှိပါ။ | 2 |
| *s3q4* | အစ်ကို/အစ်မရဲ့ အိမ်ထောင်စုမှာ အထက်တန်းအောင်သွားတဲ့ အသက် ၁၆ မှ ၁၈ အရွယ် ကလေးရှိပါသလား။ | ရှိပါသည်။ | 1 |
| | | မရှိပါ။ | 2 |
| | | ၁၆-၁၈ အရွယ် ကလေးမရှိပါ။ | 2 |
| *s3q5* | အဲဒီကလေးက တက္ကသိုလ်တတ်ဖို့ အစီအစဉ် ရှိပါသလား။ | ရှိပါသည်။ | 1 |
| | | မရှိပါ။ | 2 |
| *s3q6* | ဘာကြောင့် တက္ကသိုလ် မသွားတာပါလဲ။ (သက်ဆိုင်ရာ ကုဒ်ကို တစ်ခုထက်ပို ဖြည့်နိုင်သည်။ ) | အိမ်ထောင်စုမှ စရိတ်မတတ်နိုင်သောကြောင့် | 1 |
| | | ကလေး/တွေမှာ အလုပ်ရှိသောကြောင့် | 2 |
| | | ကလေးမှာ မကျန်းမာသောကြောင့် | 3 |
| | | အခြား | 4 |
| *s3q7* | လွန်ခဲ့တဲ့ ၁၂ လအတွင်း အစ်ကို/အစ်မရဲ့ အိမ်ထောင်စုဝင် အသက် ၁၆ နှစ် နဲ့ ၁၈ နှစ် အတွင်းရှိသူ ကလေးတစ်ယောက်ယောက်ကို ကျောင်းထုတ်လိုက်ရတာမျိုး ရှိပါသလား။ | ရှိပါသည်။ | 1 |
| | | မရှိပါ။ | 2 |
| | | *ကျောင်းကို ဆက်မထားသေးတာ* | 3 |
| *s3q8* | အဲဒီ အသက် ၁၆ နှစ်နဲ့ ၁၈ နှစ်အတွင်းရှိတဲ့ ကလေး/တွေကို ကျောင်းထုတ်လိုက်ရတဲ့ အကြောင်းအရင်းတွေက ဘာပါလဲ။ (သက်ဆိုင်ရာ ကုဒ်ကို တစ်ခုထက်ပို ဖြည့်နိုင်သည်။) | လုံခြုံရေးအခြေအနေမှာ အန္တရာယ်များခြင်း | 1 |
| | | ကျောင်းအတွက် လိုအပ်ပစ္စည်းများ မတတ်နိုင်ခြင်း | 2 |
| | | ကျောင်းသို့သွားရန် ခရီးစရိတ် မတတ်နိုင်ခြင်း | 3 |
| | | ကျောင်းသား၏ ကျန်းမာရေးမကောင်းခြင်း | 4 |
| | | အခြား | 5 |
| *s3q9* | ကျောင်းထုတ်လိုက်သူမှာ ကောင်လေးလား (သို့) ကောင်မလေးလား။ (အကယ်၍ ကျားရော မရော ထုတ်ခဲ့တယ်ဆို အငယ်ဆုံးရဲ့ ကျား/မကို ရွေးပါ။) | မ | 1 |
| | | ကျား | 2 |
| *s3q10* | ကောင်မလေးကို ကျောင်းထုတ်လိုက်ရတဲ့ အဓိကအကြောင်းအရင်းက ဘာပါလဲ။ | လုံခြုံရေးအခြေအနေမှာ အန္တရာယ်များခြင်း | 1 |
| | | ကျောင်းအတွက် လိုအပ်ပစ္စည်းများ မတတ်နိုင်ခြင်း | 2 |
| | | ကျောင်းသို့သွားရန် ခရီးစရိတ် မတတ်နိုင်ခြင်း | 3 |
| | | ကျောင်းသား၏ ကျန်းမာရေးမကောင်းခြင်း | 4 |
| | | အခြား | 5 |
| *s3q11* | မတ်လ ၂၀၂၀ ကစပြီး အစ်ကို/အစ်မရဲ့ အိမ်ထောင်စုဝင် အသက် ၁၆ နှစ်နဲ့ ၁၈ နှစ်အတွင်းရှိ ကလေးတစ်ယောက်ယောက် အိမ်မှာပဲ အွန်လိုင်းကနေ ကျောင်း (သို့) တက္ကသိုလ် တက်နေတာမျိုး ရှိပါသလား။ | ရှိပါသည်။ | 1 |
| | | မရှိပါ။ | 2 |
| **Section 4: ရေနှင့် အိမ်ရာအခြေအနေ** | | | |
| *s4q1* | အိမ်ထောင်စုအတွက် **လက်ရှိအဓိကသောက်ရေ**ကို **နွေရာသီတွင်** အဓိက ဘယ်ကရပါသလဲ။ | အိမ်အတွင်းသို့ ပိုက်ဖြင့် သွယ်ယူထားသော | 1 |
| | | အိမ်ခြံဝန်းအတွင်းသို့ ပိုက်ဖြင့် သွယ်ယူထားသော | 2 |
| | | အိမ်ခြံဝန်းအပြင်သို့ ပိုက်ဖြင့် သွယ်ယူထားသော | 3 |
| | | စက်ရေတွင်း/အဝီစိတွင်း | 4 |
| | | အကာအရံရှိသော ရေတွင်း/ရေထွက်စမ်း | 5 |
| | | အကာအရံမရှိသော ရေတွင်း/ရေထွက်စမ်း | 6 |
| | | ကန်ရေ/ဆည်ရေ/ရေသေ | 7 |
| | | မြစ်/ချောင်း/တူးမြောင်း | 8 |
| | | မိုးရေလှောင်ကန် | 9 |
| | | ရေပုလင်း/ရေသန့်ဗူး | 10 |
| | | ရေတိုင်ကီ/ရေကား | 11 |
| | | အခြား | 12 |

| | | | |
|---|---|---|---|
| *s4q2* | နေ့ရာသီတွင် သောက်ရေခပ်ရန်/သယ်ရန်/ဝယ်ရန်အတွက် အချိန်ဘယ်လောက် ကြာပါသလဲ။ (ရေခပ်ရန် သွားရသော အသွားအပြန် ကြာချိန် ) (မိနစ်ဖြင့်) (အကယ်၍ ရေအရင်းအမြစ်/ရေခပ်ရန်နေရာက အိမ်အတွင်း/ခြံတွင်းတွင် ရှိပါက "သုည" ရေးပါ။ | | |
| *s4q3* | အဓိကရေအရင်းအမြစ်မှာ ဘယ်လိုအခက်အခဲ ပြဿနာတွေ ရှိပါသလဲ။ (သက်ဆိုင်ရာ ကုဒ်ကို တစ်ခုထက်ပို ဖြည့်နိုင်သည်။) | ရေယူရန် ကြာရှည်စွာ တန်းစီရခြင်း | 1 |
| | | ရေမှာ မသန့်ရှင်းခြင်း | 2 |
| | | တစ်ခါတရံ ရေပြတ်လပ်ခြင်း | 3 |
| | | အခြား | 4 |
| | | *မည်သည့် ပြဿနာမှ မရှိပါ။* | 5 |
| *s4q4* | လွန်ခဲ့တဲ့ ၂ ပတ်အတွင်းမှာ နှစ်ရက်ထက်ကြာအောင် သောက်သုံးရေပြတ်ခြင်းမျိုးကို ကြုံခဲ့ဖူးပါသလား။ | ကြုံဖူးသည်။ | 1 |
| | | မကြုံဖူးပါ။ | 2 |
| *s4q5* | လွန်ခဲ့တဲ့ ၁၂ လ အတွင်း အစ်ကို/အစ်မ အိမ်တွင် အဓိက ဘယ်နည်းလမ်းနဲ့ မီးထွန်းခဲ့သလဲ။ | အစိုးရဓာတ်အားလိုင်း | 1 |
| | | အိမ်နီးနားချင်းနိုင်ငံမှ ဓာတ်အားပေးစနစ် | 2 |
| | | ရပ်ရွာ/ဒေသတွင်း မီးပေးစနစ် | 3 |
| | | ရေနံဆီ | 4 |
| | | ဖယောင်းတိုင် | 5 |
| | | ပြန်လည်အားဖြည့်နိုင်သော ဘတ္တရီစနစ် | 6 |
| | | မီးစက် (ပုဂ္ဂလိက) | 7 |
| | | ဆိုလာမီးအိမ် | 8 |
| | | အိမ်သုံးဆိုလာစနစ် | 9 |
| | | အခြား | 10 |
| *s4q6* | လွန်ခဲ့တဲ့ ၁၂ လအတွင်း အိမ်ထောင်စုတွင် ချက်ပြုတ်ရန် အဓိကဘာလောင်စာကို သုံးခဲ့ပါသလဲ။ | လျှပ်စစ် | 1 |
| | | ဓာတ်ငွေ့ | 2 |
| | | ရေနံဆီမီး | 3 |
| | | ဘိုင်အိုဂတ်စ် | 4 |
| | | သစ်သား/ထင်း | 5 |
| | | မီးသွေး | 6 |
| | | လောင်စာတောင့် | 7 |
| | | ကျောက်မီးသွေး | 8 |
| | | ကောက်ရိုး/မြက်ခြောက်/စပါးခွံ/လွှစာ | 9 |
| | | အခြား | 10 |
| *s4q7* | လွန်ခဲ့တဲ့ ၁၂ လအတွင်း အစ်ကို/အစ်မ (သို့) အစ်ကို/အစ်မရဲ့ အိမ်ထောင်စုအနေနဲ့ လုံခြုံတဲ့ အမိုးအကာ**မရှိ**တဲ့ အိမ်မှာ နေရခြင်းမျိုး ဘယ်လောက်ကြုံတွေ့ခဲ့ရသလဲ။ (အဖြေများကို ဖတ်ပြပါ။) | မကြာခဏ | 1 |
| | | တစ်ခါတလေ | 2 |
| | | ကြုံတောင့်ကြုံခဲ | 3 |
| | | တစ်ခါမှ မကြုံဖူးပါ | 4 |
| *s4q8* | အစ်ကို/အစ်မရဲ့ အိမ်မှာ အိပ်ခန်း၊ ဧည့်ခန်းများ အပါအဝင် အခန်းဘယ်နှစ်ခန်း ရှိပါသလဲ။ (အိမ်သာ၊ မီးဖိုချောင်၊ ဝရန်တာ၊ စင်္ကြံလမ်းများ၊ လုပ်ငန်းအတွက် သီးသန့်သုံးတဲ့ အခန်းများ ထည့်မတွက်ပါနှင့်။) | | |
| *s4q9* | အစ်မ/အစ်မ နေထိုင်တာက (ဖတ်ပြပါ) | စီမံကိန်းချ အိမ်ရာ (မြို့ပြ) | 1 |
| | | စီမံကိန်းချထားခြင်း မဟုတ်သော အိမ်ရာ (မြို့ပြ) | 2 |
| | | ပျံ့ကျဲရပ်ကွက် | 3 |
| | | အခြား (ချရေးပါ) | 4 |
| **Section 5: အလုပ်အကိုင်နှင့် အိမ်ထောင်စု စီးပွားရေးများ** | | | |
| *s5q1* | လွန်ခဲ့သော ၁၂ လအတွင်း အစ်ကို/အစ်မက လုပ်ခ၊ လစာ၊ ပွဲခ၊ သဒ္ဒါကြေး (သို့) ပုံမှန်လုပ်ခ တစ်စုံတရာဖြင့် အနည်းဆုံး တစ်နာရီခန့် အလုပ်လုပ်ခဲ့ပါသလား။ | အလုပ်လုပ်ခဲ့သည်။ | 1 |
| | | မလုပ်ခဲ့ပါ။ | 2 |
| *s5q2* | အစ်ကို/အစ်မရဲ့ လွန်ခဲ့သော ၁၂ လအတွင်း အလုပ်မလုပ်ခဲ့တဲ့ အဓိက အကြောင်းအရင်းက ဘာလဲ။ | အလုပ်ရှာမရလို့ | 1 |
| | | ကျောင်းတတ်နေရလို့/သင်တန်းတက်နေရလို့/ငယ်သ | 2 |
| | | အငြိမ်းစား/အသက်ကြီး/နာမကျန်း/မသန်စွမ်း | 3 |
| | | အလုပ်လုပ်ဖို့မလို/အလုပ်မလုပ်ချင်လို့ | 4 |
| | | အိမ်အလုပ်တွေ လုပ်နေရလို့ | 5 |
| | | လုပ်အားပေးနေရလို့ | 6 |
| | | အခြား | 7 |
| | | အထည်ချုပ်စက်ရုံတွေပိတ်လို့ | 8 |
| | | အခြား (ချရေးပါ) | 9 |
| *s5q2a* | အစ်ကို/အစ်မက အလုပ်တစ်ခု လိုချင်တယ်ဆိုရင် အဲ့ဒီအလုပ်တစ်ခုခုရဖို့အတွက် အထောက်အကူဖြစ်စေမယ့် အဓိကအရာက ဘာဖြစ်မလဲ။ | အလုပ်မလိုချင်ပါ | 0 |
| | | အခြား (ချရေးပါ) | |
| *s5q3* | အစ်ကို/အစ်မ (သို့) အိမ်ထောင်စုဝင်တစ်ယောက်ယောက်ဟာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုကို ပိုင်ဆိုင်ပါသလား။ (တစ်ဦးတည်းလုပ်နေသောလုပ်ငန်းသည်လည်း အကျုံးဝင်သည်။ ) | ပိုင်ပါသည်။ | 1 |
| | | မပိုင်ပါ။ | 2 |
| *s5q4* | အဲဒီလုပ်ငန်းတွေထဲမှာ အမျိုးသမီးပိုင်တဲ့ လုပ်ငန်း ရှိပါသလား။ | ရှိပါသည်။ | 1 |
| | | မရှိပါ။ | 2 |
| | | အမျိုးသားရော၊ အမျိုးသမီးပါ ပိုင်တယ် | 3 |

| | | | |
|---|---|---|---|
| *s4q2* | နေ့ရာသီတွင် သောက်ရေခပ်ရန်/သယ်ရန်/ဝယ်ရန်အတွက် အချိန်ဘယ်လောက် ကြာပါသလဲ။ (ရေခပ်ရန် သွားရသော အသွားအပြန် ကြာချိန်) (မိနစ်ဖြင့်) (အကယ်၍ ရေအရင်းအမြစ်/ရေခပ်ရန်နေရာက အိမ်အတွင်း/ခြံတွင်းတွင် ရှိပါက "သုည" ရေးပါ။ | | |
| *s4q3* | အဓိကရေအရင်းအမြစ်မှာ ဘယ်လိုအခက်အခဲ ပြဿနာတွေ ရှိပါသလဲ။ (သက်ဆိုင်ရာ ကုဒ်ကို တစ်ခုထက်ပို ဖြည့်နိုင်သည်။) | ရေယူရန် ကြာရှည်စွာ တန်းစီရခြင်း | 1 |
| | | ရေမှာ မသန့်ရှင်းခြင်း | 2 |
| | | တစ်ခါတရံ ရေပြတ်လပ်ခြင်း | 3 |
| | | အခြား | 4 |
| | | *မည်သည့် ပြဿနာမှ မရှိပါ။* | 5 |
| *s4q4* | လွန်ခဲ့တဲ့ ၂ ပတ်အတွင်းမှာ နှစ်ရက်ထက်ကြာအောင် သောက်သုံးရေပြတ်ခြင်းမျိုးကို ကြုံခဲ့ဖူးပါသလား။ | ကြုံဖူးသည်။ | 1 |
| | | မကြုံဖူးပါ။ | 2 |
| *s4q5* | လွန်ခဲ့တဲ့ ၁၂ လ အတွင်း အစ်ကို/အစ်မ အိမ်တွင် အဓိက ဘယ်နည်းလမ်းနဲ့ မီးထွန်းခဲ့သလဲ။ | အစိုးရဓာတ်အားလိုင်း | 1 |
| | | အိမ်နီးနားချင်းနိုင်ငံမှ ဓာတ်အားပေးစနစ် | 2 |
| | | ရပ်ရွာ/ဒေသတွင်း မီးပေးစနစ် | 3 |
| | | ရေနံဆီ | 4 |
| | | ဖယောင်းတိုင် | 5 |
| | | ပြန်လည်အားဖြည့်နိုင်သော ဘတ္တရီစနစ် | 6 |
| | | မီးစက် (ပုဂ္ဂလိက) | 7 |
| | | ဆိုလာမီးအိမ် | 8 |
| | | အိမ်သုံးဆိုလာစနစ် | 9 |
| | | အခြား | 10 |
| *s4q6* | လွန်ခဲ့တဲ့ ၁၂ လအတွင်း အိမ်ထောင်စုတွင် ချက်ပြုတ်ရန် အဓိကဘာလောင်စာကို သုံးခဲ့ပါသလဲ။ | လျှပ်စစ် | 1 |
| | | ဓာတ်ငွေ့ | 2 |
| | | ရေနံဆီမီး | 3 |
| | | ဘိုင်အိုဂတ်စ် | 4 |
| | | သစ်သား/ထင်း | 5 |
| | | မီးသွေး | 6 |
| | | လောင်စာတောင့် | 7 |
| | | ကျောက်မီးသွေး | 8 |
| | | ကောက်ရိုး/မြက်ခြောက်/စပါးခွံ/လွှစာ | 9 |
| | | အခြား | 10 |
| *s4q7* | လွန်ခဲ့တဲ့ ၁၂ လအတွင်း အစ်ကို/အစ်မ (သို့) အစ်ကို/အစ်မရဲ့ အိမ်ထောင်စုအနေနဲ့ လုံခြုံတဲ့ အမိုးအကာ**မရှိ**တဲ့ အိမ်မှာ နေရခြင်းမျိုး ဘယ်လောက်ကြုံတွေ့ခဲ့ရသလဲ။ (အဖြေများကို ဖတ်ပြပါ။) | မကြာခဏ | 1 |
| | | တစ်ခါတလေ | 2 |
| | | ကြုံတောင့်ကြုံခဲ | 3 |
| | | တစ်ခါမှ မကြုံဖူးပါ | 4 |
| *s4q8* | အစ်ကို/အစ်မရဲ့ အိမ်မှာ အိပ်ခန်း၊ ဧည့်ခန်းများ အပါအဝင် အခန်းဘယ်နှစ်ခန်း ရှိပါသလဲ။ (အိမ်သာ၊ မီးဖိုချောင်၊ ဝရန်တာ၊ စင်္ကြန်လမ်းများ၊ လုပ်ငန်းအတွက် သီးသန့်သုံးတဲ့ အခန်းများ ထည့်မတွက်ပါနှင့်။) | | |
| *s4q9* | အစ်မ/အစ်မ နေထိုင်တာက (ဖတ်ပြပါ) | စီမံကိန်းချ အိမ်ရာ (မြို့ပြ) | 1 |
| | | စီမံကိန်းချထားခြင်း မဟုတ်သော အိမ်ရာ (မြို့ပြ) | 2 |
| | | ပျံ့ကျရပ်ကွက် | 3 |
| | | အခြား (ချရေးပါ) | 4 |
| **Section 5: အလုပ်အကိုင်နှင့် အိမ်ထောင်စု စီးပွားရေးများ** | | | |
| *s5q1* | လွန်ခဲ့သော ၁၂ လအတွင်း အစ်ကို/အစ်မက လုပ်ခ၊ လစာ၊ ပွဲခ၊ သဒ္ဒါကြေး (သို့) ပုံမှန်လုပ်ခ တစ်စုံတရာဖြင့် အနည်းဆုံး တစ်နာရီခန့် အလုပ်လုပ်ခဲ့ပါသလား။ | အလုပ်လုပ်ခဲ့သည်။ | 1 |
| | | မလုပ်ခဲ့ပါ။ | 2 |
| *s5q2* | အစ်ကို/အစ်မရဲ့ လွန်ခဲ့သော ၁၂ လအတွင်း အလုပ်မလုပ်ခဲ့တဲ့ အဓိက အကြောင်းအရင်းက ဘာလဲ။ | အလုပ်ရှာမရလို့ | 1 |
| | | ကျောင်းတတ်နေရလို့/သင်တန်းတက်နေရလို့/ငယ်သ | 2 |
| | | အငြိမ်းစား/အသက်ကြီး/နာမကျန်း/မသန်စွမ်း | 3 |
| | | အလုပ်လုပ်ဖို့မလို/အလုပ်မလုပ်ချင်လို့ | 4 |
| | | အိမ်အလုပ်တွေ လုပ်နေရလို့ | 5 |
| | | လုပ်အားပေးနေရလို့ | 6 |
| | | အခြား | 7 |
| | | အထည်ချုပ်စက်ရုံတွေပိတ်လို့ | 8 |
| | | အခြား (ချရေးပါ) | 9 |
| *s5q2a* | အစ်ကို/အစ်မက အလုပ်တစ်ခု လိုချင်တယ်ဆိုရင် အဲ့ဒီအလုပ်တစ်ခုခုရဖို့အတွက် အထောက်အကူဖြစ်စေမယ့် အဓိကအရာက ဘာဖြစ်မလဲ။ | အလုပ်မလိုချင်ပါ | 0 |
| | | အခြား (ချရေးပါ) | |
| *s5q3* | အစ်ကို/အစ်မ (သို့) အိမ်ထောင်စုဝင်တစ်ယောက်ယောက်ဟာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုကို ပိုင်ဆိုင်ပါသလား။ (တစ်ဦးတည်းလုပ်နေသောလုပ်ငန်းသည်လည်း အကျုံးဝင်သည်။) | ပိုင်ပါသည်။ | 1 |
| | | မပိုင်ပါ။ | 2 |
| *s5q4* | အဲဒီလုပ်ငန်းတွေထဲမှာ အမျိုးသမီးပိုင်တဲ့ လုပ်ငန်း ရှိပါသလား။ | ရှိပါသည်။ | 1 |
| | | မရှိပါ။ | 2 |
| | | အမျိုးသားရော၊ အမျိုးသမီးပါ ပိုင်တယ် | 3 |

| | | | |
|---|---|---|---|
| *s6q8* | လွန်ခဲ့တဲ့ ၁၂ လအတွင်းမှာ အစ်ကို/အစ်မရဲ့ အိမ်ထောင်စုဟာ မြန်မာနိုင်ငံပြင်ပမှာရှိတဲ့ သူတစ်ဦးဦးထံမှ ငွေလွှဲ **လက်ခံရရှိခဲ့ဖူးပါသလား။** | ရဖူးပါသည်။ | 1 |
| | | မရဖူးပါ။ | 2 |
| *s6q9* | လက်ရှိမှာ အိမ်ထောင်စုမှာ စုငွေရှိပါသလား။ | ရှိပါသည်။ | 1 |
| | | မရှိပါ။ | 2 |
| *s6q10* | အကြမ်းအားဖြင့် ဝင်ငွေရဲ့ ဘယ်နှစ်ရာခိုင်နှုန်းလောက်ကို စုငွေအဖြစ် ထားပါသလဲ။ | | |
| *s6q11* | အစ်ကို/အစ်မတို့ အိမ်ထောင်စုမှာ မော်တော်ဆိုင်ကယ် ပိုင်ပါသလား။ စက်ကူတာ၊ ဘတ္တရီစက်ဘီး/ဆိုင်ကယ် များပါ ထည့်တွက်ပါ။ | ပိုင်ပါသည်။ | 1 |
| | | မပိုင်ပါ။ | 2 |
| *s6q12* | အစ်ကို/အစ်မရဲ့ အိမ်ထောင်စုဟာ လက်ရှိမှာ ရပ်ရွာတွင်းက ကုန်စုံဆိုင် (သို့) အခြားဈေးဆိုင် တစ်ခုခုမှာ အကြွေးရှိပါသလား။ | ရှိပါသည်။ | 1 |
| | | မရှိပါ။ | 2 |
| *s6q13* | လွန်ခဲ့တဲ့ ၁၂ လအတွင်းမှာ အစ်ကို/အစ်မတို့ အိမ်ထောင်စုပိုင် ရွှေ၊ လက်ဝတ်ရတနာ၊ မော်တော်ဆိုင်ကယ်၊ မွေးမြူရေးတိရစ္ဆာန် စတဲ့ တစ်ခုခုကို ရောင်းချခဲ့ဖူးပါသလား။ | ရောင်းခဲ့သည်။ | 1 |
| | | မရောင်းခဲ့ပါ။ | 2 |
| *s6q14* | လွန်ခဲ့တဲ့ ၁၂ လအတွင်းမှာ အိမ်ထောင်စုဟာ ငွေနဲ့ အခြားအရင်းအမြစ်မရှိတဲ့အတွက်ကြောင့် အစားအစာလျှော့စားရခြင်းမျိုး ရှိခဲ့ဖူးပါသလား။ (အခြားအရင်းအမြစ်ဆိုတာမှာ ခြံထွက်အစားအစာပစ္စည်းတွေ၊ လဲလှယ်လို့ရမယ့် ပစ္စည်းတွေ ရှိတာတွေကို ဆိုလိုပါတယ်။ ) | ရှိပါသည်။ | 1 |
| | | မရှိပါ။ | 2 |
| *s6q15* | လွန်ခဲ့တဲ့ ၁၂ လအတွင်း အိမ်ထောင်စုအတွင်းမှာရှိတဲ့ ကလေး၊ သက်ကြီးရွယ်အိုနဲ့ တခြားလူတွေ (သို့) ဆွေမျိုးနီးစပ်သူတွေကို ပိုပြီးစောင့်ရှောက်ရတာမျိုး ရှိပါသလား။ | ရှိပါတယ် | 1 |
| | | မရှိပါ | 2 |
| *s6q16* | အဲဒီပိုပြီးစောင့်ရှောက်ရတာကို အိမ်ထောင်စုအတွင်း အမျိုးသားနဲ့ အမျိုးသမီး ဘယ်သူက ပိုလုပ်ခဲ့ရသလဲ။ | အမျိုးသား | 1 |
| | | အမျိုးသမီး | 2 |
| *s6q17* | လွန်ခဲ့တဲ့ ၁၂ လအတွင်း  အိမ်ထောင်စုအတွင်းမှာရှိတဲ့ လူတွေ (သို့) ဆွေမျိုးနီးစပ်သူတွေကို ပိုပြီးစောင့်ရှောက်ရတာကြောင့် ဝင်ငွေရှာတာကို ထိခိုက်တာမျိုးရှိသလား။ | ရှိပါတယ် | 1 |
| | | မရှိပါ | 2 |
| *s6q18* | လွန်ခဲ့တဲ့ ၁၂ လအတွင်း မိသားစုကိုစောင့်ရှောက်ရတဲ့ တာဝန်တွေ တိုးလာတာကြောင့် ဖြေဆိုသူအနေနဲ့ ဝင်ငွေရတဲ့အလုပ်တွေကို လုံးဝမလုပ်နိုင်တော့တာမျိုး ရှိသလား။ | ရှိပါတယ် | 1 |
| | | မရှိပါ | 2 |
| **Section 7: တစ်ကိုယ်ရေလုံခြုံမှုနှင့် အမျိုးသမီးအခြေပြု အကြမ်းဖက်မှု  GBV** | | | |
| *s7q1* | လက်ရှိမှာ နေ့ဘက်တွေမှာ **မိမိရပ်ကွက်/ကျေးရွာအတွင်း** သွားလာရတာ လုံခြုံတယ်လို့ ခံစားမိပါသလား။ | ခံစားရပါတယ် | 1 |
| | | မခံစားရပါ | 2 |
| *s7q2* | လက်ရှိမှာ ညဘက်တွေမှာ **မိမိရပ်ကွက်/ကျေးရွာအတွင်း** သွားလာရတာ လုံခြုံတယ်လို့ ခံစားမိပါသလား။ | ခံစားရပါတယ် | 1 |
| | | မခံစားရပါ | 2 |
| *s7q3* | လက်ရှိမှာ နေ့ဘက်တွေမှာ **မိမိရပ်ကွက်/ကျေးရွာပြင်ပနေရာတွေကို** သွားလာရတာ လုံခြုံတယ်လို့ ခံစားမိပါသလား။ | ခံစားရပါတယ် | 1 |
| | | မခံစားရပါ | 2 |
| *s7q4* | လက်ရှိမှာ ညဘက်တွေမှာ **မိမိရပ်ကွက်/ကျေးရွာပြင်ပနေရာတွေကို** သွားလာရတာ လုံခြုံတယ်လို့ ခံစားမိပါသလား။ | ခံစားရပါတယ် | 1 |
| | | မခံစားရပါ | 2 |
| *s7q5* | လွန်ခဲ့တဲ့ ၁၂ လအတွင်းမှာ အိမ်နီးချင်းမိသားစုတစ်စုစုမှာ မိသားစုဝင်အမျိုးသမီးတွေကို သူ့မိသားစုဝင်တစ်ယောက်ယောက်က ဆူပူအကြမ်းဖက်တာမျိုး သတိထားမိလား။ မှတ်ချက် - အိမ်တွင်းဆူပူအကြမ်းဖက်မှုဆိုသည်မှာ အိမ်ထောင်စုဝင်အချင်းချင်းကြား ရိုက်နှက်ခြင်း၊ ပါးရိုက်ခြင်း၊ ထိုးနှက်ခြင်းများ ပါဝင်ပါသည်။ | သတိထားမိတယ် | 1 |
| | | သတိမထားမိပါ | 2 |
| *s7q6* | လွန်ခဲ့တဲ့ ၁၂ လအတွင်း အိမ်တွင်းဆူပူအကြမ်းဖက်ခံရတဲ့အတွက် ကူညီပေးမယ့်သူကို ရှာခဲ့တဲ့ မိန်းကလေး (သို့) အမျိုးသမီးတစ်ယောက်ယောက်ကို တွေ့ဖူးသလား။ | တွေ့ဖူးတယ် | 1 |
| | | မတွေ့ဖူးပါ | 2 |
| *s7q7* | အမျိုးသမီးများကို အကြမ်းဖက်မှုနဲ့ ပတ်သက်ပြီး ပိုမိုသတိပြုမိနိုင်ဖို့အတွက် ပြုလုပ်တဲ့ သင်တန်း သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲများကို ဒီအိမ်ထောင်စုက တစ်ယောက်ယောက်က တက်ဖူးပါသလား။ | တက်ဖူးတယ် | 1 |
| | | မတက်ဖူးပါ | 2 |
| **Section 8:  မြို့နယ်အတွင်း အဓိကလိုအပ်ချက်နှင့် လူမှုသာယာဝပြောမှုဆိုင်ရာ ထင်မြင်ချက်** | | | |
| *s8q1* | လက်ရှိတွင် အိမ်ထောင်စုသည် မည်သည့် မြို့နယ်တွင် နေထိုင်နေပါသလဲ။ | | |
| *s8q2* | အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အင်တာဗျူးပြီးဆုံးကာနီးပါပြီ။ အခုနေထိုင်နေတဲ့ မြို့နယ်အခြေအနေနဲ့ ပတ်သက်ပြီး အစ်ကို /အစ်မရဲ့ အမြင်လေးကို ပြောပြပေးနိုင်ပါသလား။ အခုလက်ရှိ ဒီမြို့နယ်မှာ အဓိက ဘယ်လိုအခက်အခဲ / ပြဿနာတွေ ရှိတယ်လို့ ထင်ပါသလဲ။  (သက်ဆိုင်ရာ ကုဒ်ကို တစ်ခုထက်ပို ဖြည့်နိုင်သည်။ ) | အလုပ်အကိုင်ရှားပါးခြင်း | 1 |
| | | ဘေးကင်းသော သောက်သုံးရေ လက်လှမ်းမီမှု | 2 |
| | | အသုံစ်အကြေးနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | 3 |
| | | လျှပ်စစ်ဓာတ်အား လက်လှမ်းမီမှု | 4 |
| | | ပြည်သူ့သယ်ယူပို့ဆောင်ရေး လက်လှမ်းမီမှု | 5 |
| | | ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှု | 6 |
| | | ပညာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှု | 7 |
| | | ဘဏ်/ဘဏ္ဍာရေး ဝန်ဆောင်မှုများအား လက်လှမ်းမီမှု | 8 |
| | | အခြား (ချရေးပါ) | 9 |
| *s8q3* | ပြီးခဲ့တဲ့ ၇ ရက်အတွင်း အသက် ၅ နှစ်နဲ့အထက် အိမ်ထောင်စုဝင်တစ်ယောက်ယောက်က ဘယ်နေရာရာမှာပဲ သုံးသုံး  Facebook နဲ့ email သုံးတာအပါအဝင် အင်တာနက် သုံးဖူးပါသလား။ | သုံးဖူးတယ် | 1 |
| | | မသုံးဖူးဘူး | 2 |

| | | | |
|---|---|---|---|
| *s8q3a* | ပြီးခဲ့တဲ့ ၇ ရက်အတွင်း အင်တာနက် မသုံးခဲ့ရတဲ့ **အဓိက**အကြောင်းရင်းက ဘာလဲ။ | အင်တာနက်ဖိုး မတတ်နိုင်လို့ | 1 |
| | | ပြီးခဲ့တဲ့ ၇ ရက်က အင်တာနက်လိုင်း မမိခဲ့လို့ | 2 |
| | | အခြား (ချရေးပါ) | 3 |
| *s8q4* | ခြုံပြောရမယ်ဆိုရင် လက်ရှိမှာ အစ်ကို/အစ်မရဲ့ ဘဝအခြေအနေက (အဖြေကို ဖတ်ပြပေးပါ) | အလွန်ကောင်း | 1 |
| | | ကောင်းပါတယ် | 2 |
| | | အတန်အသင့်ပါပဲ | 3 |
| | | မကောင်းပါဘူး | 4 |
| | | လုံးဝမကောင်းပါဘူး | 5 |
| *s8q5* | နောင်လမယ့် ၁၂ လအတွင်း အိမ်ထောင်စုဝင် တစ်ဦးဦးဟာ နိုင်ငံခြားကို ရွှေ့ပြောင်းဖို့ အစီအစဉ် ရှိပါသလား။ | ရှိပါတယ် | 1 |
| | | မရှိပါ | 2 |
| *s8q6* | အစ်ကို/မတို့ အိမ်ထောင်စုရဲ့ အခြေအနေလေးတွေကို ထပ်သိနိုင်ဖို့အတွက် ကျွန်တော်/မတို့အနေနဲ့ နောက်တစ်နှစ်အကြာမှာ ဒီလိုပဲ ဖုန်းဆက်ပြီး ထပ်မေးမြန်းဖြစ်ဦးမယ်ဆိုရင်ရော အစ်ကို/မအနေနဲ့ ပါဝင်ဖြေဆိုပေးဖို့ ဆန္ဒရှိပါသလား။ | ရှိပါတယ် | 1 |
| | | မရှိပါ | 2 |

# ရည်ညွှန်းကိုးကားချက်များ


UNDP (2021). Impact of the Twin Crises on Human Welfare in Myanmar. www.undp.org/publications/impact-twin-crises-human-welfare-myanmar.

UNDP (2019). Myanmar Living Conditions Survey 2017: Report 03, Poverty Report. UNDP, Central Statistical Organization and World Bank Group.

World Bank (2021). Myanmar Economy Expected to Contract by 18 Percent in FY2021: Report. Press Release. www.worldbank.org/en/news/press-release/2021/07/23/myanmar-economy-expected-to-contract-by-18-percent-in-fy2021-report

UNDP (2022). Livelihoods Hanging by a Thread: A Survey of Garments Workers and Firms. www.undp.org/myanmar/publications/livelihoods-hanging-thread-survey-garment-workers-and-firms

World Food Programme (2019). Fill the Nutrient Gap, Myanmar summary report. WFP and Ministry of Health and Sports. https://docs.wfp.org/api/documents/WFP-0000115217/download/

UNDP (2022). FOREX Policy Going Forward: Reflections from Myanmar Development Observatory UNDP. https://data.undp.org/wp-content/uploads/2022/09/Forex-brief_MDO.pdf.

UNDP (2020). Myanmar Living Conditions Survey 2017: Report 04, Socio-Economic Report, page 111. UNDP, Central Statistical Organization and World Bank Group.

UN Women and UNDP. (2022). Regressing Gender Equality in Myanmar: Women living under the pandemic and military rule. https://asiapacific.unwomen.org/en/digital-library/publications/2022/03/regressing-gender-equality-in-myanmar#view.

UN Women (2021). Measuring the shadow pandemic: Violence against women during COVID-19. https://data.unwomen.org/sites/default/files/documents/Publications/Measuring-shadow-pandemic.pdf

Khin Khin Mra (2020). The problem with staying at home: COVID-19 and domestic violence. The Frontier, 24 June 2020. www.frontiermyanmar.net/en/the-problem-with-staying-at-home-covid-19-and-domestic-violence/

Physicians for Human Rights (2022). “Our Health Workers Are Working in Fear”: Targeted violence against Health Care One Year after Myanmar’s Military Coup.

# မှတ်စုများ

၁ UNDP (2021). Impact of the Twin Crises on Human Welfare in Myanmar (ပူးတွဲကျရောက်နေသည့် ကပ်ဘေးနှစ်ခု၏ မြန်မာပြည်သူများ၏ လူနေမှုဘဝအပေါ် အကျိုးသက်ရောက်မှု). www.undp.org/publications/impact- twin-crises-human-welfare-myanmar.

၂ စစ်တမ်း၏ ခေါင်းစဉ်အပြည့်အစုံမှာ လူမှုစီးပွားအခြေအနေ၊ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် လုံခြုံရေးအပေါ် ထားရှိသော သဘောထားခံယူချက်များ စစ်တမ်း (socio-economic situation and attitudes to gender-based violence and security survey) ဖြစ်ပါသည်။

၃ ကမ္ဘာ့တန်ဖိုးများစစ်တမ်းအစီရင်ခံစာ၏ စာမျက်နှာ (၆)

၄ UNDP (2022). Livelihoods Hanging by a Thread: A Survey of Garments Workers and Firms (ပြတ်လုတည်းတည်း ဖြစ်နေသော အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ – အထည်ချုပ်လုပ်သားများနှင့် ကုမ္ပဏီများအား ကောက်ယူခဲ့သည့် စစ်တမ်း). www.undp.org/myanmar/publications/livelihoods-hanging-thread-survey-garment-workers-and-firms

၅ World Food Programme. (2019). Fill the Nutrient Gap, Myanmar summary report (အာဟာရကွာဟချက်အား ဖြည့်ပေးခြင်း – မြန်မာနိုင်ငံဆိုင်ရာ အနှစ်ချုပ်အစီရင်ခံစာ). WFP and Ministry of Health and Sports. https://docs.wfp.org/api/documents/WFP-0000115217/download/

၆ UNDP (2022). FOREX Policy Going Forward: Reflections from Myanmar Development Observatory UNDP (နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ မူဝါဒ မည်သို့ရှေ့ဆက်မည်နည်း – မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုစောင့်ကြည့်လေ့လာရေးဌာန၊ UND ၏ လေ့လာသုံးသပ်ချက်). https://data.undp.org/wp-content/uploads/2022/09/Forex-brief_MDO.pdf.

၇ UNDP (2020). Myanmar Living Conditions Survey 2017: Report 04, Socio-Economic Report, page 111 (မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း၊ ၂၀၁၇၊ အစီရင်ခံစာအမှတ် -၀၄၊ လူမှုစီးပွားဆိုင်ရာ အစီရင်ခံစာ၊ စာမျက်နှာ ၁၁၁). UNDP, Central Statistical Organization and World Bank Group.

၈ UN Women and UNDP (2022). Regressing Gender Equality in Myanmar: Women living under the pandemic and military rule (မြန်မာနိုင်ငံတွင် ဆုတ်ယုတ်ကျဆင်းလာသော ကျားမတန်းတူညီမျှမှုအခြေအနေ – ကမ္ဘာ့ကပ်ရောဂါနှင့် စစ်အုပ်ချုပ်ရေးအောက်တွင် နေထိုင်ရသော အမျိုးသမီးများ). https://asiapacific.unwomen.org/en/digital-library/publications/2022/03/regressing-gender-equality-in-myanmar#view

၉ UN Women (2021). Measuring the shadow pandemic: Violence against women during COVID-19 (အသံတိတ် ကပ်ရောဂါအား လေ့လာတိုင်းတာခြင်း – ကိုဗစ်-၁၉ ကပ်ရောဂါအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း). https://data. unwomen.org/sites/

၁၀ Khin Khin Mra (2020). The problem with staying at home: COVID-19 and domestic violence (အိမ်တွင်သာ နေရခြင်းနှင့်စပ်လျဉ်းသည့် ပြဿနာ – ကိုဗစ်-၁၉ နှင့် အိမ်တွင်းအကြမ်းဖက်မှု). The Frontier,24 June 2020. www.frontiermyanmar.net/en/the-problem-with-staying-at-home-covid-19-and-domestic- violence/

၁၁ Physicians for Human Rights. (2022). “Our Health Workers Are Working in Fear”: Targeted violence against Health Care One Year after Myanmar’s Military Coup (“ကျွန်ုပ်တို့၏ ကျန်းမာရေးလုပ်သားများ အကြောက်တရား ဖြင့် အလုပ်လုပ်နေရ” – မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှု တစ်နှစ်ကြာပြီးသည့်နောက် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍအပေါ် ပစ်မှတ်ထား အကြမ်းဖက်မှုများ).

၁၂ အရှေ့တောင်အာရှဒေသတွင် မြန်မာနိုင်ငံသည် ဒီရေတောများ ဆုံးရှုံးမှုနှုန်း အမြင့်မားဆုံး ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ် ဒီရေတောများ၏ ၂.၂ ရာခိုင်နှုန်း ဆုံးရှုံးလျက်ရှိသည်ဟု ခန့်မှန်းပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ မြို့နယ်တစ်မြို့နယ်ဖြစ်သော ဘိုကလေးမြို့သည် မီးသွေးထုတ်လုပ်မှုအတွက် လူသိများပါသည်။ ထိုဒေသတွင် ဒီရေတောများ မရှိတော့သလောက် နည်းပါးသွားသောအခါ မီးသွေးထုတ်လုပ်မှုသည် တနင်္သာရီဒေသသို့ ကူးပြောင်းရောက်ရှိသွားပါသည်။

**ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်**
အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊
ရန်ကုန် ၁၁၂၁၁၊ မြန်မာ၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖုန်း – +၉၅(၁) ၅၄၂၉၁၀ မှ ၁၉ အထိ
ဖက်စ် – +၉၅ (၁) ၅၄၄ ၅၃၁
အီးမေးလ် – registry.mm@undp.org
www.mm.undp.org
UNDP Myanmar
UNDP_Myanmar